# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၀၉၄)




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ကြီးမှူး၍ သာသနာတော်နှစ် ၂၅၆၁ ခုနှစ် ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

# ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာနှင့် ပင့်သံဃာတော် အပါး ၁၈၀၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ကြီးမှူး၍ သာသနာတော်နှစ် ၂၅၆၁ ခုနှစ် ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာနှင့် ပင့်သံဃာတော်အပါး ၁၈၀၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း မင်္ဂလာအခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ကျင်းပသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ပတ္တမြားဗိမာန်တော်နေရာ၌ နံနက် ၆ နာရီခွဲတွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မင်္ဂလာမုခ်ဦးတော်ကြီးကို ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တကုဏ္ဍိဗလ၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာသန်းမြင့်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုး ကူညီအားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာသမားများနှင့်မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့်သုံးစွဲသူမိဘပြည်သူများ၊ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး ၂၀၁၈ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွား ဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခု

အရင်းအနှီးစုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့က နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါကြောင်း သုတေသီများစွာတို့က လက်ခံထားကြသည်။ အရင်းအနှီးဟုဆိုရာတွင် ရုပ်ဝတ္ထုအရင်းအနှီး၊ ငွေကြေးအရင်းအနှီးတို့သာမက လူသားအရင်းအနှီးလည်း ပါဝင်သည်။ နိုင်ငံတစ်နိုင်ငံရှိ လူများ၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်ရေးရာနှင့် သဘောထားအယူအဆများ မြင့်မားသည်နှင့်အမျှ ထိုနိုင်ငံသည် တန်ဖိုးမြင့်မားသော လူသားအရင်းအမြစ်ကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်လာရသည်။ လူသား အရင်းအမြစ်မြင့်မားရေးအတွက် အစွမ်းကုန်ဆောင်ရွက်ပြီး အထိရောက်ဆုံး အသုံးချခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြသည်။ သဘာဝသယံဇာတ မရှိသလောက် နည်းပါးသော နိုင်ငံအချို့တွင် လူသားအရင်းအမြစ်ကို မြှင့်တင်ကာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ထောင်နိုင်ခဲ့ကြသည့် ခေတ်ပြိုင်သာဓကများ မိမိတို့တွေ့မြင်ခဲ့ကြရပြီး ဖြစ်သည်။

မိမိတို့သည် ပထဝီအနေအထားအရ လည်းကောင်း၊ သဘာဝသယံဇာတ ပိုင်ဆိုင်မှုအရ လည်းကောင်း ဘုရားသခင်က မျက်နှာသာပေးခံရသည့်နိုင်ငံ **(God-Favoured Nation)** ဟု ပညာရှင်များက ရှုမြင်ထားကြသည်။ လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း ၇၀ ကာလ၏ အများစုသော ဆယ်စုနှစ်များမှာ ပြည်ပမှ အတတ်ပညာ၊ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုများ စသည်တို့ကို မိမိတို့ကိုယ်တိုင်က ပိတ်ဆို့ဟန့်တားကာ အထီးကျန်နေထိုင်ခဲ့ခြင်းနှင့် ပိတ်ဆို့ဟန့်တား အရေးယူမှုခံရခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသောဘဝသို့ ရောက်ခဲ့ရသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည့် ပညာရေးကဏ္ဍတွင်လည်း မူဝါဒမှားယွင်းမှု၊ ပညာရေးစနစ်မှားယွင်းမှု၊ ပညာရေးဆိုင်ရာ အသုံးစရိတ်၊ သုတေသနအသုံးစရိတ်တို့ နည်းပါးမှု စသည်တို့ကြောင့် လူသားအရင်းအမြစ်နိမ့်ကျမှု ဖြစ်ပေါ်ခဲ့ရသည်။

“ တစ်ချိန်တစ်ခါတုန်းက မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်က အရှေ့တောင်အာရှမှာတင် မဟုတ်ဘူး၊ အာရှတိုက်တစ်ဝန်းမှာဆိုရင် နံပါတ်တစ်ပြေးတာပဲ၊ အခုအဲ့ဒီလိုမဟုတ်ဘဲနဲ့ နံပါတ်နောက်ဆုံးလောက်ကနေ ဖြစ်နေတယ်။ အဲဒါကတော့ ပညာရေးစနစ်မမှန်ကန်ခဲ့လို့၊ အဲ့ဒီတော့ ပြင်ယူရမှာပဲ၊ ဒါပေမယ့် ပညာရေးစနစ်တစ်ခုကို ပြင်တယ်ဆိုတာ နေ့ချင်းညချင်းလို့ မရဘူး”ဟူ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကယားပြည်နယ်ဒေသခံလူငယ်များနှင့် ငြိမ်းချမ်းရေးစကားဝိုင်းတွင် ပြောကြားခဲ့သည်။

ယခုအခါ မိမိတို့နိုင်ငံတွင် ကျောင်းသင်ပညာရေး၊ တက္ကသိုလ်ပညာရေးစနစ်ကို မြှင့်တင်ခြင်းနှင့်အတူ တစ်ဖက်တွင်လည်း အသက်မွေးဝမ်းကျောင်းပညာရေးကိုပါ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာစေရန် အကောင်အထည်ဖော်လျက်ရှိသည်။ ကျောင်းသင်ပညာရေးကို လမ်းဆုံးသည်အထိ ဆက်လက်လျှောက်လှမ်းနိုင်စွမ်း မရှိသူများအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာရေးသို့ ကူးပြောင်းကာ မိမိတို့အနာဂတ်ဘဝအတွက် လိုအပ်သော အတတ်ပညာတစ်ခုကို ရယူနိုင်ကြမည်ဖြစ်သည်။ ကျောင်းသင်ပညာရေးဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းပညာရေးဖြစ်စေ အဓိကအားဖြင့် လိုအပ်ချက်မှာ အမှန်တကယ်သင်ယူ တတ်မြောက်နိုင်စေရေးပင် ဖြစ်သည်။ သင်ယူမှု ပြီးမြောက်လာသူများအနေဖြင့် လုပ်ငန်းခွင်သို့ ဝင်ရောက်လာရာတွင် အခက်အခဲ အထစ်အငေါ့တစ်စုံတစ်ရာမရှိဘဲ အံဝင်ခွင်ကျဖြစ်ဖို့လိုသည်။

ပြုပြင်ပြောင်းလဲလာသည့် ပညာရေးစနစ်နှင့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပညာရေးဝန်ထမ်းများ၏ လိုက်ပါဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ဖြစ်ပေါ်လာသည့် ရလဒ်များကို မျက်ခြည်မပြတ်စစ်ဆေးအကဲဖြတ်ခြင်း၊ သင်ကြားမှု သင်ယူမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ ပညာသင်ယူမှုမပြီးဆုံးမီ ကျောင်းထွက်မှုနှုန်းများ လျှော့နည်းရေးနှင့် သက်မွေးဝမ်းကျောင်းပညာ သင်ယူနိုင်ရန် အခွင့်အလမ်းများ အလွယ်တကူရယူနိုင်ရန် ဖော်ဆောင်ပေးခြင်းတို့ဖြင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်နိုင်ပါစေကြောင်း။ ။

## ပညာရဲရင့် ပွဲလယ်တင့်

## ဒေသစာရီကြွချီမည့်နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့ဦးစေတီမှပင့်ဆောင်



**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ မြို့ဦးစေတီတော်၌ သီတင်းသုံးတော်မူနေသည့် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဗုဒ္ဓပူဇနီယပွဲတော်ရက်အတွင်း ရပ်ကွက်အသီးသီးသို့ ဒေသစာရီကြွချီတော်မူနိုင်ရန် ပင့်ဆောင်သည့် အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက်က မြို့ဦးစေတီရှိ သန္တိသုခဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ဓမ္မာရုံ အကျိုးတော်ဆောင်များ၊ ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မြို့ဦးစေတီဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြပြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ရပ်ကွက်ပေါင်း ၂၇ ရပ်ကွက်မှ ဗုဒ္ဓဘာသာအဖွဲ့များက ပင့်ဆောင်ကြသည်။ **(ဓါတ်ပုံ)**

အဆိုပါ နှစ်ကျိပ်ရှစ်ဆူဘုရားများကို မဏ္ဍပ်ထိုးပူဇော်မှုများ ပြုလုပ်ခြင်း၊ ရပ်ကွက်တွင်း ဒေသစာရီကြွချီအပူဇော်ခံခြင်းများ ပြုလုပ်ပြီး ဇန်နဝါရီ ၅ ရက်တွင် မြို့ဦးစေတီသို့ ပြန်လည်ပို့ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## နေရောင်ပြအင်း ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး ရွှေထီးတော်အထွတ်တင်လှူ ပူဇော်ပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁**

ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ် နေရောင်ပြအင်း၌ တည်ထားကိုးကွယ်လျက်ရှိသော ၁၀၈ တောင် အမြင့်ဆောင်သည့် ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးအား ရွှေထီးတော် အထွတ်တင်လှူပူဇော်ပွဲကို ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီမှစတင်၍ ရွှေထီးတော် အထွတ်တင်လှူပူဇော်ပွဲ ကျင်းပမည်ဖြစ်ပြီး သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ကောင်းမှုကုသိုလ်အစုစုတို့အား ရေစက်သွန်းချအမျှဝေခြင်း၊ မွန်းလွဲပိုင်း၌ သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဆန်စိမ်း လောင်းလှူခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်သည်။ အဆိုပါ စေတီတော်မြတ်ကြီးအား မြန်မာသက္ကရာဇ် ၁၃၄၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီတွင် ပန္နက်ရိုက်ဆောင်ရွက်ခဲ့ပြီး တပေါင်းလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီအတွင် ဘုရားကြီးအုတ်မြစ်ချ တည်ထားခဲ့ကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

## မှူခင်းပညာပေး ပြခန်းယာဉ်ဖြင့် ပြည်မြို့နယ်အတွင်းသို့ လှည့်လည်ပညာပေး

**ပြည် ဇန်နဝါရီ ၁**

ပြည်မြို့နယ်အတွင်း မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ အသိပညာရရှိစေရန် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဒုရဲအုပ်အောင်ဇင်မင်း ဦးစီးသော မှုခင်းပြခန်းယာဉ်သည် ဒီဇင်ဘာ ၃၀ ရက်က ပြည်မြို့ အထက(၁)ကျောင်းရှေ့၊ ခေတ္တရာမြို့သစ် ဂိတ်ကြီးဝင်းရှေ့တို့တွင် ပြသရာ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဇော်ညွှန့်၊ ခေတ္တရဲစခန်းမှူး ရဲအုပ်ဇင်မင်းဦး၊ ယာဉ်ထိန်းရဲ တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့်က ပြခန်းယာဉ်အား လာရောက်ကြည့်ရှု လေ့လာကြသည်။ **(ယာပုံ)**



ထို့အတူ မှုခင်းပညာပေး လက်ကမ်းစာစောင်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လက်ကမ်းစာစောင်များ၊ ကမ္ဘာလှည့် ရဲတပ်ဖွဲ့မှ လက်ကမ်းစာစောင်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့မှ လူကုန်ကူး မခံရစေရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **မြင့်နိုင်(ပြည်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁-၁-၂၀၁၈

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၃ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ . ၂ |
| ထိုင်း | တစ်ဘတ် | ၄၁ . ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ . ၀၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅ . ၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။





ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တဣန္ဒိဗလ၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က မင်္ဂလာမုခ်ဦးတော်ကြီးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံတို့က ဖဲကြိုးဖြတ်ပြီး စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

**တရားတော်များနာယူ**

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ရွှေတိဂုံရင်ပြင်တော် အနောက်မြောက်ထောင့်အရပ်ရှိ အောင်မြေအရပ်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ အမှူးပြုသော ညီ့ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**လှူဖွယ်ဝတ္ထုများ လှူဒါန်း**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် သီတဂူဆရာတော်ကြီး အမှူးပြုသော သံဃာတော်အရှင်သူမြတ် ၄၅ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် အလှူရှင်များက ရွှေထည်၊ ငွေထည်နှင့် အလှူငွေများကို လှူဒါန်းကြသည်။

**သာသနာရေးဆိုင်ရာ လျှောက်ထား**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားသည်။

**တောင်းပန်လျှောက်ထား**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဇေယျာလူမှုထူးချွန်ဆု၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေး စေတမန်ဆုများရှင် ဒေါက်တာဘဒ္ဒန္တဣန္ဒိဗလက အခမ်းအနားနှင့် စပ်လျဉ်းပြီး မပြည့်စုံမှု၊ မှားယွင်းမှုများရှိပါက ခွင့်လွှတ်သည်းခံတော်မူပါရန် ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များအား တောင်းပန်လျှောက်ထားသည်။

**ရေစက်သွန်းချ အမျှပေးဝေ**

ယင်းနောက် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ညီ့ပရိသတ်တို့က အနုမောဒနာတရား နာကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အမှူးပြုသော ထေရ်ကြီး ဝါကြီး သက်တော်ရှည်ဆရာတော်ကြီးများ၊ နိုင်ငံတော်အဆင့် သံဃာ့ဦးသျှောင် ဆရာတော်ကြီးများ ၊ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအသီးသီးမှ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်နှင့် ညီ့ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ သတင်းစဉ်



ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ပင့်သံဃာတော် အပါး ၁၈၀၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ ပြည်ပနိုင်ငံများမှ ဆရာတော်ကြီးများအပါအဝင် သံဃာအပါး ၁၈၀၀၀ တို့က ဥဒါန်းပါဠိတော်လာနည်းအတိုင်း ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းတော်မူကြပြီး မင်္ဂလသုတ်၊ မေတ္တာသုတ် ပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

**နေ့ဆွမ်းဆက်ကပ်**

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်အပါး ၁၈၀၀၀ တို့အား နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ပင့်သံဃာတော် အပါး ၁၈၀၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း မင်္ဂလာအခမ်းအနားကို ရွှေတိဂုံစေတီတော် မုခ်လေးမုခ်တို့ရှိ မင်္ဂလာမဏ္ဍပ်တို့၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက အရှေ့ဘက်မုခ်ရှိ မင်္ဂလာမဏ္ဍပ်သို့ ကြွရောက်တော်မူလာကြသည့် ပင့်သံဃာတော်အပါး ၄၅၀၀ ၊ တောင်ဘက်မုခ်ရှိ မင်္ဂလာမဏ္ဍပ်သို့ ကြွရောက်တော်မူလာကြသည့် ပင့်သံဃာတော် အပါး ၄၅၀၀၊ မြောက်ဘက်မုခ်ရှိ မင်္ဂလာမဏ္ဍပ်သို့ ကြွရောက်တော်မူလာကြသည့် ပင့်သံဃာတော် အပါး ၄၅၀၀ နှင့် အနောက်ဘက်မုခ်ရှိ မင်္ဂလာမဏ္ဍပ်သို့ ကြွရောက်တော်မူလာကြသည့် ပင့်သံဃာတော်အပါး ၄၅၀၀ စုစုပေါင်း ပင့်သံဃာတော် အပါး ၁၈၀၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြသည်။

**သတင်းစဉ်**



ဇန်နဝါရီ ၁ ရက်က ကျင်းပပြုလုပ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာနှင့် သံဃာတော်အပါး ၁၈၀၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားမြင်ကွင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ သတင်းစဉ်

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အလှူငွေပေးအပ်လှူဒါန်းစဉ်။

သတင်းစဉ်

✳ ကျောခံ့မှ

ယင်းနောက် စေတီတော်ကြီး၏ စိန်ဖူးတော်၊ ဆပ်သွားဖူးတော် ရွှေသင်္ကန်း ကပ်လှူပူဇော်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ တာဝန်ရှိသူများက လက်ခံရယူပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးသို့ ရောက်ရှိဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကာ ညောင်ရေတော် မှတ်တမ်းတွင် လက်မှတ်ရေးထိုး၍ ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်း ရွှေသားမျက်နှာကြက်တော် ကပ်လှူရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ တာဝန်ရှိသူများက လက်ခံရယူပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **သတင်းစဉ်**

✳ ကျောခံ့မှ

မဟာအောင်မြေနှင့် အမရပူရနှင့် ရန်ကုန်တွင် ရန်ကုန်စာတိုက်ကြီးနှင့် စာရွေးစာပို့ (ရန်ကုန်)ကို ဗဟိုပြု၍ မော်တော်ဆိုင်ကယ်များဖြင့် ဇုန်အဖွဲ့ငါးဖွဲ့က မြို့နယ်အလိုက် စာတိုက်များသို့ ချောပစ္စည်းများကို ပို့ဆောင်သွားမည်ဖြစ်ပြီး Delivery Monitoring System စနစ်ဖြင့်ပေးပို့သော DEMS Walking, Online Express, Online VPP, Online VPL အမြန်ချော၊ VPP, VPL များအား တိုက်ရိုက်ပေးဝေမည့်နေရာများသို့ တစ်နေ့ နှစ်ကြိမ် ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ပြောင်းလဲလာသောခေတ်နှင့် အညီ ပြည်သူတို့၏ လိုအပ်ချက်ကို ဝန်ဆောင်မှုအသစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး Online မှ မှာယူသုံးစွဲသော ပစ္စည်းများ လျင်မြန်လွယ်ကူစွာ အသုံးပြုနိုင်စေရန်နှင့် မြန်မာ့စာတိုက်လုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဝင်ငွေတိုးတက်ရရှိစေရန် နှစ်သစ်တွင် စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လူတိုင်းအတွက် မြန်မာ့စာတိုက် (Myanmar Post For Everyone) ဟူသော ဆောင်ပုဒ်နှင့်အညီ ယနေ့ပို့ မနက်ဖြန်ရောက်စနစ်ဖြင့် Special Delivery ဖြစ်သည့် အထူးစာဝေလုပ်ငန်းဖြင့် ဝန်ဆောင်မှုသစ်ကို စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

## စာပေမြင့်မှ လူမျိုးတင့်မည်

# ကူမင်း-ရွှေလီရထားလမ်းကြီးဟာ မြန်မာနိုင်ငံဘက်က ကျောက်ဖြူ အထူးစီးပွားရေးဇုန် မန္တလေး၊ ရန်ကုန်မြို့အထိပါ ဆက်သွယ်ဖို့အတွက် ရည်မှန်းထားတာ ဖြစ်ပါတယ်

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး**

**(၁၆) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်သွယ်မှုပြပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ တရုတ်နိုင်ငံ နယ်စပ်မြို့တော်ဖြစ်သည့် ယူနန်ပြည်နယ် ရွှေလီမြို့၌ ကျင်းပခဲ့သည်။ အဆိုပါပြပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံပြည်သူများအချင်းချင်း ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိရေးတို့အတွက် တရုတ်နိုင်ငံဘက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံအတွက် စီးပွားရေး အခွင့်အလမ်း ရလဒ်ကောင်းများကို ရရှိခဲ့သည်။**

အကျိုးရလဒ်ကောင်းများ ရယူဆောင်ကြဉ်းခဲ့သည့် အဆိုပါခရီးစဉ်နှင့် ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး ။ တရုတ်-မြန်မာကုန်စည်ပြပွဲ ကျင်းပရခြင်းရဲ့ရည်ရွယ်ချက်နဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ တရုတ်-မြန်မာ ကုန်စည်ပြပွဲဟာ နှစ်နိုင်ငံနယ်ခြားဒေသ ကုန်စည်ရောင်းဝယ်ဖလှယ်မှု တိုးတက်ရေးကို ရည်ရွယ်ပြီးတော့ ကျင်းပတဲ့ ကုန်စည်ပြပွဲဖြစ်ပါတယ်၊ ဒီကုန်စည်ပြပွဲကို ၂၀၀၁ ခုနှစ်ကနေ စတင်ကျင်းပခဲ့တာ အခုဆိုရင် (၁၆) ကြိမ်ရှိပါပြီ၊ မြန်မာနိုင်ငံက တစ်လှည့်၊ တရုတ်နိုင်ငံဘက်က တစ်လှည့် ကျင်းပတာ ဖြစ်ပါတယ်။

**မေး ။ ရွှေလီမှာ ကျင်းပတဲ့ (၁၆) ကြိမ်မြောက် တရုတ်-မြန်မာ ကုန်စည်ပြပွဲ တက်ရောက်ခဲ့တဲ့ခရီးနဲ့ ဆက်စပ်ပြီး တရုတ်ဘက်က တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်၊ နှစ်ဖက်ဆွေးနွေးမှုတွေကနေတစ်ဆင့် မြန်မာနိုင်ငံအတွက် ဘယ်လိုအကျိုးရလဒ်ကောင်းတွေ ရရှိခဲ့တယ်ဆိုလည်း ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ ။ အဓိကကတော့ ရွှေလီဟာ မြန်မာနိုင်ငံက ပို့ကုန်တွေ အများဆုံးတင်ပို့တဲ့နေရာ ဖြစ်ပါတယ်၊ ရွှေလီမြို့တည်ရှိရာ တယ်ဟုန်ပြည်နယ်ခွဲဟာ မြန်မာနိုင်ငံက သွင်းကုန်အများဆုံးကို တင်သွင်းနေတဲ့ ဒေသဖြစ်ပါတယ်၊ ဒီဒေသမှာ ကုန်စည်ပြပွဲပြုလုပ်ခြင်းအားဖြင့် မြန်မာနိုင်ငံက ထုတ်ကုန်တွေကို ပြသနိုင်ပြီး တရုတ်နိုင်ငံဘက်က ကုန်သည်တွေနဲ့လည်း အရောင်းအဝယ် စာချုပ်တွေ၊ ချုပ်ဆိုနိုင်တယ်၊ နောက်ပြီး ကုန်စည်တွေကို ပိုမိုပြီးတော့ လူသိအောင် ထုတ်ဖော်ပြသနိုင်တဲ့ အခြေအနေ ရှိပါတယ်။

ဒီကုန်စည်ပြပွဲနဲ့ တစ်ဆက်တည်းပဲ ယူနန်ပြည်နယ်က တာဝန်ရှိသူတွေနဲ့ ဆွေးနွေးခဲ့ပါတယ်၊ တရုတ်နိုင်ငံအနေနဲ့တော့ မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးမှာ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံကြီးကို တည်ဆောက်ဖို့အတွက် စိတ်အားထက်သန်မှုရှိတယ်ဆိုတာကို တွေ့ရပါတယ်၊ ဒီလို တည်ဆောက်တဲ့နေရာမှာ ရွှေလီကို အခြေခံပြီးတော့ သူတို့အနေနဲ့ တည်ဆောက်ချင်တဲ့သဘော ရှိပါတယ်။

ဘာကြောင့်လဲဆိုတော့ တရုတ်နိုင်ငံအနေနဲ့ ကူမင်းနဲ့ ရွှေလီမီးရထားလမ်းကို ဖောက်လုပ်လျက်ရှိပါတယ်၊ ဒီရထားလမ်းဟာ နောင်တစ်ချိန်မှာ မြန်မာနိုင်ငံဘက်က ရခိုင်ပြည်နယ် ကျောက်ဖြူ အထူးစီးပွားရေးဇုန်ဘက်ကို ဆက်သွယ်မယ်၊ နောက်ပြီး မန္တလေးမြို့ကနေ ရန်ကုန်မြို့အထိ ဆက်သွယ်ဖို့အတွက်ကို ရည်မှန်းထားတာ ဖြစ်ပါတယ်၊ အထူးသဖြင့် အရှေ့တောင်အာရှမှာ ကူမင်း-စင်ကာပူ ရထားလမ်းဆိုပြီး ဆောင်ရွက်နေတာ ရှိပါတယ်၊ ဒီကူမင်း-စင်ကာပူ ရထားလမ်းဟာ မြန်မာနိုင်ငံကို ဖြတ်သန်းခြင်း မရှိပါဘူး၊ မြန်မာနိုင်ငံအနေနဲ့ ဆက်သွယ်ဖို့ လမ်းကြောင်းရှာဖွေတဲ့ နေရာမှာလည်း ဘဏ္ဍာငွေရရှိမှု အခက်အခဲရှိပါတယ်၊ အခု ကူမင်းနဲ့ ကျောက်ဖြူ ရထားလမ်းကြီးကို တည်ဆောက်နိုင်ခဲ့မယ်ဆိုရင် တရုတ်နိုင်ငံအနေနဲ့လည်း ဥရောပနိုင်ငံတွေနဲ့ရော အာဖရိကနိုင်ငံတွေနဲ့ပါ ဆက်သွယ်မှုတွေ တိုးတက်သွားမှာ ဖြစ်ပါတယ်၊ ဒါနဲ့ တစ်ဆက်တည်းပဲ မြန်မာနိုင်ငံအတွင်းမှာလည်း လမ်းပန်းဆက်သွယ်ရေးတွေက ပိုမိုကောင်းမွန်လာမှာ ဖြစ်ပါတယ်၊ ပြီးတော့ နှစ်နိုင်ငံ ကုန်သွယ်မှုလည်း တိုးတက်လာမှာဖြစ်ပါတယ်။

ဒီတော့ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံကြီးဟာဆိုရင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိကိုယ်တိုင် အဆိုပြုခဲ့တဲ့ Project ဖြစ်ပြီး ဒီ Project က ကူမင်း-စင်ကာပူ ရထားလမ်းလိုပဲ ကြီးမားတဲ့ Project ဖြစ်တယ်ဆိုတာကို တွေ့ရပါတယ်၊ ကုန်စည်ပြပွဲမှာ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုအတွက် ပဒေသာကပွဲ ကျင်းပခဲ့ပါတယ်၊ အထူးသဖြင့် ယူနန်ပြည်နယ် တယ်ဟုန်မှာ မြန်မာနိုင်ငံဘက်မှာလည်းရှိတဲ့ ကချင်လူမျိုးနဲ့ ရှမ်းလူမျိုးအများစု နေထိုင်တဲ့ ဒေသဖြစ်ပါတယ်၊ ဒီကပွဲမှာဆိုရင် တရုတ်ပြည်နယ်ရဲ့ ယဉ်ကျေးမှုတွေရော၊ တရုတ်နိုင်ငံမှာ နေထိုင်ကြတဲ့ ကချင်နဲ့ ရှမ်းလူမျိုးတွေရဲ့ယဉ်ကျေးမှုတွေကိုရော ဖော်ထုတ်ပြသတာကို တွေ့ရတဲ့အပြင် မြန်မာနိုင်ငံဘက်ကလည်း မြန်မာယဉ်ကျေးမှုတွေကို ဖော်ထုတ်ပြသနိုင်ခဲ့ပါတယ်၊ နှစ်နိုင်ငံ ယဉ်ကျေးမှုကိုလည်း ဖလှယ်နိုင်ပြီးတော့မှ နှစ်ဦးနှစ်ဖက် နားလည်သဘောပေါက်မှုကို ပိုမိုဖြစ်ထွန်းစေတယ်ဆိုတာကို တွေ့ရပါတယ်။

ဒီရွှေလီကို ကျွန်တော့်အနေနဲ့ ပထမဆုံးအကြိမ် လာရောက်တာဖြစ်ပါတယ်၊ ရွှေလီမှာ မြန်မာ-တရုတ်ကုန်သွယ်မှုရဲ့ ဝင်ပေါက်တွေရှိပါတယ်၊ ဒီနယ်စပ်ဝင်ပေါက်တွေကို သွားရောက်ပြီးတော့ လေ့လာခဲ့ပါတယ်၊ နယ်စပ်ကုန်သွယ်မှုမှာတွေ့ရှိရတဲ့ အခက်အခဲတွေ၊ ဘယ်လိုဖြေရှင်းရမလဲဆိုတဲ့ နည်းလမ်းတွေ၊ အကြံဉာဏ်ကောင်းတွေ ရရှိခဲ့ပါတယ်၊ တရုတ်-မြန်မာနှစ်နိုင်ငံအနေနဲ့ အဓိကအားဖြင့် အချက်သုံးချက်ကို




ဒုတိယဝန်ကြီး ဦးအောင်ထူး

ပြောကြားခဲ့တာရှိပါတယ်၊ ပထမအချက်ကတော့ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ ထူထောင်ဖို့၊ ဒုတိယတစ်ခုကတော့ နယ်စပ်ဒေသမှာ ပူးတွဲစီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဇုန်တွေ တည်ထောင်ဖို့ ဖြစ်ပါတယ်၊ တတိယအချက်ကတော့ မြန်မာနိုင်ငံဘက်ကနေ ကျွဲ၊ နွားအရှင်တွေကို တရုတ်ဘက်က ဝယ်ယူလိုတယ်၊ အဲ့ဒီလို ဝယ်ယူတဲ့အခါမှာ ပိုးမွှားကင်းစင်ပြီး ပိုမိုအရည်အသွေးမြင့်တဲ့ ကျွဲ၊ နွားတွေ တင်ပို့နိုင်မယ့် အစီအမံတွေကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။

**မေး ။ ကျွဲ၊ နွားတွေကို အရှင်တင်ပို့မှုနဲ့ပတ်သက်ပြီး ဘယ်အချိန်လောက်မှာ တင်ပို့နိုင်မလဲ ဆိုတာရယ်၊ ဘယ်လိုဆောင်ရွက်ပြီး တင်ပို့မလဲဆိုတာရယ်နဲ့ ပတ်သက်ပြီးလည်း ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ ။ အခု ကျွဲ၊ နွားတွေကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်ပို့ခွင့်ပြုပြီးဖြစ်ပါတယ်၊ တင်ပို့မှုတွေကိုလည်း အခုနှစ် ဒီဇင်ဘာလအတွင်းမှာ စတင်ပြီးတော့ တင်ပို့နေတာဖြစ်ပါတယ်၊ အခု တရုတ်နိုင်ငံဘက် အစီအစဉ်ကတော့ မြန်မာနိုင်ငံဘက်က တင်ပို့မယ့် ကျွဲ၊ နွားတွေကို ရောဂါအန္တရာယ်ကင်းရှင်းကြောင်း စစ်ဆေးပြီးတဲ့အခါ သူတို့ဆီမှာ အသားထုတ်လုပ်မှုလုပ်ငန်း၊ စည်သွတ်ဘူးလုပ်ငန်းတွေ လုပ်ဆောင်မယ့် စီမံကိန်းတွေနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။

**မေး ။ တရုတ်နိုင်ငံကနေ မြန်မာနိုင်ငံဘက်ကို မော်တော်ယာဉ် တင်ပို့မယ့်အခြေအနေနဲ့ ပတ်သက်ပြီး ဆွေးနွေးဖြစ်ခဲ့တာတွေရှိရင် ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ ။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကနေ မြန်မာနိုင်ငံကို လယ်ယာသုံး စက်ကိရိယာတွေ၊ ကုန်တင်ကားတွေကို ကုန်းလမ်းခရီးကနေ တင်ပို့လျက်ရှိပါတယ်၊ အခု ယူနန်ပြည်နယ်ဘက်ကနေ မေတ္တာရပ်ခံလာတဲ့ အချက်ကတော့ လူစီးကားတွေကို ကုန်းလမ်းခရီးကနေ တင်သွင်းနိုင်ဖို့အတွက် အဆိုပြုလာတာ ဖြစ်ပါတယ်၊ လက်ရှိမှာတော့ မြန်မာနိုင်ငံအနေနဲ့ ပြည်ပကနေ လူစီးမော်တော်ယာဉ်တွေကို ပင်လယ်ရေကြောင်းကပဲ တင်သွင်းခွင့်ရှိပါတယ်၊ ဒါပေမယ့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်က ကုန်းတွင်းပိတ်နေရာဖြစ်တဲ့အတွက် ရေကြောင်းက တင်သွင်းတင်ပို့မယ်ဆိုရင် ကုန်ကျစရိတ်များလို့ မြန်မာနိုင်ငံကို ကုန်းလမ်းကနေ တင်ပို့ရောင်းချဖို့ အဆိုပြုတာ ဖြစ်ပါတယ်၊ နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံကိုတင်ပို့ရောင်းချရုံတင် မကဘူး၊ မြန်မာနိုင်ငံကို ဖြတ်ကျော်ပြီးတော့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်စတဲ့ နိုင်ငံတွေကိုပါ တင်ပို့ရောင်းချဖို့အတွက် အစီအစဉ်ရှိတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

**မေး ။ နယ်စပ်ဖြတ်ကျော်တင်ပို့မယ်ဆိုတဲ့အပေါ်မှာ မြန်မာနိုင်ငံအနေနဲ့ရော ဘယ်လိုသုံးသပ်လုပ်ဆောင်သွားဖို့ အစီအစဉ်ရှိပါသလဲ။**

ဖြေ ။ လူစီးမော်တော်ယာဉ်တွေကို တစ်ဆင့်ဖြတ်ကျော်ကုန်သွယ်မှုအနေနဲ့ တင်ပို့ရောင်းချခြင်းကိုတော့ မြန်မာနိုင်ငံအနေနဲ့ လက်ခံစဉ်းစားနိုင်ပါတယ်၊ ကုန်းလမ်းကတစ်ဆင့် တရုတ်နိုင်ငံကနေ မြန်မာနိုင်ငံဘက်ကို တင်ပို့ဖို့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ မူဝါဒအပိုင်းကို ပြန်လည်သုံးသပ်ရမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ တွေ့ဆုံမှုမှာ ပြောခဲ့တာကတော့ တရုတ်နိုင်ငံက မော်တော်ယာဉ်တွေကို မြန်မာနိုင်ငံက လက်ခံအောင် ပထမဆုံး အရောင်းပြခန်းတွေလုပ်ပါ၊ တရုတ်နိုင်ငံက လူစီးမော်တော်ယာဉ်တွေကို မြန်မာနိုင်ငံက ကြိုက်နှစ်သက်လာပြီဆိုရင် ကျွန်တော်တို့အနေနဲ့ ကုန်းလမ်းခရီးကနေ တင်ပို့တဲ့ကိစ္စကို လက်ခံစဉ်းစားပါမယ်လို့ ပြောခဲ့ပါတယ်။

**မေး ။ လက်ရှိ မြန်မာပြည်တွင်းက ယာဉ်တွေဟာ ညာမောင်းတွေဖြစ်ပြီး တကယ်လို့ ဘယ်မောင်းကားတွေ တင်သွင်းခဲ့ရင် အဲ့ဒီအပေါ်မှာ ဘယ်လိုပြင်ဆင်မှုတွေ လုပ်သင့်သလဲဆိုတာကို သုံးသပ်ပေးစေချင်ပါတယ်။**

ဖြေ ။ ကျွန်တော်တို့ရဲ့ မော်တော်ယာဉ်တင်သွင်းမှု မူဝါဒက မြန်မာနိုင်ငံရဲ့ မော်တော်ယာဉ်ဥပဒေနဲ့အညီ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံဟာ လက်ယာကပ်မောင်းစနစ်ဖြစ်တဲ့အတွက်ကြောင့် မော်တော်ယာဉ်တွေဟာ ဘယ်ဘက်မှာ ယာဉ်မောင်းလက်ကိုင်ရှိပြီး တပ်ဆင်ထားတဲ့ ဘယ်ဘက်ကနေမောင်းတဲ့ကားတွေဖြစ်ဖို့ လိုပါတယ်၊ ဒါမှ ဘေးအန္တရာယ်ကင်းရှင်းမှာ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံ အနေနဲ့ကတော့ ဂျပန်နိုင်ငံက တစ်ပတ်ရစ်ကားတွေကို တင်သွင်းခဲ့ပါတယ်၊ မြန်မာတွေရဲ့အစွဲမှာတော့ ဂျပန်နိုင်ငံက ကားတွေဟာ ပိုကောင်းတယ်၊ နောက်ဈေးလည်း သက်သာတယ်ဆိုပြီးတော့မှ တင်သွင်းခဲ့တာဖြစ်ပါတယ်၊ အခုမော်တော်ယာဉ် မူဝါဒဟာ ဘယ်မောင်းကားတွေကို မြန်မာနိုင်ငံရဲ့လမ်းစည်းမျဉ်း၊ စည်းကမ်းတွေနဲ့အညီ တင်သွင်းနိုင်ဖို့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ *စာမျက်နှာ ၁၁ သို့*

# တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို



တိုင်းသူပြည်သား လူအများဟာ ဥမကွဲသိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့လူတွေက ဘယ်လိုပဲ တိုက်တိုက်၊ ရှို့ရှို့၊ စစ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

ဗိုလ်ချုပ်အောင်ဆန်း၏ ၁-၁-၁၉၄၇ ရက်နေ့တွင် ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်



ကိုလိုနီခေတ်ဦးကာလ အားမတန်၍ မာန်လျှော့ခဲ့ရသော တော်လှန်အုံကြွမှု။

# သွေးနှင့်ချွေးတို့ ရင်းနှီးခဲ့ရသည့် လွတ်လပ်ရေး

၁၈၈၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့တွင် သီပေါမင်း မိဖုရားနှင့် သမီးတော်၊ အထိန်းတော်တို့အား ရတနာပုံနေပြည်တော်မှ အလွယ်တကူဖမ်းယူကာ အိန္ဒိယနိုင်ငံသို့ ခေါ်ဆောင်သွားခဲ့ပြီးနောက် မြန်မာနိုင်ငံကို ယာယီအားဖြင့် ကာနယ်စလေဒင်၊ လွှတ်တော်ဥက္ကဋ္ဌ အဖြစ် တာဝန်ယူပြီး မြန်မာဝန်ကြီးများပါဝင်သည့် လွှတ်တော်ဖြင့် ဆက်လက်အုပ်ချုပ်ခဲ့သည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ထုတ်ပြန်သည့် အိန္ဒိယဘုရင်ခံချုပ်၏ အမိန့်ပြန်တမ်းအရ မြန်မာဘုရင်အုပ်ချုပ်ခဲ့သည့် နယ်ပယ်များကို ဗြိတိသျှကေရီဘုရင်မကြီး ၏ ပိုင်နက်နယ်ပယ်တစ်ခုအဖြစ် သတ်မှတ်လိုက်ချိန်မှစ၍ ပဒေသရာဇ်စနစ်ချုပ်ငြိမ်းကာ ဗြိတိသျှကိုလိုနီဘဝသို့ ရောက်ရှိသွားခဲ့ သည်။ ၁၈၈၆ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် လွှတ်တော်ကို အပြီးအပိုင်ဖျက်သိမ်းခဲ့သည်။

အချုပ်အခြာအာဏာပိုင် ဘုရင့်နိုင်ငံအဖြစ်မှ တိုင်းတစ်ပါးလက်အောက်ခံ ကိုလိုနီဘဝသို့ ကျရောက်ခဲ့ရလေသည်။ အစအဦးပိုင်း အချိန်များအတွင်း အုံကြွတော်လှန်မှုများ နိုင်ငံဒေသအနှံ့အပြားတွင် ပေါ်ပေါက်ခဲ့ရာ ချင်းတွင်းစီရင်စု ပုံတောင်ပုံညာဒေသကို အခြေခံသည့် ရွှေချိုးဖြူမင်းသား၊ မြင်ကွန်းမင်းသား၏ ညီဝမ်းကွဲတော်သူ ဘုရင်ခံမင်းသား၊ ကြည့်မြင်တိုင်မင်းသား၊ စကြာမင်းသား စသူတို့၏ တွန်းလှန်တိုက်ခိုက်မှုများမှာ ကုန်းဘောင်မင်းဆက်နှင့် ပဒေသရာဇ်စနစ်ကို ပြန်လည်အသက်သွင်းနိုင်ရေးအတွက် တိုက်ပွဲဝင်ကြိုးပမ်းမှုများအဖြစ်လည်းကောင်း၊ သရက်ခရိုင်မှ ဗိုလ်ရွဲ၊ မြင်းခြံခရိုင်မှ ဗိုလ်ချို၊ မြို့လုလင်ဒေသမှ ဗိုလ်မင်းရောင်၊ မင်းဘူးဒေသမှ ဗိုလ်ဥတ္တမ၊ ဗိုလ်ဖျိုင်းကြီး၊ ဗိုလ်ဖျိုင်းလေး၊ ဝဲလောင်ဒေသမှ ဗိုလ်ရာညွန့်၊ ယောနယ်နှင့် စလင်းတို့တွင် ရဟန်းတော် ဦးဥတ္တမစသည့် သူ့ကျွန်မခံလိုသူများ ဦးဆောင်သည့် တော်လှန်တိုက်ခိုက်မှုများ၊ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ မိုးနဲစော်ဘွား စောခွန်ကြည်၊ မိုင်းပွန်စော်ဘွား စောခွန်ဘီ၊ ချင်းတောင်မှ ဗိုလ်တွန်းဇံ၊ ဗိုလ်ဆွန်ပက်၊ ကချင်မှ ဖုန်ကန်ဒူးဝါး၊ ဆမားဒူးဝါး၊ ဆဒုံးဒူးဝါး စသည့် တောင်တန်းဒေသများမှ တိုင်းရင်းသားတော်လှန်ရေး ခေါင်းဆောင်များ ဦးဆောင်သော တော်လှန်တိုက်ခိုက်မှုများ အုံးအုံးကျွက်ကျွက်ပေါ်ပေါက်လာခဲ့သည်။

ကျူးကျော်လာသူ နယ်ချဲ့ကို ဆန့်ကျင်တိုက်ခိုက်မှုများမှာ ဒေသအလိုက် အကွဲကွဲအပြားပြားဖြစ်ခဲ့ပြီး တော်လှန်သူများ အချင်းချင်း ပူးပေါင်းမှု၊ စည်းရုံးမှုများ မပြုလုပ်နိုင်ခဲ့ခြင်း၊ ခေတ်မီလက်နက် နှင့် စစ်ရေးအတတ်ပညာများ ချို့ငဲ့ခြင်း၊ စားရေ ရိက္ခာ ချို့တဲ့ခြင်းစသည့် အခက်အခဲများကို ရေရှည်တွင် ဖြေရှင်းနိုင်ခြင်းမရှိဘဲ တော်လှန်တိုက်ခိုက်မှုများ တဖြည်းဖြည်းနှင့် ပြိုလဲသွားခဲ့ရသည်။ သို့ရာတွင် သူ့ကျွန်မခံလိုသော စိတ်ဓာတ်သည် ခေတ္တခဏမျှသာ အခိုက်အတန့်အားဖြင့် တိမ်မြုပ်ငုပ်လျှိုးသွားခဲ့ခြင်း သာဖြစ်ပြီး ၁၉၂၀ ပြည့်နှစ်ဝန်းကျင်တွင် မြန်မာတစ်မျိုးသားလုံး၏ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်များ ပြန်လည်၍ နိုးကြားတက်ကြွလာခဲ့ခြင်းနှင့်အတူ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ၏ ကျောင်းသားသပိတ်ကြီးပေါ်ထွန်းလာပြီး မြန်မာ့ပြည်သူတစ်ရပ်လုံး၏ ထောက်ခံမှုနှင့်အတူ အမျိုးသားရေးစိတ်ဓာတ်တို့ အခေါင်အထွတ်သို့ ပြန်လည်ရောက်ရှိခဲ့ကာ နောင်တွင် လုံးဝလွတ်လပ်ရေးကို ရယူပေးနိုင်ခဲ့သည့် နိုင်ငံရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိခဲ့သည်။



နယ်ချဲ့လက်တွင်း သက်ဆင်းရသော မျိုးချစ်သူရဲကောင်း ဗိုလ်ချိုနှင့်သားများ

## နှစ် (၇၀) ပြည့်လွတ်လပ်ရေးနေ့ပန်းတိုင်

တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့်
တို့ပြည်ထောင်စုမပြိုကွဲရန်
စိတ်ဓာတ်ရည်သန်။

အချုပ်အခြာအာဏာတည်တံ့အမှန်
ကာကွယ်ပြန်မနေး။

ဒီမိုကရေစီဖက်ဒရယ်ရည်မှန်းချက်
ကြိုးပမ်းလျက်လေး။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်
ပန်းတိုင်ဝင်စို့ တူပျော်ရွှင်
ပူးပေါင်းပါဝင်။

စီးပွားရေးအားနဲ့အဓိကထားမောင်းနှင်
မြှင့်တင်မည် လူမှုဘဝ။

စိတ်ချယုံကြည်
အမျိုးသားရေးဦးတည်မို့
တို့တိုင်းပြည် အနာဂတ်လမ်း
ငြိမ်းချမ်းလှပ။ ။

အောင်မြင့်စိုး(ရေစကြို)



၁၉၂၀ ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်တပ်သားများ ချီတက်လာစဉ်။




## ညီညွတ်စွာပေါင်းစည်းနိုင်ရေးဟာ အလွန်အရေးကြီး

**မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးစု အများအပြားနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မတူကွဲပြားတဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေ၊ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးတို့လည်း ဒွန်တွဲတည်ရှိနေပါတယ်။ မတူကွဲပြားမှုတွေအကြားမှာ လိုက်လျောညီထွေ သဟဇာတဖြစ်ရေးနဲ့ ညီညွတ်စွာပေါင်းစည်းနိုင်ရေးဟာ အလွန်အရေးကြီးပါတယ်။ ဒီလိုပေါင်းစည်းရာမှာ အားလုံးသဘောတူလက်ခံနိုင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်တစ်ရပ်ပေါ်ထွန်းလာဖို့ လိုအပ်နေပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၅-၉-၂၀၁၇ ရက်နေ့ (၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# မြေနီတောင်စေတီတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

လယ်ဝေးမြို့နယ် နေပြည်တော်လေဆိပ်အနီး တည်ထားကိုးကွယ်သော မြေနီတောင် စေတီတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အေလာမြို့ မြို့သစ်ဓမ္မရက္ခိတကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့ အမှူးပြုသော ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အေလာမြို့ မြို့သစ်ဓမ္မရက္ခိတကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလ ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် တာဝန်ရှိသူများက ရတနာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများအား သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အေလာမြို့ ဂိုဏ်းထောက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိဿရထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ အဆင့်ဆင့်အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ ရွှေထီးတော်ဘုံအဆင့်ဆင့်အား မင်္ဂလာရထားပုံဖြင့် စေတီတော်အထွတ်သို့ပင့်ဆောင်တင်လှူပူဇော်ကြသည်။

ထို့နောက် သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေကအနေ ကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ အခမ်းအနား အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ မြေနီတောင် စေတီတော်ကြီးအား ရွှေထီးတော်တင်လှူပူဇော်စဉ်။**
သတင်းစဉ်

# ရုံးအဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် လက်ထောက်အတွင်းဝန် ဦးအောင်စိုးဝင်းနှင့်အတူ ဒီဇင်ဘာ ၃၁ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနနှင့် တိုင်းရင်းသား အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အဆောက်အအုံဆောက်လုပ်သည့် နေရာသို့ ရောက်ရှိခဲ့ရာ ကရင်ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးနှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။



ထို့နောက် ရှင်းလင်းဆောင်ခန်းမတွင် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်သူက အဆောက်အအုံ ဆောက်လုပ်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံ အရည်အသွေးကောင်းမွန်ရေး၊ အချိန်မီ ပြီးစီးအောင်ဆောင်ရွက်ရေး၊ ခွင့်ပြုဘဏ္ဍာငွေနှင့်အညီ အလေအလွင့်မရှိစေအောင် တည်ဆောက်ရေးစသည်တို့နှင့် ပတ်သက်၍ ဆွေးနွေး မှာကြားခဲ့သည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းဒေသကြီး၊ ပြည်နယ် ရုံးအဆောက်အအုံများကို ပေ (၈၀ × ၆၀) အရွယ် သံကူကွန်ကရစ် နှစ်ထပ် အဆောက်အအုံများအဖြစ် ကရင်ပြည်နယ် ဘားအံမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံ ဦးစီးဌာနက တာဝန်ယူ၍ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့တွင် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။ **သတင်းစဉ်**

## မစ္စတာ လီဆန်ဟွာအား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဇန်နဝါရီ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ လီဆန်ဟွာအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ လီဆန်ဟွာကို ၁၉၆၈ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် မွေးဖွားခဲ့ပြီး၊ ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလတွင် ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့ရှိ ကိုရီးယား တက္ကသိုလ်မှ စပိန်ဘာသာနှင့် ဘာသာစကားအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပါသည်။ ၁၉၉၁ ခုနှစ် ဧပြီလတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ကိုလံဘီယာနိုင်ငံရှိ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ သံရုံးတွင် သံမှူးအဖြစ် လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် ရှစ်ဦးမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် လျာထားခြင်းခံရသော မစ္စတာ ဘန်ကီမွန်း၏ လုပ်ငန်းလွှဲပြောင်းရေးအဖွဲ့၊ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လက်ထောက်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မူဝါဒရေးဆွဲရေးဌာန၏ ဒုတိယ ညွှန်ကြားရေးမှူးချုပ် အဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး၏ မူဝါဒရေးရာ အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစတင်၍ မြောက်ကိုရီးယားနျူကလီးယားရေးရာဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သမီးနှစ်ဦး ထွန်းကားပါသည်။

**သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# မြန်မာကျောင်းသား ကျောင်းသူများ၏ မလျှော့သော ဇွဲလုံ့လနှင့် စုပေါင်းညီညွတ်မှု စွမ်းပကားကြောင့် အမေရိကန်နိုင်ငံ၌ကျင်းပသော စက်ရုပ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၆)၊ အာရှအဆင့်(၁) ရပ်တည်နိုင်ခဲ့

## ၂၀၁၆-၁၇ ပညာသင်နှစ် နိုင်ငံတကာအဆင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံမေးမြန်းခြင်း



အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီတွင် ကျင်းပခဲ့သည့် First Global Challenge 2017 Robotics Competition ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာကျောင်းသား ကျောင်းသူများ။

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီတွင် ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် First Global Challenge 2017 Robotics Competition ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၇ နိုင်ငံမှ ပြိုင်ပွဲဝင် အသင်းပေါင်း ၁၆၃ သင်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံက အဆင့် ၆ နေရာတွင် ရပ်တည် နိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အောက်ပါ ထူးချွန်လူငယ် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံမေးမြန်းခဲ့သည် -

- မောင်ဝေယျာအောင် (ရန်ကုန်နည်းပညာတက္ကသိုလ်၊ စတုတ္ထနှစ်)
- မယုဇနဝင်း ( သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်၊ စတုတ္ထနှစ်)
- မောင်ဝေယံထွန်း (GoetheInstitute Thailand)
- မမေပြည့်စုံကျော် ( သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၊ တတိယနှစ်)
- မောင်ဘုန်းသီဟကျော် (ရန်ကုန်နည်းပညာတက္ကသိုလ်၊ စတုတ္ထနှစ်)၊
- မောင်ကျော်ဇေဇော် (ILBC )

**မေး။ ။ သွားရောက်ခဲ့တဲ့ နိုင်ငံနဲ့ ပြိုင်ပွဲအကြောင်းကို သိချင်ပါတယ်။**

**မယုဇနဝင်း** ဖြေ။။ ကျွန်မတို့က အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမှာကျင်းပတဲ့ First Global Challenge 2017 Robotics Competition ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်၊ အဲဒီပြိုင်ပွဲမှာ နိုင်ငံပေါင်း ၁၅၇ နိုင်ငံမှာ အသင်း ၁၆၃ သင်း ထွက်ပါတယ်။ ကိုယ့်နိုင်ငံမှာ စက်ရုပ်တွေကို ကိုယ့်ဘာသာ လုပ်လာပြီး ပြိုင်ရတာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ အဆင့် ၆ ရရှိခဲ့တာ ဖြစ်ပါတယ်။

**မေး။ ။ အခုအဖွဲ့မှာ ကျောင်းတွေလည်း မတူကြဘူးဆိုတော့ ဘယ်လိုတွေ စုစည်းဖြစ်တယ်၊ ဘယ်အဖွဲ့အစည်းက ရွေးချယ်ခေါ်ယူတယ် ဆိုတာကိုလည်း ပြောပြပေးပါဦး။**

**မယုဇနဝင်း** ဖြေ။ ။ ကျွန်မတို့ကို ဖန်တီးရာဆိုတဲ့ နည်းပညာကုမ္ပဏီက ဒီပြိုင်ပွဲရှိတယ် ဆိုတဲ့ အကြောင်းကို ကျောင်းတွေဖြစ်တဲ့ YTU ၊ UIT စတဲ့ နည်းပညာတက္ကသိုလ်တွေမှာ ကြေညာတွေ ကပ်တယ်၊ လျှောက်ကြဖို့ လိုက်ပြီးဟောပြောတယ်။ အဲဒါကို လျှောက်လိုက်ပြီး အင်တာဗျူးဖြေရပါတယ်၊ အဲဒီကတစ်ဆင့် ရွေးချယ်ခံရပြီး အခုလို အသင်းတစ်သင်းအဖြစ် စုစည်းဖြစ်ကြတာပါ။

**မေး။ ။ အသင်းတစ်သင်းဖြစ်လာပြီး သွားရောက်ယှဉ်ပြိုင်ဖို့အတွက် ဘယ်လိုတွေ ပြင်ဆင်ခဲ့ရတယ် ဆိုတာကိုလည်း သိချင်ပါတယ်။**



ပြိုင်ပွဲဝင်မည့်စက်ရုပ်အတွက် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

**မောင်ဝေယံထွန်း** ဖြေ။ ။ ကျွန်တော်တို့ကို ဖန်တီးရာ နည်းပညာကုမ္ပဏီက အဆင့်ဆင့်ရွေးချယ်ပြီးတဲ့နောက်မှာ ကျွန်တော်တို့ ခုနစ်ယောက်က အသင်းတစ်သင်းအဖြစ် ပေါင်းသွားကြပါတယ်။ စက်ရုပ် (Robot)ကို စပြီး တည်ဆောက်ဖို့ အချိန်တစ်လခွဲကနေ နှစ်လအထိရတယ်။ ကျွန်တော်တို့ကို စက်ရုပ်ဆောက်ဖို့ (Robot Kits Box) တစ်ခုကို အမေရိကန်ကနေ ပို့ပေးပါတယ်။ စက်ရုပ် မတည်ဆောက်ခင် ပို့လိုက်တဲ့ပစ္စည်းတွေက အသင်းသားတွေအတွက် အသစ်အဆန်း ဖြစ်နေပါတယ်။ ဒီပစ္စည်းတွေနဲ့ ရင်းနှီးလာဖို့ စက်ရုပ်အသေးလေး ပုံစံငယ်တစ်ခု ကျွန်တော်တို့ တည်ဆောက်ရပါတယ်။ သစ်သားဝယ် ဖြတ်တောက်ပြီး တကယ့်ပြိုင်ရမယ့် field မျိုး တည်ဆောက်ခဲ့ကြပါတယ်။ ဒါပေမယ့် ပစ္စည်းတွေက ကျွန်တော်တို့နဲ့စိမ်းနေတဲ့အတွက် အဲဒီပစ္စည်း တစ်ခုချင်းစီအကြောင်းကို ပါလာတဲ့ လမ်းညွှန်စာအုပ် (Guide Book) တွေကတစ်ဆင့်ရော အွန်လိုင်းကနေပါ လေ့လာခဲ့ကြတယ်။ ပုံစံငယ်ကိုလည်း အကြိမ်ကြိမ် စမ်းသပ်ဆောင်ရွက်ကြည့်ခဲ့ကြပြီး တကယ့်စက်ရုပ် တည်ဆောက်ဖို့ ဖြစ်လာခဲ့ကြတာပါ။

**မောင်ဝေယျာအောင်** ဖြေ။။ ကျွန်တော်တို့ အသင်းတစ်ခုဖြစ်လာပြီးတဲ့ နောက်မှာ Hardware သမားနဲ့ Software သမားဆိုပြီး အသင်းကို ခွဲလိုက်ပါတယ်။ ကျွန်တော်က Hardware အပိုင်းမှာ ပါတယ်။ Hardware ဆောက်တဲ့နေရာမှာ ကျွန်တော်တို့စက်ရုပ်ပုံစံငယ်ဆောက်ပြီးသွားပြီ၊ စမ်းသပ်မှုတွေလည်း လုပ်ပြီးသွားပြီ၊ ဂိမ်းဒီဇိုင်းမှာ အကိုက်ညီဆုံး ၊ အထိရောက်ဆုံး ဘယ်လိုဆောက်လို့ရမလဲ ၊ ဘယ်လို ဝင်ပြိုင်ကြမလဲဆိုပြီး Hardware သမားတွေ တိုင်ပင်ကြတယ်။ ဒီဇိုင်းတွေ အမျိုးမျိုးထွက်လာတာကို ဒီဇိုင်းတစ်ခုချင်းစီကို တည်ဆောက်ကြည့်တယ်၊ စမ်းသပ်ကြည့်တယ်။ ဒီဇိုင်းတစ်ခုက အဆင်မပြေရင် နောက်ဒီဇိုင်းတစ်ခုကို ပြောင်း တည်ဆောက်ကြည့်ကြတယ်။ အဲဒီလို ဒီဇိုင်းတစ်ခုစီကို ဆောက်ရင်း၊ ဆောက်ရင်းနဲ့ အခုလို တွေ့နေရတဲ့ အဆင့်ကို ရောက်လာတယ်။ နောက်ဆုံးအဆင့်ရောက်လာတဲ့ ဒီဇိုင်းကိုလည်း ကျွန်တော်တို့ ပြိုင်ပွဲရဲ့စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီအောင် အကြိမ်ကြိမ်စမ်းသပ်ပြီးမှ သွားပြိုင်ခဲ့ကြတာပါ။ စက်ရုပ် (Robot)ကို တည်ဆောက်နေတဲ့ အဆင့်တိုင်းမှာလည်း Software သမားနဲ့ ညှိနှိုင်းပြီးတော့ တစ်ဆင့်ချင်း သွားခဲ့ကြပါတယ်။

**မေး။ ။ Software ပိုင်း တာဝန်ယူမှုအပိုင်းကိုလည်း ရှင်းပြပေးပါဦး။**

**မောင်ဘုန်းသီဟကျော်** ဖြေ။ ။ Hardware ပိုင်း ပြီးသွားတော့ ကျွန်တော်တို့ Software သမားတွေကလည်း Hardware သမားနဲ့ အတူတူတွဲပြီး လုပ်ဆောင်ရပါတယ်။ Software မှာ Java နဲ့ Block Programming ဆိုပြီး နှစ်မျိုးခွဲပေးထားပါတယ်။ ကျွန်တော်တို့ကတော့ Block Programming နဲ့ပဲ ဝင်ပြိုင်ခဲ့ပါတယ်။ အီလက်ထရွန်နစ်ပိုင်းကိုလည်း သေချာပြင်ဆင်ရတယ်။ Hardware မှာ လိုအပ်တဲ့ နေရာတွေကိုလည်း Software က ပြင်ဆင်ရတယ်။ Software မှာ လိုတာတွေကိုလည်း Hardware နဲ့ ညှိပြီး ပြင်ဆင်ခဲ့ပါတယ်။ စက်ရုပ် (Robot) ကို ကျွန်တော်တို့ ဒီမှာ ခဏခဏလေ့ကျင့်တယ်။ ပြီးတော့ ဝါရှင်တန်ဒီစီကို သွားတယ်။ ဟိုရောက်တဲ့အခါမှာ မပြိုင်ခင် ကျွန်တော်တို့ကို လေ့ကျင့်ဖို့ဆိုပြီး နှစ်ရက် အချိန်ပေးပါတယ်။ အဲဒီလို လေ့ကျင့်ချိန်ပြီးမှာ စက်ရုပ် (Robot )နဲ့ ပြန်ပြီး လေ့ကျင့်ကြည့်တဲ့အခါမှာ လိုအပ်တာတွေ ရှိနေတယ်။ Error တွေကို နှစ်ရက်အတွင်းမှာ ပြန်ပြီး ပြင်ဆင်ခဲ့ရတယ်။

**မေး။ ။ ဘယ်လို ယှဉ်ပြိုင်ခဲ့ရတယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။**

**မောင်ကျော်ဇေဇော်** ဖြေ။ ။ အသင်း ၁၆၃ သင်းလုံးကို တူညီတဲ့ စက်ရုပ် (Robot) အစိတ်အပိုင်းလေးတွေ ပေးပါတယ်။ အသင်းတစ်သင်းစီက ကိုယ့်စဉ်းစားပုံ၊ စဉ်းစားနည်းနဲ့ ကိုယ်ကြိုက်သလို ဆက်စပ်ပြီး တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲရောက်တဲ့အခါမှာတော့ ၁၆၃ သင်းစလုံးက ၁၆၃ မျိုး ပုံစံနဲ့ စက်ရုပ်တွေ တည်ဆောက်တာကို တွေ့ရတယ်။ ကျွန်တော်တို့ ပြိုင်ခဲ့ရတာကတော့ ရေကောင်း ရေသန့် ရရှိရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပြိုင်ခဲ့ရတာဖြစ်ပါတယ်။ ရေသန့်နဲ့ ရေဆိုးကို ခွဲခြားတဲ့စနစ်ကို မူတည်ပြီး ဂိမ်းကို တည်ဆောက်ထားတာဖြစ်ပါတယ်။ သူတို့ သတ်မှတ်ထားတာက ရေသန့်ဆိုရင် ဘောလုံးအပြာ သတ်မှတ်ထားပြီး ရေဆိုးဆိုရင် ဘောလုံးလိမ္မော်ဆိုပြီး သတ်မှတ်ပေးထားပါတယ်။ ဘောလုံးအပြာကို သန့်စင်တဲ့ water reserve ထဲကို ထည့်ရမယ်၊ ဘောလုံး လိမ္မော်ကိုပြန်ပြီး ခွဲခြမ်းလုပ်မယ့်စင် သတ်မှတ်ပေးထားတဲ့ laboratory အထဲကို ထည့်ပေးရပါတယ်။ ကျွန်တော်တို့ အဲဒီဂိမ်းအတိုင်း စက်ရုပ်ကို တည်ဆောက်ရပါတယ်။ ကျွန်တော်တို့ စက်ရုပ်က ဘောလုံးအပြာ၊ လိမ္မော်တွေ အကုန်လုံးကို သိမ်းနိုင်ပါတယ်။ သန့်စင်တဲ့ရေရရှိဖို့ အပြာနဲ့လိမ္မော်ဘောလုံးကိုလည်း သပ်သပ်စီ ခွဲနိုင်တယ်။ သူတို့ရဲ့ ပြိုင်ပွဲစည်းကမ်းက ပြိုင်ပွဲပြီးခါနီးအချိန်မှာ ပြိုင်ပွဲတစ်ခုလုံးကို ရေလွှမ်းလိုက်မယ်လို့ ပြောပါတယ်။ အဲဒီလို ရေလွှမ်းတဲ့အချိန်မှာ ကျွန်တော်တို့စက်ရုပ်က မြေပြင်မှာရှိနေလို့ မရပါဘူး။ မြေပြင်မှာ ရှိနေရင် ရေမြုပ်သွားမှာဖြစ်တဲ့အတွက် ဘေးမှာရှိတဲ့ ဘားတန်းမှာ ခိုထားရပါတယ်။ အဲဒါတွေ အကုန် လုပ်နိုင်ရင် ကျွန်တော်တို့ အမှတ်အပြည့်ရပါတယ်။

**မောင်ဘုန်းသီဟကျော်** ဖြေ ။။ ပြိုင်ပွဲကို နှစ်ရက်ပြိုင်ခဲ့ရပါတယ်။ ပထမတစ်ရက်မှာ သုံးပွဲပြိုင်ပါတယ်။ နှစ်ပွဲနိုင်တယ်၊ တစ်ပွဲရှုံးတယ်။ နောက်တစ်ရက်မှာ သုံးပွဲပြိုင်ရတယ်၊ သုံးပွဲနိုင်တယ်။ အမှတ်တွေလည်း အတော်များသွားတယ်၊ အသင်း ၁၆၃ သင်းမှာ အဆင့်၆ နေရာကို ချိတ်နိုင်ခဲ့ပါတယ်။

**မေး။ ။ ပြိုင်ပွဲအတွေ့အကြုံနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါဦး။**

မောင်ကျော်ဇေဇော် ဖြေ ။ ။ တချို့က ဘောလုံးပစ်တာ၊ တချို့က ဘောလုံးသယ်တာ၊ အမျိုးမျိုး တည်ဆောက်ပုံတွေကို ကြည့်ပြီး ကျွန်တော်တို့ ဗဟုသုတရရှိပါတယ်။ တချို့နိုင်ငံတွေက သူတို့ ဘယ်လိုတည်ဆောက်ခဲ့ရတယ်ဆိုတာ ဗီဒီယိုမှတ်တမ်းတွေ၊ စာအုပ်တွေနဲ့ ပြောတဲ့အတွက် ကျွန်တော်တို့ ပိုပြီးတော့ လေ့လာသိရှိခဲ့ရပါတယ်။

*စာမျက်နှာ ၉ သို့*

**“ဒီပြိုင်ပွဲမျိုးကို ပြိုင်ရတဲ့အတွက် ကျောင်းမှာ လေ့လာနေတဲ့ ဘာသာတွေမှာလည်း အကျိုးရှိတယ်၊ ပြိုင်ပွဲရဲ့သတ်မှတ်ချက်ဖြစ်တဲ့ ရေကောင်း၊ ရေသန့်ရရှိမှုဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဒီနိုင်ငံမှာ ဘယ်လိုပြန်ပြီး အသုံးချမယ်ဆိုတာ အတွေ့အကြုံလည်း ရခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ စက်ရုပ်ပြိုင်ပွဲဆိုပြီး ကြောက်ရွံ့ မသွားကြဖို့၊ ပြိုင်ပွဲတွေကို ပါဝင် ယှဉ်ပြိုင်စေချင်ပါတယ်။ ကိုယ်က တစ်ခုခုကို အရည်အချင်းမပြည့်မီသေးလို့ မတတ်မြောက်သေးလို့ ဆိုပြီး တွန့်ဆုတ်မနေဘဲ လေ့လာသင်ယူရင်းနဲ့ပဲ ပြိုင်ပွဲကို ယှဉ်ပြိုင်စေချင်ပါတယ်။ လေ့လာသင်ယူကြပါ”**


*စာမျက်နှာ ၈ မှ*

ပြိုင်ပွဲမှာ စိတ်လှုပ်ရှားစရာကောင်းတာကတော့ ပြိုင်ပွဲမစခင် မိနစ် ၂၀ လောက်အလိုမှာ ဘယ်လို ကစားကွက်တွေထားမယ်၊ ကိုယ့်စက်ရုပ်ကတော့ ဘယ်အပိုင်းတွေမှာ အားသာချက်ရှိတယ်၊ ကိုယ်ရဲ့မဟာမိတ်အသင်းကတော့ ဘယ်လိုအားနည်းချက်တွေ ရှိတယ်ဆိုတာကို ဆွေးနွေးတယ်။ အကောင်းဆုံးပုံစံနဲ့အချင်းချင်း ဖြည့်စွက်ပြီး ပြိုင်ခဲ့တာဖြစ်ပါတယ်။ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ကောင်းတဲ့အတွက် ပြိုင်ပွဲမှာ အမှတ်တွေများပြီး အနိုင်ရခဲ့တာ ဖြစ်ပါတယ်။

**မောင်ကျော်ဇေဇော်** ဖြေ ။ ။ ပြိုင်ပွဲမှာ ခြောက်ပွဲ ပြိုင်ခဲ့ရတယ်။ ကျွန်တော်စက်ရုပ်ကို ကိုယ်တိုင်ထိန်းပြီးတော့ မောင်းခဲ့ရပါတယ်။ မပြိုင်ခင် ဟိုဘက် သုံးသင်း၊ ဒီဘက် သုံးသင်း ကွင်းထဲကိုဆင်းပြီး ငါးမိနစ်လောက်ကို နေရတယ်။ အဲဒီအချိန်မှာ စိတ်တွေ လှုပ်ရှားပြီး လက်တွေကလည်း တုန်နေတယ်၊ ကြာလာတော့ တဖြည်းဖြည်း ပြန်ပြီးအဆင်ပြေလာပါတယ်။ အဲဒီ ရင်တွေခုန်နေတဲ့ အတွေ့အကြုံကတော့ အခုထိ မမေ့နိုင်ပါဘူး။ အခက်အခဲကတော့ အခုမှစပြီး စီစဉ်တဲ့ပွဲမျိုးလည်းဖြစ်လို့ ကျွန်တော်တို့ စက်ရုပ်ကပြိုင်နေရင်းနဲ့ ကြားထဲမှာ Connection ပျောက် ပျောက်သွားပါတယ်။ အဲဒါကို သူတို့ Technical Team က ပြန်ဖြေရှင်းပေးပါတယ်၊ အဲလို Error လေးတွေရှိလို့ တချို့အမှတ်တွေ လျော့ခဲ့ပါတယ်။

**မေး။ ။ ပြိုင်ပွဲမှာ ဘယ်နိုင်ငံတွေက ဆုတွေ ရခဲ့တာလဲ ။**

**မောင်ဝေယံထွန်း** ဖြေ။ ။ ကျွန်တာ်တို့ မြန်မာအသင်းက လေးပွဲကစားပြီးတဲ့ အချိန်မှာ ကမ္ဘာ့အဆင့်တစ်မှာ ရပ်နေတာ။ ကျန်တဲ့နှစ်ပွဲမှာ သူများတွေက ကျွန်တော်တို့ထက် အမှတ်က ပိုကျော်သွားလို့သာ အဆင့် ၆ ရသွားတာ။ ပွဲပြီးသွားတော့ အဆင့်တွေကို ထုတ်လိုက်တဲ့အခါ ကျွန်တော်တို့ မြန်မာအသင်းရဲ့အထက်က အသင်းတွေက အကုန် ဥရောပအသင်းတွေချည်းပဲ။ အဆင့် ၁ ဆိုရင် ဥရောပတိုက်




ပြိုင်ပွဲဝင်စက်ရုပ်နှင့် ပတ်သက်၍ ရှင်းပြနေစဉ်။

တစ်ခုလုံးကို ကိုယ်စားပြုတဲ့ အသင်းက ရတယ်။ ဒုတိယဆိုရင်လည်း ပိုလန်၊ တတိယက အာမေးနီးယား၊ စတုတ္ထဆိုရင် အစ္စရေး၊ ပဉ္စမက စက်မှုအင်အားကြီးနိုင်ငံဖြစ်တဲ့ ဂျာမနီ ။ ကျွန်တော်တို့ မြန်မာက အဆင့် ၆ ၊ အာရှတိုက် တစ်တိုက်လုံးမှာ အဆင့် ၁ နေရာက နေတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ စက်မှုဆိုရင် အင်အားကြီးနိုင်ငံတွေ ဖြစ်တဲ့ တရုတ်၊ စင်ကာပူတို့ဆိုရင်လည်း ကျွန်တော်တို့ အောက်မှာပဲရှိခဲ့တယ်။ ဒါက နောက်ထပ်ပြိုင်မယ့် လူငယ်တွေအတွက် အားတစ်ခုလို့ ကျွန်တော်ထင်တယ်။ ကျွန်တော်တို့က စင်ကာပူ နိုင်ငံလောက် မတိုးတက်ဘူး၊ စက်မှုပညာကို နားမလည်ဘူးလို့ ထင်ရင် မှားနေတယ်လို့ ပြောလို့ရတယ်။

**မေး။ ။ နောက်နှစ်ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်မယ့် ညီငယ်၊ ညီမငယ်တွေကို ပြောချင်တာရှိရင်လည်း ပြောပြပေးပါဦး။**

**မောင်ဝေယံထွန်း** ဖြေ။ ။ နောက်နှစ်မှာ ပြိုင်ပွဲဝင်မယ့် ညီငယ်၊ ညီမငယ်တွေကို ပြောချင်တာက ကျွန်တော်တို့က ပထမဆုံးအကြိမ်ဆိုတော့ အတော့်ကို အသစ်အဆန်းတွေကြုံခဲ့ရတယ်။ ကျွန်တော်တို့ အခုလို အတွေ့အကြုံတွေ ပြန်လည်မျှဝေတာကလည်း နောက်တစ်ကြိမ်သွားပြိုင်မယ့် ညီငယ်၊ ညီမငယ်တွေ အခက်အခဲမရှိစေချင်လို့ပါ။ ဒီအဖွဲ့ကနေလည်း နောက်နှစ်သွားပြိုင်မယ့် အဖွဲ့တွေလည်း ထွက်လာမယ်လို့ မျှော်လင့်ပါတယ်။ အဓိက ပြောချင်တာက ကျွန်တော်တို့ ကျောင်းသားတွေသည် အာဆီယံမှာ နိမ့်ကျတယ်လို့တောင် ခံစားစရာမလိုတော့ပါဘူး။ ကျွန်တော်တို့က အာရှမှာ



ပြိုင်ပွဲဝင် စက်ရုပ်ကို တွေ့ရစဉ်။

နံပါတ်တစ်ရခဲ့တာပါ။ အဲဒီလိုစိတ်ဓာတ်တွေနဲ့ နောင်နှစ်မှာလည်း ကမ္ဘာမှာ မြန်မာ့အလံကိုလွှင့်ပေးဖို့ တောင်းဆိုချင်ပါတယ်။

ကျွန်တော်တို့ဆိုရင် မျက်စိမြင်တယ်၊ နားက ကြားရတယ်၊ အားလုံးအဆင်ပြေတယ်။ အဲဒီလို အခြေအနေမျိုးနဲ့ ကျွန်တော်တို့က သွားပြိုင်ခွင့်ရတာပေါ့။ အဲဒီမှာ ကျွန်တော်တွေ့ခဲ့တာက နိုင်ငံတစ်နိုင်ငံက ညီအစ်ကို နှစ်ယောက်က လာပြိုင်တယ်။ ဒါပေမယ့် နှစ်ယောက်စလုံးက ဆွံ့အ နားမကြားဖြစ်နေတယ်။ သူတို့က အဲဒီလိုစိတ်ဓာတ်နဲ့ လာပြိုင်တာ။ အများနည်းတူ စက်ရုပ်လည်း ဆောက်နိုင်တယ်။ Sign Language နဲ့ပဲ သွားပြီးတော့ စက်ရုပ်ကိုလည်း ဆောက်သွားနိုင်တယ်ဆိုတာ လေးစားဖွယ်ရာတွေ့မြင်ရတယ်။ နောက်ပြီး စစ်ပွဲတွေဖြစ်နေတဲ့ ဆီးရီးယားတို့ အာဖဂန်နစ္စတန်တို့က လာပြိုင်တဲ့သူတွေဆိုရင်လည်း ဆုတွေအများကြီးရကြတယ်။ အဲဒါကြောင့် ကျွန်တော်တို့က အခြေအနေတစ်ခုခုကို အကြောင်းပြမနေဘဲ ငါဒါကို မလုပ်နိုင်ပါဘူးဆိုတဲ့ စိတ်ဓာတ်တွေရှိနေမယ့်အစား သူတို့ကိုကြည့်ပြီး သူတို့ကမှ တကယ့်ကို ပြိုင်ပွဲရဲ့သူရဲကောင်းတွေလို့ ပြောလို့ရပါတယ်။ အဘက်ဘက်က ဖိနှိပ်ခံနေရတဲ့ကြားထဲက သူတို့က ဒီနိုင်ငံကိုလည်း လာတယ်။ ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီးလည်း ပြိုင်ပွဲကို ပြိုင်သွားတယ်ဆိုတော့ ဒါက ဒီပြိုင်ပွဲနဲ့ပတ်သက်ပြီး လေးစားရတဲ့အချက်၊ အတွေ့အကြုံကောင်းတွေပါပဲ။

**မောင်ဝေယျာအောင်** ဖြေ။ ။ ဒီပြိုင်ပွဲရဲ့ အမှတ်တရအနေနဲ့ မတွေ့ဖူးတဲ့သူတွေ၊ မရောက်ဖူးတဲ့ နေရာတွေကို ရောက်ရတယ်။ နောက်အရေးကြီးတာတစ်ခုက Sciences၊ Technology၊ Engineering၊ Mathematics မှာ ဘုံဖြစ်တဲ့ Stem Education က ကျွန်တော်တို့ လူငယ်တွေအတွက် ဘယ်လောက် အရေးပါတယ်ဆိုတာ သိခဲ့ရတယ်။ ကျွန်တော်တို့ ကျောင်းမှာသင်ရတဲ့ Mechanical နဲ့ ဆိုင်တဲ့ ပညာရပ်တွေက ဒီပြိုင်ပွဲမှာ လက်တွေ့အသုံးချနိုင်ခဲ့တယ်၊ အဲဒါကတော့ ဒီပြိုင်ပွဲရဲ့ အမှတ်တရပါပဲ။

**မယုဇနဝင်း** ဖြေ။ ။ အမျိုးသမီးတွေ၊ မိန်းကလေးတွေ က ယောက်ျားလေးတွေနဲ့ယှဉ်ရင် ကိုယ်က မလုပ်နိုင်ဘူးဆိုပြီး အားငယ်တတ်ကြတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်မရှိသလို ဖြစ်တတ်ကြတယ်။ အဲဒီလို အားမငယ်ပါနဲ့။ မိန်းကလေး တွေလည်း ယောက်ျားလေးတွေနဲ့ တန်းတူ ဘယ်နေရာမှာမဆို၊ ဘယ်ကဏ္ဍမှာမဆို ပါဝင်နိုင်ပါတယ်။ အသစ်ဖွံ့ဖြိုးလာတဲ့ နည်းပညာတွေကို သေချာလေ့လာပြီး ဖြစ်ချင်တဲ့စိတ်သာ ရှိမယ်ဆိုရင် အောင်မြင်နိုင်ပါတယ်လို့ ပြောချင်ပါတယ်။

**မေး။ ။ အခုလို အောင်မြင်မှုတွေရရှိခဲ့တာက ကိုယ့်အတွက် ကိုယ့်ကျောင်းအတွက်၊ ကိုယ့်နိုင်ငံအတွက် ဘယ်လို အကျိုးကျေးဇူးတွေ ရလာမယ်လို့ ထင်ပါသလဲ။**

**မမေပြည့်စုံကျော်** ဖြေ။ ။ ပြိုင်ပွဲနဲ့ပတ်သက်ပြီး ရရှိခဲ့တဲ့အကျိုးကျေးဇူးတွေကတော့ အများကြီးပါပဲ။ အခု ကျွန်မတို့ သွားပြိုင်တာ နိုင်ငံပေါင်း ၁၅၇ နိုင်ငံမှာ အသင်းပေါင်း ၁၆၃ သင်းပေါ့။ အသင်းတွေအများကြီးထဲကမှ မြန်မာနိုင်ငံအလံကို အဆင့် ၆ နေရာမှာ လွှင့်နိုင်ခဲ့တဲ့အတွက် အလွန်ကို ဂုဏ်ယူမိပါတယ်။ ဒါက နိုင်ငံအတွက် ဂုဏ်ယူစရာ တစ်ခုပေါ့။ ကိုယ့်ကျောင်းက ကျောင်းသား၊ ကျောင်းသူတွေ အတွက်လည်း အတုယူဖွယ်ရာဖြစ်ပါတယ်။ ဒါကတော့ ကျွန်မ အတွက် ပထမဆုံးအတွေ့အကြုံတစ်ခုပေါ့။ အရင်တုန်းကဆိုရင် ကိုယ့်ကိုယ်ကိုယ် ဒီလိုလုပ်နိုင်မယ်လို့ မယုံကြည်ခဲ့ဘူး။ အခုဆိုရင် ယုံကြည်မှုတွေ အများကြီးရလာခဲ့ပြီ။ နောင်ကိုလည်း ဆက်လက်လုပ်ဆောင်သွားဖို့ အားအင်တွေ ဖြစ်စေပါတယ်။

ပြိုင်ပွဲမှာ အသင်းတွေရဲ့ ၆၀ ရာခိုင်နှုန်းက အမျိုးသမီးတွေနဲ့ ဖွဲ့စည်းထားတာ။ အမျိုးသမီးတွေ ဦးဆောင်တာမျိုးတွေလည်း ရှိပါတယ်။ အာဖဂန်နစ္စတန်အသင်းတွေဆိုရင် အမျိုးသမီး အသင်းတွေပေါ့။ အဲဒါကြောင့် ကျွန်မတို့နိုင်ငံက အမျိုးသမီးတွေကို ကိုယ်လုပ်နိုင်မယ်လို့ ယုံကြည်ပါလို့ ပြောချင်ပါတယ်။

## “မိန်းကလေးတွေက ယောက်ျားလေးတွေနဲ့ ယှဉ်ရင် ကိုယ်ကမလုပ်နိုင်ဘူးဆိုပြီး အားငယ်တတ်ကြတယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက် မရှိသလို ဖြစ်တတ်ကြတယ်၊ အဲဒီလို အားမငယ်ပါနဲ့၊ မိန်းကလေးတွေလည်း ယောက်ျားလေးတွေနဲ့ တန်းတူ ဘယ်နေရာမှာမဆို၊ ဘယ်ကဏ္ဍမှာမဆို ပါဝင်နိုင်ပါတယ်၊ အသစ်ဖွံ့ဖြိုးလာတဲ့ နည်းပညာတွေကို သေချာလေ့လာပြီး ဖြစ်ချင်တဲ့စိတ်သာ ရှိမယ်ဆိုရင် အောင်မြင်နိုင်ပါတယ်”

**မေး။ ။ ပြိုင်ပွဲနဲ့ ပတ်သက်ပြီး အကြံပြုပြောကြားချင်တာရှိရင်လည်း ပြောပြပေးပါဦး။**

**မောင်ကျော်ဇေဇော်** ဖြေ။ ။ ဒီပြိုင်ပွဲကရရှိတဲ့ အတွေ့အကြုံတွေကို ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူတွေ အကုန်လုံးကို ရစေချင်တယ်။ ဒီပြိုင်ပွဲမျိုးကို ပြိုင်ရတဲ့အတွက် ကျောင်းမှာလေ့လာနေတဲ့ ဘာသာတွေမှာလည်း အကျိုးရှိတယ်၊ ပြိုင်ပွဲရဲ့သတ်မှတ်ချက်ဖြစ်တဲ့ ရေကောင်း၊ ရေသန့်ရရှိမှုဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဒီနိုင်ငံမှာ ဘယ်လိုပြန်ပြီး အသုံးချမယ်ဆိုတာအတွေ့အကြုံလည်း ရခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ စက်ရုပ်ပြိုင်ပွဲဆိုပြီး ကြောက်ရွံ့မသွားကြဖို့၊ ပြိုင်ပွဲတွေကို ပါဝင်ယှဉ်ပြိုင်စေချင်ပါတယ်။ ကိုယ်က တစ်ခုခုကို အရည်အချင်းမပြည့်မီသေးလို့ မတတ်မြောက်သေးလို့ ဆိုပြီး တွန့်ဆုတ်မနေဘဲ လေ့လာသင်ယူရင်းနဲ့ပဲ ပြိုင်ပွဲကို ယှဉ်ပြိုင်စေချင်ပါတယ်။ လေ့လာသင်ယူကြပါလို့လည်း ပြောချင်ပါတယ်။

**မေး။ ။ ကျေးဇူးတင်ထိုက်သူတွေ ရှိရင်လည်း ပြောပြပေးပါဦး။**

**မောင်ဝေယံထွန်း** ဖြေ။ ။ ကျွန်တော်တို့ကို ပြိုင်ပွဲအကြောင်းကို စပြီး အသိပေးတယ်၊ စက်ရုပ်တည်ဆောက်ဖို့နေရာနဲ့ ပစ္စည်းတွေကိုလည်း ထောက်ပံ့ပေးတဲ့ ဖန်တီးရာ နည်းပညာကုမ္ပဏီ၊ အမေရိကားကိုသွားဖို့ စရိတ်တွေကို ထောက်ပံ့ပေးတဲ့ Nathan Associate ၊ အမေရိကားကို ရောက်သွားတဲ့အခါ ကျွန်တော်တို့ကို လာရောက်အားပေးနေတဲ့ ကျွန်တော်တို့ မြန်မာလူမျိုးတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ အခုလို သွားရောက်ယှဉ်ပြိုင်ခဲ့တဲ့ အတွေ့အကြုံတွေကို ပြန်လည်မျှဝေခွင့်ပေးတဲ့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ နောက်လူငယ်တွေအနေနဲ့ ကျွန်တော်တို့ရဲ့အတွေ့အကြုံတွေကို သိရှိပြီး စိတ်အားထက်သန်မှုတွေနဲ့ နောက်နှစ် မက္ကဆီကိုမှာသွားပြီး ပြိုင်တဲ့အခါမှာ အခက်အခဲမရှိဖို့ ကျွန်တော်တို့ ဝိုင်းဝန်းပြီး ကူညီပေးချင်ပါတယ်။ ။

**နန္ဒာဝင်း၊ ဝင်းဝင်းမော်**

**ဓာတ်ပုံ - လှမိုး**




ပြိုင်ပွဲဝင် စက်ရုပ် တည်ဆောက်ရန် ဤသို့ ပြင်ဆင်ခဲ့ကြသည်။

# ပုဏ္ဏားကျွန်းမြို့မှ ဦးရာဇ်တော်ဓာတ်စေတီတော် ဓာတ်လှေကားတည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**စစ်တွေ ဇန်နဝါရီ ၁**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့မှ သမိုင်းဝင်စေတီတစ်ဆူဖြစ်သည့် ဦးရာဇ်တော်ဓာတ်စေတီတော်တွင် ဘုရားဖူးလာပြည်သူများ အဆင်ပြေစွာ ဖူးမြော်ကြည်ညိုနိုင်ရန် တည်ဆောက်နေသော ဓာတ်လှေကားမှာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**၈၀ ရာခိုင်နှုန်းလောက် ပြီးစီး**

ဓာတ်လှေကား တည်ဆောက်ရေးကော်မတီ တာဝန်ခံအင်ဂျင်နီယာ



ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးကျော်ဇော

ကိုသိန်းရွှေက “ တည်ဆောက်မှုပိုင်းက ၈၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ၊ ဓာတ်လှေကားတပ်ဆင်တဲ့ အပိုင်းနဲ့ လျှပ်စစ်ပိုင်းကတော့ ဘာမှ မလုပ်ရသေးပါဘူး၊ ဆက်လုပ်ရမယ့်အပိုင်းက ဓာတ်လှေကား လျှောက်လမ်းရယ်၊ ဓာတ်လှေကားစီးမယ့် သူတွေအတွက် နားနေဆောင်ရယ်၊ ဓာတ်လှေကားတပ်မယ့် လုပ်ငန်းရယ် အဲဒါပဲကျန်ပါမယ်၊ ပြီးစီးမှာကတော့ အခုနှစ်မေလပိုင်းလောက်မှာ ပြီးစီးမယ်လို့ ခန့်မှန်းထားပါတယ်” ဟု ပြောသည်။

**ငွေကျပ်သိန်း ၁၈၀၀ ကျော် ကုန်ကျ**

ဦးရာဇ်တော် ဓာတ်စေတီတော်၏ ဓာတ်လှေကား အမျိုးအစားမှာ အောက်ခြေ Mini Bored Pile & Pile Cap၊ ဓာတ်လှေကားအိမ်မှာ R.C.C Concrete၊ လျှောက်လမ်းမှာ သံပေါင် Beam-R.C.C-Slab၊ အမြင့်ပေ ၁၁၅ ပေရှိပြီး လျှောက်လမ်းမှာ အလျားပေ ၂၀၀ နှင့် အနံ ရှစ်ပေရှိကြောင်း သိရသည်။

ဦးရာဇ်တော်ဓာတ် စေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးကျော်ဇော သိန်းက “ဦးရာဇ်တော်ဓာတ်စေတီတော်



ပုဏ္ဏားကျွန်းမြို့ရှိ ဦးရာဇ်တော်ဓာတ်စေတီတော်၏ ဓာတ်လှေကား တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။

ဓာတ်လှေကားကို ဦးရာဇ်တော်ဓာတ်စေတီတော် ဂေါပကအဖွဲ့နဲ့ ရန်ကုန်မှာရှိတဲ့ ပုဏ္ဏားကျွန်းမြို့နယ်သား အင်ဂျင်နီယာအဖွဲ့က ဦးစီးဦးဆောင်ပြုပြီး ဆောက်ဖြစ်တာပါ၊ ရန်ကုန်မှာရှိတဲ့ ပုဏ္ဏားကျွန်းမြို့နယ်သား အင်ဂျင်နီယာအဖွဲ့က ဓာတ်လှေကား ဒီဇိုင်းပိုင်းနဲ့ မြေပြင်စမ်းသပ်တာကအစ သူတို့အဖွဲ့က လုပ်ပါတယ်၊ ကျွန်တော်တို့ ဘုရားဒကာအဖွဲ့တွေကတော့ ရန်ပုံငွေ ရှာဖွေပေးပါတယ်၊ နောက်ပိုင်းမှာ ပုဏ္ဏားကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစီးပြီးတော့ ရန်ပုံငွေရှာဖွေရေးအဖွဲ့နဲ့ပူးပေါင်းပြီး ပုဏ္ဏားကျွန်းမြို့တွင်းနဲ့ မြို့နယ်တွင်းက ကျေးရွာတွေမှာပါ အလှူငွေ ကောက်ခံပါတယ်၊ အလှူခံပြီးတာက စစ်တွေ၊ ရသေ့တောင်၊ ပေါက်တော၊ ကျောက်တော်မြို့နယ်တွေမှာပါ အလှူခံပြီးပါပြီ၊ လက်ရှိ ဓာတ်လှေကား တည်ဆောက်ရာမှာ ငွေကျပ်သိန်း ၁၈၀၀ ကျော် ကုန်ကျထားပြီးပါပြီ၊ ဓာတ်လှေကား အပြီးအစီးကိုတော့ ငွေကျပ်သိန်း ၄၀၀၀ ကျော် ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကလည်း ပုဏ္ဏားကျွန်းမြို့နယ် ဖွံ့ဖြိုးရေးရန်ပုံငွေထဲက ငွေကျပ်သိန်း ၁၅၀၀ ကို ထည့်ဝင်ထားပါတယ်” ဟု ပြောသည်။

**ထည့်သွင်း ကျင်းပ**

အဆိုပါ ဓာတ်လှေကားအား သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများ လွယ်လင့်တကူ တက်ရောက်ဖူးမြော်နိုင်စေရန် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။ ဦးရာဇ်တော်ဓာတ်စေတီတော် ဘုရားပွဲအား ယခုနှစ် မတ် ၂၃ ရက်မှ ၂၆ ရက်အထိ လေးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဘုရားပွဲတွင် ရိုးရာလှေပြိုင်ပွဲများ၊ ရခိုင်ရိုးရာကျင်ပွဲများ၊ ဇာတ်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်(စစ်တွေ-ကိုယ်ပွား)**

# အထူးကုဆရာဝန်ကြီးများဦးဆောင်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့ မောင်တောဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ပြုလုပ်



ပါမောက္ခ ဒေါက်တာအေးအေးကြီး



ပါမောက္ခဒေါက်တာ သန်းသန်းဌေး



တွဲဖက်ပါမောက္ခ
ဒေါက်တာ ညိုမီမေသင်



ဒေါက်တာ ကျော်ခိုင်



ဒေါက်တာ ကျော်မောင်မောင်သိန်း



ဒေါက်တာ ဝဏ္ဏထွန်း

**ရခိုင်ပြည်နယ် မောင်တောမြို့၌ ကျန်းမာရေးစောင့်ရှောက်ကူညီမှုများ ပြုလုပ်ပေးရန်နှင့် ကျန်းမာရေးဗဟုသုများ ဖြန့်ဝေပေးရန်အတွက် ပါမောက္ခဆရာဝန်ကြီးများ ဦးဆောင်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယမန်နေ့က မောင်တောမြို့နယ် ပြည်သူ့ဆေးရုံ၌ ဒေသနေပြည်သူများအား ရောဂါစစ်ဆေးခြင်း၊ လိုအပ်သည့်ဆေးဝါးများ ထောက်ပံ့ခြင်းတို့ကို ပြုလုပ်ကြသည်။**

နယ်လှည့်ဆေးကုသရေး၌ လိုက်ပါကူညီ ဆေးဝါးကုသပေးကြသည့် ဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရောဂါဝေဒနာများ လာရောက်ကုသမှု ခံယူကြသည့် ဒေသခံများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ရာ-

**ပါမောက္ခဒေါက်တာ အေးအေးကြီး**
**သွေးရောဂါအထူးကုဆရာဝန်ကြီး**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ကနေပြီး နှစ်သစ်ကူး ရုံးပိတ်ရက်မှာ နားရက်မယူဘဲ ပြည်သူလူထုအတွက် ကျန်းမာရေးကုသမှုပေးဖို့ ဒုတိယအကြိမ် လာရောက် ရခြင်းဖြစ်ပါတယ်၊ ဆေးဝါးကအစ ခရီးစရိတ်အဆုံး ဆရာဝန်တွေရဲ့ ပူးပေါင်းကူညီမှုနဲ့ လာတာပါ၊ အစိုးရဆရာဝန်တွေပါသလို GP ဆရာဝန်တွေလည်း ပါပါတယ်၊ အဓိကက ပြည်သူတွေကို ပညာပေးချင်တာလည်း ပါပါတယ်၊ သွေးတိုးရောဂါတွေအပြင် သွေးနဲ့ပတ်သက်တဲ့ ရောဂါတွေလည်း ရှာဖွေပေးသွားမှာ ဖြစ်ပါတယ်၊ ဒီဒေသဘက်တွေက ကွမ်းစားကြတော့ ကွမ်းစားလို့ဖြစ်တဲ့ ကင်ဆာတွေ၊ ဆေးလိပ်၊ အရက်ကြောင့်ဖြစ်တဲ့ ကင်ဆာတွေ မဖြစ်ပွားအောင် ဆရာဝန်အသင်းအနေနဲ့ရော ကင်ဆာဖောင်ဒေးရှင်းက လက်ကမ်းလိုက်တဲ့ စာစောင်တွေကို ဖြန့်ဝေပေးသွားမှာပါ၊ နောက်ပြီး အစားအသောက်၊ ဆေးဝါးနဲ့ စောင်တွေကိုလည်း ဒုက္ခရောက်နေတဲ့ ပြည်သူတွေကို ပေးဖို့စီစဉ်ထားပါတယ်။

**ပါမောက္ခဒေါက်တာ သန်းသန်းဌေး**
**အရိုး အကြော အဆစ်အထူးကုဆရာဝန်ကြီး**
**ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး**

ဆေးဝါးကုသဖို့ မောင်တောကို လာတဲ့အခါမှာ ကျွန်မနဲ့အတူ အထူးကုဆရာဝန်ကြီးတွေ အများကြီး ပါလာပါတယ်၊ ဒေသခံဆရာဝန်တွေရော တစ်တပ်တစ်အား ပါဝင်ကြတဲ့အတွက် ဒေသမှာ လိုအပ်နေတဲ့အချိန် လိုအပ်တဲ့ အကူအညီကို တတ်စွမ်းသမျှ သက်ဆိုင်ရာ ဘာသာရပ် အသီးသီးက ဆရာဝန်တွေက သေချာစမ်းသပ် ကုသပေးမှာပါ၊ ပြည်သူလူထုကလည်း အခုလို မိုးထဲလေထဲမှာ လာရောက်ပြသကြလို့ ဝမ်းသာပါတယ်၊ ကုသရေးအပိုင်းမှာလည်း အဆင်ပြေပြေဖြစ်ပါတယ်၊ ၂၀၁၇ ရဲ့နောက်ဆုံးရက်မှာ ခုလိုရရှိတဲ့ ကုသိုလ်ဒါနကို ၂၀၁၈ နှစ်သစ်ဆီ ယူဆောင်သွားရတာလည်း တကယ့်အမှတ်တရပီတိပါပဲ။

**တွဲဖက်ပါမောက္ခဒေါက်တာ ညိုမီမေသင်**
**ရောဂါဗေဒဆရာဝန်ကြီး၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်**

များသောအားဖြင့် ဆရာမတို့ ရောဂါဗေဒဌာနက ဆရာဝန်တွေဟာ နယ်လှည့်ဆေးကုသရေးမှာ ပါလေ့မရှိဘူး၊ သွေးရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာအေးအေးကြီးက ရခိုင်ဒေသဘက်မှာ သွေးရောဂါတွေဖြစ်တာ တွေ့ရှိရတယ်၊ လိုက်ပြီး ကူညီဆောင်ရွက်ပေးပါဆိုတာနဲ့ လိုက်ပါခဲ့တာ ဖြစ်ပါတယ်၊ ဒီလိုကူညီနိုင်ဖို့အတွက် သွေးကိုရှာဖွေတဲ့ ကိရိယာစက်ကြီးကို သယ်လာခဲ့ပါတယ်၊ ဆရာမတို့ ကျွမ်းကျင်အဖွဲ့တွေ၊ ဆရာ ဆရာမတွေ၊ ရောဂါဗေဒဆရာဝန် အကူအညီတွေနဲ့ ရောဂါလာရောက် ရှာဖွေပေးကြတာ ဖြစ်ပါတယ်၊ ဆရာမတို့အနေနဲ့ အခုလို အထူးကုသဖို့ နယ်လှည့်ထွက်တာ နှစ်ခါရှိပါပြီ၊ ပထမတစ်ခါက ရေဝတီတိုင်းရေဘေးနဲ့ အခု ရခိုင်ပြည်နယ် ဒီဒေသမှာပါ၊ ပံ့ပိုးပေးဖို့ လိုတယ်ထင်လို့ ရောဂါဗေဒဆရာဝန်တွေကို ခေါ်လာတဲ့အခါမှာ လူနာတွေရဲ့ စစ်ဆေးချက်အဖြေနဲ့ ကုသမှုကို ချက်ချင်း လုပ်ပေးနိုင်တဲ့အတွက် ကျေနပ်မိပါတယ်၊ လူနာတွေကို စစ်ဆေးကြည့်တဲ့အခါမှာ သွေးအားနည်းတဲ့ရောဂါနဲ့ သွေးဖြူဥထဲမှာ အမိုနိုဆိုက်လို့ခေါ်တဲ့ ဟာလေးတွေ များနေတာကို တွေ့ရတယ်၊ ရာသီပြောင်းကြောင့် ဖြစ်တာလို့လည်း ပြောလို့ ရပါတယ်၊ သွေးနီဥရောဂါတို့၊ သွေးဖြူဥကင်ဆာတို့ ဒါမျိုးရောဂါတော့ မတွေ့ရဘူး၊ နောက်ပိုင်း ပစ္စည်းပြည့်ပြည့်စုံစုံနဲ့ ရှိလာရင်တော့ ဒီထက်ပိုပြီး ရောဂါကို ပိုမိုရှာဖွေပေးနိုင်မှာ ဖြစ်ပါတယ်။

**ဒေါက်တာ ကျော်ခိုင်**
**မြန်မာနိုင်ငံဆရာဝန်အသင်း(စစ်တွေ)**

ဒီအဖွဲ့လာမယ်ဆိုတော့ ဆရာကအားလုံး စီစဉ်ပေးရတယ်၊ မဟာဗျူဟာလမ်းလည်း ဖောက်နေတယ်ဆိုတော့ ဒီလမ်းလည်းကြည့်ရင်းနဲ့ ရွာတွေမှာနေထိုင်ကြတဲ့ သူတွေကိုလည်း ဆေးကုသပေးဖို့ လာရတာပါ၊ အခုအဖွဲ့က အရင်ကအဖွဲ့တွေထက် ပါရဂူတွေအများကြီး ပါလာတယ်၊ ဒီဒေသက ကျန်းမာရေးအသိပညာနည်းတဲ့အတွက် အခုလို လာရောက်ကုသပေးခြင်းကနေ ရောဂါဝေဒနာတွေ သက်သာ ပျောက်ကင်းလာတော့ ကျွန်တော်တို့ ကျန်းမာရေးဌာနကို အများကြီးယုံကြည်အားကိုးမှု ဖြစ်စေပါတယ်။

**ဒေါက်တာကျော်မောင်မောင်သိန်း**
**မောင်တောမြို့နယ် ဆေးရုံအုပ်ကြီး**

မြန်မာနိုင်ငံဆရာဝန်အသင်းအနေနဲ့ ဒီဒေသမှာ လာရောက်ကုသပေးတာ နှစ်ကြိမ်ရှိပါပြီ၊ အများကြီး ဝမ်းသာပီတိဖြစ်ရပါတယ်၊ ကျွန်တော်တို့ဆေးရုံမှာ ပါရဂူတွေ မစုံတဲ့အတွက် အခုလို အထူးကုဆရာဝန်ကြီးတွေ မအားလပ်တဲ့ကြားက လာရောက်ကုသပေးမှုကြောင့် ဒီဒေသက ပြည်သူတွေအတွက် အများကြီး အကျိုးရှိစေပါတယ်။

**ဒေါက်တာ ဝဏ္ဏထွန်း**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)**

ရခိုင်ပြည်နယ် ဆေးကုသတဲ့ နှစ်ခေါက်စလုံးမှာ ပါဝင်ခဲ့ပါတယ်၊ ဒီဒေသမှာ အဖြစ်များတာက အထွေထွေရောဂါနဲ့ ကလေးရောဂါတွေ ဖြစ်ပါတယ်၊ အရိုးအကြောအဆစ်ရောဂါလည်း တွေ့ရတယ်၊ သွေးတိုး၊ နှလုံးရောဂါတချို့လည်း တွေ့ရပါတယ်။

**ဒေါ်ညွန့်သိန်းချေ (၅၁ နှစ်)**
**အမှတ်-၄ ရပ်ကွက်**

ကျွန်မက ဒူးနာနေလို့ လာရောက်ပြသတာပါ၊ ဒီမှာ ဆရာဝန်တွေ ရောက်နေလို့ဆိုလို့ ကြားတော့ လာရောက်ပြသတာပါ၊ ဆရာဝန်က ကျွန်မကို ဆောင်ရမှာတွေနဲ့ ရှောင်ရမှာတွေကို ပြောပါတယ်၊ ဆေးမတည့်တာတွေကိုလည်း ပြောလိုက်ပါတယ်၊ ဆေးတွေကိုလည်း ပေးလိုက်ပါတယ်၊ ဒီကိုဆရာဝန်ကြီးတွေ လာရောက်ကုသပေးတော့ ကျွန်မတို့ အလွန်ပျော်ပါတယ်၊ ဒီမှာ တစ်ခါမှ ဒီလိုမျိုး မရှိပါဘူး၊ ငွေတတ်နိုင်တဲ့ လူတွေဆိုရင် ကောင်းတာပေါ့၊ ငွေမတတ်နိုင်တဲ့ လူတွေဆိုရင် အဆင်မပြေပါဘူး၊ ရောဂါကို ကြိတ်မှိတ်ပြီး ခံစားရတာလေ၊ ဆေးသောက် ဆေးထိုးနဲ့ နေရတာပါ။

**မမိုးသူဇာ (၃၆)နှစ်**
**မောင်တော အမှတ်-၄ ရပ်ကွက်**

ကျွန်မက အကြောဖြစ်လို့ လာပြတာပါ၊ အကြောဖြစ်နေတာ နှစ်လ၊ သုံးလလောက်တော့ရှိနေပါပြီ၊ ဆရာဝန်က အခုဆေးသောက်ပြီး မသက်သာရင် ဓာတ်မှန် ရိုက်တာတွေ၊ စစ်ဆေးတာတွေကို လုပ်ဖို့ပြောလိုက်ပါတယ်၊ ဆေးတစ်ပတ်စာ ပေးလိုက်ပါတယ်၊ ဒီနေရာမှာက အထူးကုဆရာဝန်အဖွဲ့တွေက မရှိပါဘူး၊ အထူးဆေး ကုသရေးအဖွဲ့တွေ လာရောက်ကုသပေးလို့ အလွန်ဝမ်းသာပါတယ်၊ အခုလို လာရောက် ကုသပေးလို့ အဆင်ပြေပါတယ်၊ တစ်နှစ်ကို သုံးလေးခါလောက် လာရောက်ကုသပေးရင် ကောင်းမှာပဲ၊ ကျွန်မသမီးလေးလည်း ဖျားနေတာ နှစ်ရက်လောက်ရှိပါပြီ၊ သမီးလေးပါ ပြခဲ့ပါတယ်၊ ကိုယ်အပူချိန်ထပ်ပြီး

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

တက်လာလို့ရှိရင် သွေးလွန်တုပ်ကွေး စစ်ဆေးတာတွေ လုပ်ရဖို့ ပြောလိုက်ပါတယ်၊ အဖျားမတက်ဘူးဆိုရင် လုပ်စရာ မလိုဘူးလို့ ပြောပါတယ်၊ ဆရာဝန်က ဆေးတစ်ပတ်စာ ပေးလိုက်ပါတယ်။

**ဦးဖြူမောင်ချေ (၅၉)နှစ်**
**မြို့မအနောက်ရပ်ကွက်**



ကျွန်တော်က လက်မောင်းနာနေလို့ လာပြတာပါ၊ ဆရာဝန်က ကျွန်တော့်ကို လေ့ကျင့်ခန်းလုပ်ရမယ်လို့ ပြောပါတယ်၊ သောက်ဆေးတွေလည်း ပေးလိုက်ပါတယ်၊ အခုလို ဆရာဝန်ကြီးတွေ လာရောက် ကုသပေးတော့ အဆင်ပြေပါတယ်။

**ဦးအောင်ကထွန်း (၆၄)နှစ်**
**ရပ်ကွက် - ၃**

ကျွန်တော်က ခြေထောက်နာနေလို့ လာပြတာပါ၊ လမ်းလျှောက်ရင် တဆစ်ဆစ် ကိုက်နေပြီး ဟိုနား ဒီနား သွားရင်လည်း နာနေလို့ပါ၊ အခုလိုဖြစ်တာ သုံးရက်လောက်တော့ရှိပါပြီ၊ အခုလို ဆရာဝန်ကြီးတွေ လာရောက်ပြီး ကုသပေးတော့ ကျွန်တော် အတိုင်းမသိ ဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်။

မောင်တောမြို့နယ် အတွင်းရှိ ပြည်သူများအား အထွေထွေရောဂါ၊ သွေးရောဂါ၊ အရိုး အကြော အဆစ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးကျန်းမာ ပညာနှင့် အပူပိုင်းနှင့် ကူးစက်ရောဂါ တို့ကို ပါမောက္ခဆရာဝန်ကြီး လေးဦး၊ အထူးကုဆရာဝန် ခုနစ်ဦး အပါအဝင် ဆရာဝန် ၁၉ တို့က သူနာပြုများ၊ ဆေးဝါး ကျွမ်းကျင်၊ ဓာတ်ခွဲကျွမ်းကျင်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ခဲ့ကြသည်။ အဆိုပါ နယ်လှည့် ဆေးကုသရေးအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက်က ရခိုင်ပြည်နယ် မြောက်ဦးမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသပေးခြင်း၊ သွေးရောဂါအတွက် စစ်ဆေးပေးခြင်းတို့ကို ဒေသနေ ပြည်သူများအား လုပ်ဆောင်ပေးခဲ့ပြီး မြောက်ဦးမြို့ ရှစ်သောင်းဘုရားနှင့် ထုက္ကန့်သိမ်တော်ကြီး တစ်ဝိုက်၌ အမှိုက်ကောက်၊ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇေယျာ၊ မြင့်မောင်၊ ဓာတ်ပုံ-နေဝင်းထွန်း**



# လှော်ကားဓာတ်အားခွဲရုံတွင် ဝန်အားပိုမိုများပြားသည့် ထရန်စဖော်မာ လဲလှယ်ပြီးပါက ရန်ကုန်တိုင်းဒေသကြီးအတွင်း များပြားသည့်ဝန်အားသုံးစွဲမှု အထောက်အကူပြုနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၁

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားဓာတ်အားခွဲရုံတွင် တပ်ဆင်ထားသော ၂၃၀/၆၆/၁၁ ကေဗွီ၊ ၆၀ အမ်ဗွီအေ ထရန်စဖော်မာကို ဝန်အားပိုမိုဖြန့်ဖြူးနိုင်သော ထရန်စဖော်မာဖြင့် အစားထိုးလဲလှယ်ခြင်း** (အပေါ်ပုံ) **နှင့် ထောက်ကြန့်မြို့နယ် CNG အရောင်းဆိုင်နေရာနှင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို သွားရောက်စစ်ဆေးသည်။**

လှော်ကားဓာတ်အားခွဲရုံတွင် လက်ရှိ တပ်ဆင်အသုံးပြုလျက်ရှိသော ၂၃၀/၆၆/၁၁ ကေဗွီ၊ ၆၀ အမ်ဗွီအေ ထရန်စဖော်မာကို နိုင်ငံခြားမှ ရောက်ရှိလာသော ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၂၅ အမ်ဗွီအေဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းများကို ကြည့်ရှုခဲ့သည်။ အဆိုပါ ဝန်အားပိုမို များပြားသော ထရန်စဖော်မာဖြင့် အစားထိုးလဲလှယ်ပြီးပါက ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုးတက်များပြားလာသည့် ဝန်အားသုံးစွဲမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် CNG ကို ၁၉၈၆ ခုနှစ်တွင် CNG အရောင်းဆိုင် သုံးခုဖြင့် စတင်ဖြန့်ဖြူးရောင်းချခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ကမ္ဘာ့ရေနံဈေးနှုန်း အဆမတန် မြင့်တက်လာမှုကြောင့် လောင်စာဆီတင်သွင်းမှု လျှော့ချနိုင်ရန် CNG တိုးမြှင့် ဖြန့်ဖြူးခဲ့ရာ ယနေ့အချိန်တွင် ရန်ကုန်တိုင်းဒေသကြီးတွင် ၄၁ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်ဆိုင်၊ မကွေးတိုင်းဒေသကြီးတွင် သုံးဆိုင် စုစုပေါင်း ၄၆ ဆိုင်တွင် သဘာဝဓာတ်ငွေ့ပမာဏ ၁၈ မှ ၂၀ ကုဗပေသန်းခန့်ဖြင့် မော်တော်ယာဉ် ၂၈၂၉၉ စီးအား ဖြန့်ဖြူးပေးလျက် မော်တော်ယာဉ်များအတွက် အဆင်ပြေချောမွေ့စွာ ဖြည့်ဆည်းရောင်းချနိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးသည်။

ရဲနွယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ချောင်းပေါ်တွင် တည်ဆောက်ထားရှိပြီး ၁၀-၂-၂၀၀၇ ရက်တွင် စတင်လည်ပတ်မောင်းနှင်ခဲ့ပြီး စက်တပ်ဆင်အင်အားမှာ(၂ x ၁၂.၅)(၂၅ မဂ္ဂါဝပ်)ဖြစ်၍ တစ်နှစ် ထုတ်လုပ်နိုင်မှုမှာ ၁၂၃ ကီလိုဝပ် နာရီ သန်းပေါင်းဖြစ်သည်။ လက်ရှိတွင် စက်များ မောင်းနှင်နိုင်မှု အခြေအနေ၊ ပြန်လည်ပြုပြင်ရန် လိုအပ်မှုအခြေအနေတို့အား ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က စစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ၂၀၁၇-၂၀၁၈ နွေစပါးစိုက်ပျိုးရေပေးဝေရန် အစီအစဉ်ကြေညာ

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၇-၂၀၁၈ နွေစပါးစိုက်ပျိုးရန် ဆည်ကန်များအတွင်း ရေသိုလှောင်ထားရှိပြီး ဖြစ်သည်။ နွေစပါးစိုက်ပျိုးရန် ရေပေးဝေနိုင်မည့် ဧရိယာကို ရေသေပမာဏ အငွေ့ပြန်ဆုံးရှုံးမှုပမာဏနှင့် ၂၀၁၈-၂၀၁၉ မိုးစပါးပျိုးထောင်ရေ၊ ဒေသသောက်သုံးရေတို့ကို ချန်လှပ်၍ ၂၆၇၇၅ ဧကကို ရေပေးဝေနိုင်သည်။ မြို့နယ်၊ ခရိုင် စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့များနှင့် ညှိနှိုင်းချက်အရ လည်းကောင်း၊ တောင်သူများ၏ ဆန္ဒအရလည်းကောင်း ၂၀၁၇-၂၀၁၈ နွေစပါးစိုက်ပျိုးရန် ဆည်ကန် တမံ ၄၈ ခုမှ နွေစပါး ဧက ၂၃၉၅၀၀ စိုက်ပျိုးရန် လျာထားပြီးဖြစ်သည်။ နွေစပါးစိုက်ပျိုးရေအတွက် ဆည်ရေကို ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ရေပေးဝေမည်ဖြစ်ပြီး တူးမြောင်းများအလိုက် တာဝန်ယူဆောင်ရွက်မည့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ ဖုန်းနံပါတ်များကို လည်းကောင်း၊ စိုက်ပျိုးရေပေးဝေမည့် မြောင်းများ၏ နေရာအတိအကျကို လည်းကောင်း၊ တူးမြောင်းများတွင် ဆိုင်းဘုတ်များ စိုက်ထူထားရှိပြီးဖြစ်သည်။ နွေစပါး စိုက်ပျိုးမည့် တောင်သူဦးကြီးများအတွက် လိုအပ်သည် များ ကူညီဆောင်ရွက်ပေးနေကြောင်းကိုလည်း ကြေညာထားရှိပြီး ဖြစ်သည်။

နွေစပါးစိုက်ပျိုးရေ စတင်ပေးဝေပြီး အောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် တောင်သူများ၊Water User Group များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကွင်းဆင်းဆောင်ရွက် ထားရှိပြီး ဖြစ်သည်။ သို့ပါ၍ ၂၀၁၇-၂၀၁၈ နွေ စပါးစိုက်ပျိုးရေနှင့် ပတ်သက်၍ လိုအပ်သည်များရှိပါက တာဝန်ခံဝန်ထမ်းများ၏ ဖုန်းနံပါတ်များနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံး မန္တလေးမြို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ရန် အသိပေးထားကြောင်း သိရသည်။ **မြန်မာ့အလင်း**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇန်နဝါရီ ၁**

ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့၌ ၆ ဒီဂရီစင်တီဂရိတ်နှင့် မချမ်းဘောမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ စစ်တွေမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ကျိုင်းတုံမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ မိုင်းယန်းမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ ပင်လောင်းမြို့နှင့် အမ်းမြို့တို့တွင် ၀ ဒသမ ၉၁ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မိုး/ဇလ**



**မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ညွှန်ကြားမှုဖြင့် ဒီဇင်ဘာလ နောက်ဆုံးပတ်က ကျိုက်မရောမြို့နယ် ကျုံဝမ်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှေ့၌ ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲမှ ဒုရဲမှူးထွန်းနိုင်ထွေးနှင့် တရနာရဲကင်းစခန်းမှူး ရဲအုပ်ခင်မောင်ထွေး တို့အဖွဲ့က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေး ဟောပြောဆောင်ရွက်စဉ်။** ၁၃၈

# နှစ်သစ်ဆုတောင်း

**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**



၂၀၁၇ ခုနှစ် ကုန်ဆုံးပြီး ၂၀၁၈ နှစ်သစ်ကို ကြိုဆိုရတော့မှာဖြစ်တယ်၊ အခုလို ကြိုဆိုတဲ့အခါမှာ မျှော်လင့်ချက်တွေဟာ လှပဖို့ လိုလိမ့်မယ်၊ နှစ်သစ်ကို ကြိုဆိုတဲ့အခါမှာ ပြီးခဲ့တဲ့ တစ်နှစ်တာကို ပြန်ပြီးဆန်းစစ်နိုင်ဖို့ လိုအပ်မှာဖြစ်တယ်၊ ဆန်းစစ်တဲ့အခါမှာလည်း ရဲရဲဝံ့ဝံ့ ပြတ်သားဖို့လိုအပ်မှာဖြစ်တယ်၊ တစ်ခုတော့ရှိတယ်၊ အပြစ်တွေကို ထောက်ပြနေမယ့်အစား သင်ခန်းစာတွေရနိုင်အောင် ဆင်ခြင်ဖို့လိုအပ်မှာဖြစ်တယ်၊ ၂၀၁၇ ခုနှစ် အစပိုင်းမှာ နိုင်ငံတော်အစိုးရအနေနဲ့ ငြိမ်းချမ်းရေးကို အာရုံပြုခဲ့တယ်၊ ငြိမ်းချမ်းရေးဟာ တိုင်းပြည်အတွက် ပဓာနကျတယ်ဆိုတာကလည်း ငြင်းလို့မရတဲ့ ကိစ္စဖြစ်တယ်၊ ဒါပေမယ့် ပဋိပက္ခတွေဟာ ရပ်မသွားဘဲ ဆက်ခါဆက်ခါ ဖြစ်နေတာတွေ့ရတယ်၊ (၂၁)ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံကြီးကို အခက်အခဲအမျိုးမျိုးကြားကနေ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တယ်၊ စစ်မြေပြင်မှာ အဖြေရှာမယ့်အစား စားပွဲဝိုင်းမှာ ထိုင်ပြီး ဆွေးနွေးညှိနှိုင်းခဲ့တာဖြစ်တယ်၊ ဒါဟာလည်း ထူးခြားတဲ့ အောင်မြင်မှုတစ်ရပ်၊ အဲဒီလို တစ်ဖက်က ငြိမ်းချမ်းရေးရဖို့ ကြိုးပမ်းနေတဲ့အချိန်မှာ လုံးဝမမျှော်လင့်မထားတဲ့ ရခိုင်အရေးအခင်း ပေါ်ပေါက်လာခဲ့တယ်၊ ပြည်တွင်းအရေးသာမဟုတ်တော့ဘဲ နိုင်ငံတကာအသိုင်းအဝိုင်းမှာ စိန်ခေါ်မှုမျိုးစုံနဲ့ ကြုံခဲ့ရတယ်၊ ကြုံနေရတယ်၊ ဒီနေရာမှာစေတနာရှိပါတယ်ဆိုတဲ့ ပြည်ပနိုင်ငံတွေဟာ နောက်ဆုံးတော့ ကိုယ့်အကျိုးကို ရှေ့တင်လာခဲ့တယ်၊ လူ့အခွင့်အရေးကို မလိုအပ်ဘဲ ရှေ့တန်းတင်ခဲ့တယ်၊ ကျွန်တော်တို့နိုင်ငံနဲ့ ခေါင်းဆောင်တွေကို ရစရာမရှိအောင် ဝေဖန်ပြစ်တင်ခဲ့တယ်၊ ကျွန်တော်တို့နိုင်ငံရဲ့အချုပ်အခြာအာဏာထိပါးမှုကို လျစ်လျူရှုပြီး တစ်ဖက်သတ် ဝေဖန်ပြစ်တင်ရှုတ်ချခဲ့ကြတယ်၊ ဒါပေမယ့် ဒီအခက်အခဲ၊ စိန်ခေါ်မှုတွေကို စည်းလုံးမှု၊ ညီညွတ်မှုတွေနဲ့ တုံ့ပြန်ခဲ့ကြတယ်၊ ပြည်တွင်းအင်အားကို အားကိုးပြီး လှုပ်ရှားနေတယ်၊ အမှန်တော့ စိန်ခေါ်မှုတွေဟာ အခွင့်အလမ်းတွေသာဖြစ်တယ်၊ စီးပွားရေးနယ်ပယ်မှာ ပေါ်ပေါက်ခဲ့၊ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေဟာ ကြိုတင်ပြီး ပြင်ဆင်နိုင်တဲ့အရာတွေဖြစ်တယ်၊ အဖြေတွေ ရှိပြီးသားဖြစ်တယ်၊ သိပ်ပြီး ခက်ခဲတာတွေ မဟုတ်ပါဘူး၊ ဒါပေမယ့် လုပ်ကိုင်ဆောင်ရွက် အကောင်အထည်ဖော်တဲ့နေရာမှာ အားနည်းမှုတွေရှိခဲ့တယ်၊ လုပ်သင့်လုပ်ထိုက်တာတွေကို ရဲရဲဝံ့ဝံ့မလုပ်ဘဲ စမ်းတဝါးဝါးနဲ့ လက်တည့်စမ်းခဲ့တာတွေ တွေ့ရတယ်၊ ဒါပေမယ့် အားနည်းသွားတာကို လက်ခံရင် ကျော်လွှားနိုင်မှာ ဖြစ်တယ်။

၂၀၁၈ ခုနှစ်ဟာ ကျွန်တော်တို့ နိုင်ငံအတွက် ငြိမ်းချမ်းရေးနှစ်၊ ကြွယ်ဝချမ်းသာဖွံ့ဖြိုးတဲ့နှစ်ဖြစ်လိမ့်မယ်လို့ တထစ်ချယုံကြည်တယ်၊ ပြည်သူတွေအားလုံး ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့ ရင်ဆိုင်ဖြတ်သန်းသွားနိုင်မှာ ဖြစ်တယ်၊ အနောက်နိုင်ငံတွေမှာ အင်မတန်ကောင်းတဲ့ အလေ့အကျင့်တစ်ခုရှိတယ်၊ နှစ်သစ်အတွက် ကတိကဝတ်ပြုခြင်းဖြစ်တယ်၊ တစ်ဦးချင်း၊ တစ်ယောက်ချင်းအနေနဲ့ ဒီနှစ်သစ်မှာ ကျွန်တော် နေ့တိုင်း အားကစားလုပ်မယ်ဆိုတာမျိုး မြန်မာနိုင်ငံအတွက်လည်း ပြည်သူအားလုံးက တညီတညွတ်တည်းတို့ နိုင်ငံဟာ ငြိမ်းချမ်းရမယ်၊ ချမ်းသာရမယ်လို့ ကတိကဝတ်ပြုကြရအောင်လို့ ဆုတောင်းရင်း ..... နှစ်သစ်မှာ တိုင်းသူပြည်သားအားလုံး ကောင်းသောမင်္ဂလာအပေါင်းများနဲ့ ပြည့်စုံကြပါစေ ..... ။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

စာမျက်နှာ ၅ မှ

ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ဘာတွေဖြစ်လာနိုင်သလဲဆိုတော့ မြန်မာနိုင်ငံအတွင်းမှာ ဘယ်မောင်းကားထုတ်လုပ်မှု အများကြီး တိုးတက်လာနိုင်ပါတယ်၊ နောက် တစ်ပတ်ရစ်ကားဟောင်း တွေကို တင်သွင်းမှုဟာ ဈေးသက်သာတယ်လို့ ထင်ရပေမယ့် တစ်ဖက်မှာဆိုရင် ကားအပိုပစ္စည်းတင်သွင်းမှုဟာ အတော်လေးကို များပြားလာတယ်ဆိုတာတွေ့ရပါတယ်၊ တကယ်တမ်း ကျတော့ အဟောင်းဝယ်လို့ ဈေးသက်သာတယ်ဆိုပေမယ့် ပြန်ပြင်ရ၊ ဆင်ရတဲ့ စရိတ်၊ ကားအပိုပစ္စည်းဈေးဟာ ကြီးထွားလာတယ်ဆိုတာ တွေ့ရတယ်၊ အခုမော်တော်ယာဉ် မူဝါဒအသစ် ကြောင့် မြန်မာနိုင်ငံမှာ စွမ်းဆောင်ရည်ပြည့်ဝတဲ့ ကားအသစ်တွေ တင်သွင်းတာတို့၊ ထုတ်လုပ်တာတို့ ဖြစ်လာနိုင်မှာ ဖြစ်တဲ့ အပြင် မြန်မာနိုင်ငံရဲ့ လမ်းစည်းမျဉ်း စည်းကမ်းတွေနဲ့ ကိုက်ညီတဲ့ မော်တော်ယာဉ်တွေ တိုးတက်လာစေမှာ ဖြစ်ပါတယ်။

**မေး။ ကူမင်း-ကျောက်ဖြူရထားလမ်း ဖောက်လုပ်မှု စီမံကိန်း အခြေအနေကိုလည်း ရှင်းပြပေးပါဦးခင်ဗျ။**

ဖြေ။ တကယ်တမ်းမှာ တရုတ်နိုင်ငံအနေနဲ့ကတော့ ကူမင်း- ကျောက်ဖြူရထားလမ်း ဖောက်လုပ်တဲ့ လုပ်ငန်းကို ရွှေလီအထိပဲ ဖောက်လုပ်မှာဖြစ်ပါတယ်၊ ကျန်တဲ့ လမ်းတွေကိုတော့ မြန်မာနိုင်ငံဘက်ကနေ ဖောက်လုပ်ရမှာ ဖြစ်ပါတယ်၊ အဲဒီလို ဖောက်လုပ်တဲ့နေရာမှာ တရုတ်နိုင်ငံဘက်က PTP နဲ့ ဖြစ်စေ၊ တရုတ်အစိုးရရဲ့ ရန်ပုံငွေထောက်ပံ့မှုနဲ့ ဖြစ်စေ ဆောင်ရွက်သွားမယ်ဆိုရင် ဆောင်ရွက်နိုင်တဲ့ အနေအထားရှိပါတယ်။

**မေး။ ဖြည့်စွက်ပြောစရာရှိရင် ပြောပြပေးပါဦးခင်ဗျ။**

ဖြေ။ အခုလာရောက်တဲ့ ခရီးဟာ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံ အကြား နယ်စပ်ဒေသ ကုန်သွယ်မှု တိုးမြှင့်ရေးကို အများ ကြီး အထောက်အကူပြုခဲ့ပါတယ်၊ ဒီကုန်စည်ပြပွဲအတွင်းမှာ ညီနောင်မြို့တွေဖြစ်တဲ့ ကူမင်းနဲ့ ရန်ကုန်မြို့တို့ အကြားမှာ ကုန်စည်ဖလှယ်မှုစနစ်နဲ့ ကုန်စည်ရောင်းဝယ်မှု စာချုပ်တွေကို ချုပ်ဆိုနိုင်ခဲ့ပါတယ်၊ ဒါဟာ မြန်မာနိုင်ငံကနေပြီးတော့ ဆန်၊ ပြောင်းနဲ့ ပဲမျိုးစုံသီးနှံတွေကို ပိုမိုတင်ပို့ဖို့အတွက် အခွင့်အလမ်းတစ်ရပ်အနေနဲ့ ပေါ်လာတယ်ဆိုတာကို တွေ့ရပါတယ်။

**တွေ့ဆုံမေးမြန်း-တင်မောင်လွင်၊ မျိုးသူဟိန်း၊ ဓာတ်ပုံ-မောင်မွှေး**




### ❑ *ကျောဖုံးမှ*

ဇန်နဝါရီ ၄ ရက်တွင် တက္ကသိုလ်အသင်းနှင့် ဇွဲကပင်အသင်း၊ ဇန်နဝါရီ ၅ ရက်တွင် သစ္စာအားမာန်အသင်းနှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၁)တွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် ဇွဲကပင်အသင်းတို့သာ ဂိုးပြတ်အနိုင်ရခဲ့ပြီး ကျန်အသင်းများ နိုင်ပွဲပျောက်ဆုံးခဲ့သည်။ ပွဲစဉ်(၁) အပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် ဇွဲကပင်အသင်းတို့က သုံးမှတ်စီ၊ မြဝတီ၊ သစ္စာအားမာန်၊ အား/ကာသိပ္ပံနှင့် YREO အသင်းတို့က တစ်မှတ်စီ၊ တက္ကသိုလ်အသင်းနှင့် ဂန္ဓမာအသင်းတို့ ရှုံးပွဲကြုံတွေ့ထားကာ အမှတ်မရသေးပေ။

**သတင်း-ရဲရင့်ရှိုင်း**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ


- ဒီဇင်ဘာ ၃၁ ရက်က မန်ယူနှင့် ဆောက်သမ်တန်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သော ပွဲစဉ်တွင် မန်ချက်စတာ ယူနိုက်တက် ဗဟိုနောက်တန်းကစားသမား အက်ရှ်လေယန်းသည် ဆောက်သမ်တန် ကစားသမားတာဒစ်ကို ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် ဘောလုံးအဖွဲ့ချုပ်က သုံးပွဲပယ် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။ ထိုပြစ်ဒဏ်ကြောင့် ၎င်းသည် မန်ယူအသင်း၏ လာမည့်ပွဲစဉ် သုံးပွဲဖြစ်သော အဲဗာတန်၊ ဒါဘီနှင့် စတုတ်စီးတီးအသင်းတို့နှင့် ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်းလည်း သိရသည်။
- ခရစ္စတယ်ပဲလေ့စ် ကစားသမား ဇာဟာသည် အာဆင်နယ်နှင့် မန်စီးတီးအသင်းတို့က ၎င်းကို ချိတ်ဆက်မှုများရှိနေသော်လည်း အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာသွားမည် မဟုတ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။
- ဘက်ရှီးတပ်စ်တိုက်စစ်မှူး တိုဆန် (၂၆ နှစ်) သည် အဲဗာတန်အသင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှု ရရှိပြီးနောက် အဲဗာတန်အသင်းသို့ ၎င်း၏ ပြောင်းရွှေ့မှုသည် ယခုတစ်ပတ်တွင် ပြီးမြောက်မည်ဟု သည်ဆန်းတွင် ဖော်ပြထားသည်။
- ဆောက်သမ်တန်အသင်းသည် အသက်(၂၈ နှစ်)အရွယ် အာဆင်နယ် တောင်ပံကစားသမား ဝဲကော့သ်ကို အငှားဖြင့် ခေါ်ယူချင်နေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။
- ရီးရဲမက်ဒရစ်အသင်းသည် ချယ်လ်ဆီးကစားသမား အီဒင်ဟာဇက် (၂၆နှစ်) ကို ပေါင်သန်း ၁၂၀ ဖြင့် ကမ်းလှမ်းရန်ပြင်ဆင်နေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။
- ဝက်ဖို့ဒ်ကစားသမား စတီဖာနို အိုကာဆာကို ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် ဆွမ်ဆီးနောက်တန်းကစားသမား ကိုင်လီ နော်တန်ကို သုံးပွဲပယ်လိုက်ကြောင်း ဘီဘီစီ၏ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထိုပြစ်ဒဏ်ကြောင့် ၎င်းသည် ဆွမ်ဆီးအသင်း၏ လာမည့် တော့တင်ဟမ်၊ နယူးကာဆယ်နှင့် ဝုဖ်အသင်းတို့နှင့် ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

**ဇော်ဇော်**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာလ ၂၂ ရက်နေ့မှ ဒီဇင်ဘာလ ၂၇ ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | စိုးမိုးသူ | မြတ်ငြိမ်း | ၅၀၀၀ | အလင်းသစ် |
| ၂ | ပြောပြစရာတွေလည်းတစ်ပုံကြီး (၁ မှ ၆) | မာမာအေး | ၁၅၀၀၀ | လင်းလွန်းခင် |
| ၃ | ဘယ်ပန်းချီရေးလို့မမီ | သိန်းသန်းထွန်း | ၂၀၀၀ | ရာပြည့် |
| ၄ | ဓမ္မပဒမာလာသံပေါက်ကဗျာများ (ဒုတိယတွဲ) | ဒေါက်တာသုတာစာရာလင်္ကာရ | ၂၀၀၀ | မျိုးဆက်သစ် |
| ၅ | အဘဝိဇ္ဇာချုပ် အောင်မင်းခေါင်၏ သင်ကြားပို့ချချက်များ | စကြာကောင်းစံ | ၁၀၀၀ | မဇ္ဈိမ |
| ၆ | တိမ်များ | ကိုချက် | ၁၀၀၀ | ဆိပ်ကမ်းသာ |
| ၇ | ဂုဏ်၊ အလင်္ကာ၊ ရသ၊ သင်ကြားရေး | မောင်ခင်မင်(ဓနုဖြူ) | ၁၅၀၀ | ရာပြည့် |
| ၈ | မြေယာစနစ်ပြောင်းလဲရေး | တင်ထွန်းနိုင် | ၁၅၀၀ | ယဉ်မျိုး |
| ၉ | သောမတ်(စ်)ဂျက်ဖာဆင်၏ ဒီမိုကရေစီ | ဆော(လ်)ကေပါဒိုဗာ | ၃၂၀၀ | စိတ်ကူးချိုချို |
| ၁၀ | မိုးနှောင်းဆောင်းဦး အဖျားကြိုးလျှင် အခြားကျန်းမာရေးဆောင်းပါးများ | ဆင်ဖြူကျွန်းကျော်လှိုင်ဦး | ၁၅၀၀ | မိဘမေတ္တာ |
| ၁၁ | ရောင်စဉ်မဲ့အလင်းတန်းကဗျာများ | သူရဇ္ဈာန် | ၁၅၀၀ | မျိုးဆက်သစ် |
| ၁၂ | အရိုင်းဒီရေ | ရာပြည့် | ၇၀၀၀ | ငါတို့စာပေ |
| ၁၃ | ရေကြောင်းအင်ဂျင်နီယာလက်စွဲ | သူရိန်မင်းဇော် | ၄၀၀၀ | Smart စာပေ |
| ၁၄ | ခေတ်သစ်မြန်မာ့သမိုင်း သုံးသပ်ချက်အကျဉ်း | အောင်သာ (ပီသုံးလုံး) | ၁၅၀၀ | ယဉ်မျိုး |
| ၁၅ | သိုးကျောင်းသားနှင့် ဗိုဝိဇ္ဇာ | အဲ့လှအောင် | ၂၇၀၀ | စိတ်ကူးချိုချို |
| ၁၆ | တစ်ပင်တည်းရင်ထဲကနွယ် | နွမ်ဂျာသိုင်း | ၅၀၀၀ | ကောင်းဆုသာ |
| ၁၇ | မြန်မာလူငယ်တွေဘာကြောင့် အောင်မြင်တာလဲ | အောင်ကိုဦး (UMK) | ၂၀၀၀ | ကောင်းဆုသာ |
| ၁၈ | မောင်တို့မြန်မာပြည် | သန်းစိုးအောင် | ၂၅၀၀ | မျိုးဆက်သစ် |
| ၁၉ | နိုင်ငံရေးသမား ဖြစ်ချင်တယ်ဆိုရင်နှင့် ခေတ်ပြိုင်မြန်မာ့နိုင်ငံရေး သုံးသပ်ချက်များ | အောင်သာ(ပီသုံးလုံး) | ၂၅၀၀ | မျိုးဆက်သစ် |
| ၂၀ | မှားရင်ပြင်ကြည့်ပါ | သားကျော်လှိုင် | ၂၀၀၀ | မျိုးဆက်သစ် |
| ၂၁ | တောဆရာဝန် | ထက်အောင်(ဗန်းမော်) | ၃၅၀၀ | ကျားချောင်း |
| ၂၂ | လွတ်လပ်စွာလွမ်းဆွတ်ခွင့် | မောင်ရင့်မာ(ကျောင်းကုန်း) | ၃၅၀၀ | လင်းလွန်းခင် |
| ၂၃ | ရေပေါ်ကလ နိုဗယ်ဆုရစာရေးဆရာများ နှင့် သူတို့၏ကမ္ဘာကျော် ဝတ္ထုတိုများ | ကျော်လှိုင်ဦး | ၃၀၀၀ | စိတ်ကူးချိုချို |
| ၂၄ | ဒီမိုကရေစီရှာပုံတော် | ဦးမြတ်လှ(ဘီအေဘီအယ်လ်) | ၈၀၀၀ | မဇ္ဈိမ |
| ၂၅ | မာယာကေသီ | စစ်ကိုင်းဦးဘိုးသင်း | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂၆ | လွမ်းမောဖွယ်ကမ္ဘောဇ(သို့မဟုတ်) သံလွင်၊ ဒုဋ္ဌဝတီ ရွှေလီရုပ်ပုံလွှာ | မြသန်းတင့် | ၃၅၀၀ | လမ်းသစ် |
| ၂၇ | ဣတ္ထိယနှင့်ကျန်းမာရေး | ဒေါက်တာနန်းဥမ္မာ | ၃၀၀၀ | ဂုဏ်ထူး |
| ၂၈ | အခက်အခဲအကျပ်အတည်းဖြစ်စေသော ပင်ကို စရိုက်လက္ခဏာများ | ဂျွန် | ၃၀၀၀ | စိတ်ကူးချိုချို |
| ၂၉ | မဟာတို့၏ကျဆုံးခန်း (တတိယတွဲ) | လှစိုးဝေ | ၅၀၀၀ | ရုပ်ပြောင် |
| ၃၀ | လူတစ်ယောက်ဇာတ်လမ်းတစ်ပုဒ် | ဝင်းဇော်လတ် | ၂၅၀၀ | တိုးမြစ် |

*(ဆက်လက်ဖော်ပြပါမည်)*




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/ခ)၊ မြေကွက်အမှတ်(၁၉/က^၁)၊ အမှတ်(၃၃)၊ လေးထောင့်ကန်လမ်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံရှိ (၁၅ပေ×ပေ၅၀)စီ ကျယ်ဝန်းသော စတုတ္ထထပ်(၅)လွှာ ဝဲယာတိုက်ခန်း(၂)ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်စိုးနှင့် ဒေါ်ရီရီမြင့်တို့က တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း တာဝန်ယူပြောဆိုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါ တိုက်ခန်း(၂)ခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးပိုင် (LL.B., D.B.L., D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၈၈/၉၁)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ အခန်းအမှတ်(104/E)၊ (၃၅)လမ်းတိုအောက်လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၅၁၅၉၆၃၉၊ ၀၉-၄၄၃၀၀၈၄၅၇**

**ဖခင်အမည်မှန်**

ငပုတောမြို့နယ်၊ အထက(ဂုန်နီ) အထက်တန်းကျောင်း၊ သတ္တမတန်း(B)မှ မောင်နိုင်မင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးသန်းထိုက်ဦး ၁၄/ငပတ(နိုင်)၁၈၃၃၃၀ ဖြစ်ပါကြောင်း။ **ဦးသန်းထိုက်ဦး**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ သုဇာတာ (၁၀) လမ်း၊ အမှတ် (၇၈၇)၊ နှစ်ခန်းတွဲ၊ သုံးထပ်ခွဲတိုက်သစ်ရှိ ကျွန်ုပ်၏မိတ်ဆွေ ကန်ထရိုက်တာဦးစိန်ဝင်းကြည် (၁၂/လမန(နိုင်)၀၉၂၈၂၂) ထံမှ တိုက်ခန်းများအား စရန်ငွေပေး၍ ဝယ်ယူထားသူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် အဆိုပါအဆောက်အအုံပြီးစီး၍ အခန်းများ လက်ရောက်အပ်နှံရန် ဝယ်ယူသူများအားဆက် သွယ်ခဲ့ရာတွင် ဆက်သွယ်၍မရခဲ့ပါ။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း မိမိတို့ဝယ်ယူထားသည့် တိုက်ခန်းများအတွက် ပေးရန်ကျန်ငွေ အသီးသီးအား စရန်ပေးစာချုပ်မူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံ လာရောက်ဆက်သွယ်ပေးသွင်းလျက် တိုက်ခန်းအပြီးအပိုင်စာချုပ်များချုပ်ဆိုကြရန် သတိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ရောင်းသူမှ လက်ခံစဉ်းစားပေးတော့မည် မဟုတ်ကြောင်း ဝယ်ယူထားသူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးကြည် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၄၈၆၃)**
**အမှတ် (၃၅၀)၊ တပင်ရွှေထီးလမ်း၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၃၁၁၂၅၇၇။**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၄)ရပ်ကွက်၊ အကွက်အမှတ်(၇၆)၊ ဥမ္မာဒန္တီ၊ ဦးပိုင်အမှတ်(C-၈၉) ဧရိယာ ၀ဒသမ၀၅၅ဧကရှိ အစိုးရမြေကို ဦးသန့်ဇင်အောင်-ဒေါ်ခင်နှင်းနွယ် အမည်ဖြင့် မြေငှားဂရန် အသစ်ချထားပေးပါရန် လျှောက်ထားလာသည့်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် အောက်ပါရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

**အမည်ပြောင်း**

လားရှိုးမြို့၊ ဆုံကွယ်ကျေးရွာနေ ဦးအေးမင်း-ဒေါ်ကေသီထွန်းတို့၏ သမီး တက္ကသိုလ်ဝင်တန်းမှ **မအေးနှင်းဝေ** အား **မအိရွှေစင်ဖူး** ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မအိရွှေစင်ဖူး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/7809 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/3559 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/8125 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၁၂-၂၀၁၇ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၀)တွင် ပါရှိသော ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း ကြော်ငြာတွင် ကန့်ကွက်နိုင်ကြောင်း အစား ကန့်ကွက်ကြောင်းအများသိစေရန် ကြေညာခြင်းဟုလည်းကောင်း၊ အမှတ် ၆၅၊ ကျောက်မော်ရပ်၊ မြိတ်လမ်း၊ ထားဝယ်မြို့သို့လည်းကောင်း၊ ရှမ်းမရပ်ကွက်အစား ရှမ္မရပ်ကွက်ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

# တောင်ကိုရီးယားနှင့် စကားပြောဆို ဆွေးနွေးမှုပြုလုပ်သွားရန် မြောက်ကိုရီးယားဖွင့်ဟ

**ပြုံယမ်း ဇန်နဝါရီ ၁**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းသည် အကယ်၍ မြောက်ကိုရီးယားကိုခြိမ်းခြောက်လာခဲ့ပါက ၎င်း၏စားပွဲခုံပေါ်တွင် နျူကလီးယားလက်နက်ပစ်ခတ်မည့်ခလုတ်ကို နှိပ်ရန် အဆင်သင့်ပင်ဖြစ်ကြောင်း တနင်္လာနေ့တွင် အမေရိကန်ကို သတိပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် မြောက်ကိုရီးယားသည် တောင်ကိုရီးယားနှင့် စကားပြောဆိုဆွေးနွေးရန် လမ်းဖွင့်ခဲ့ကြောင်းကိုလည်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်များနှင့် ပတ်သက်၍ တင်းမာမှုများပိုမိုပြင်းထန်လာခဲ့ပြီးနောက် တစ်နှစ်အကြာတွင် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းသည် နှစ်သစ်ကူးမိန့်ခွန်းတွင် မြောက်ကိုရီးယားနိုင်ငံကို ငြိမ်းချမ်းရေးကိုချစ်မြတ်နိုးသော၊ နျူကလီးယားစွမ်းအင်ဆိုင်ရာ တာဝန်ရှိသော နိုင်ငံအဖြစ်ကြေညာခဲ့ပြီး ကိုရီးယားကျွန်းဆွယ်အရေးကိစ္စနှင့်ပတ်သက်၍ စစ်ရေးဆိုင်ရာ တင်းမာမှုများကို လျှော့ချသွားရန်၊ တောင်ကိုရီးယားနှင့် ဆက်ဆံရေးတိုးတက် အောင်လုပ်ဆောင်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

တောင်နှင့်မြောက်ဆက်ဆံရမည့် အခြေအနေသို့ ရောက်ရှိလာခဲ့လျှင် ကျွန်ုပ်တို့သည် ငြိမ်းချမ်းသည့်ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးရန်အတွက် ကိုရီးယားကျွန်းဆွယ်ပေါ်တွင် စစ်ရေးအရ တင်းမာနေမှုများကို လျှော့ချသွားသင့်ကြောင်း ကင်က ပြောကြားခဲ့သည်။

လာမည့် ဖေဖော်ဝါရီလတွင် တောင်ကိုရီးယားနိုင်ငံ Pyeongchang ၌ ကျင်းပမည့် ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲသို့ ကိုယ်စားလှယ်တစ်ဦးစေလွှတ်သွားရန် မြောက်ကိုရီးယားကထည့်သွင်းစဉ်းစားနေကြောင်းကိုလည်း ကင်က ပြောကြားခဲ့သည်။

ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲတွင် မြောက်ကိုရီးယား၏ ပါဝင်ယှဉ်ပြိုင်မှုသည် နိုင်ငံတော်၏ဂုဏ်ကျက်သရေကို စင်တင်ပြသနိုင်မည့် အခွင့်အလမ်းကောင်းဖြစ်ကြောင်းနှင့် အားကစားပြိုင်ပွဲများ အောင်မြင်ဖြစ်မြောက်စေရန်ဆန္ဒပြုကြောင်း ၎င်းက ပြောခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံလုံးမှ အာဏာပိုင်များသည် ဖြစ်နိုင်ဖွယ်ရှိသည့် ဆွေးနွေးမှုများပြုလုပ်ရန်အတွက် အရေးပေါ်တွေ့ဆုံမှုများပြုလုပ်သွားဖွယ်ရှိကြောင်း ကင်က ပြောကြားခဲ့သည်။ တောင်ကိုရီးယားနိုင်ငံကလည်း Pyeongchang အားကစားပွဲသို့ ကိုယ်စားလှယ်တစ်ဦးစေလွှတ်သွားရန်နှင့် တောင်ကိုရီးယားနှင့် စကားပြောဆိုဆွေးနွေးမှုများပြုလုပ်သွားရန် ကင်၏ ကမ်းလှမ်းမှုကို လှိုက်လှဲဝမ်းသာစွာကြိုဆိုကြောင်း ဖော်ပြခဲ့သည်။

**ရိုက်တာ**



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း နှစ်သစ်ကူး မိန့်ခွန်းပြောကြားနေစဉ်။

# ကော့စတာရီကာ၌ လေယာဉ်တစ်စင်းပျက်ကျရာ နိုင်ငံခြားသားခရီးသည်များ သေဆုံး



**ဆန်ဟိုဆေး ဇန်နဝါရီ ၁**

နိုင်ငံခြားသားခရီးသည်များအပါအဝင် လူ ၁၂ ဦးကို တင်ဆောင်လာခဲ့သည်ဟု ယူဆရသည့်လေယာဉ်ငယ်တစ်စင်းသည် တနင်္ဂနွေနေ့အစောပိုင်းက ကော့စတာရီကာ ကမ်းခြေမြို့တော် ဂွါနာကက်စတီ ပြည်နယ်အတွင်းရှိ တောင်ကုန်း ထူထပ်သည့်ဒေသတွင် ပျက်ကျခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။

လေယာဉ်ငယ်သည် ပျံသန်းနေစဉ် ပျက်ကျမှုဖြစ်ပွားခဲ့ရာ လူအချို့သေဆုံးသွားကြောင်း လာနာကွိုင်နေ့စဉ်သတင်းစာက ၎င်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။ သေဆုံးသွားသူများတွင် အများစုမှာ နိုင်ငံခြားသားများဖြစ်ကြောင်း သတင်းစာက ဖြည့်စွက်ဖော်ပြထားသည်။

သေဆုံးသူအရေအတွက်ကို အတိအကျဖော်ပြခဲ့ခြင်းမရှိပေ။ သို့သော် ခရီးသည်များ၏အမည်များကို ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကာလော့စ်ဒီ ဒယ်လ်ဂိုက လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့သည်ကို အတည်ပြုခဲ့ကြောင်း သတင်းစာက ဖော်ပြခဲ့သည်။

ဒေသဆိုင်ရာမီးသတ်ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာသို့ ရောက်ရှိနေကြကြောင်း သိရသည်။

ဆက်စနာ 208B လေယာဉ်ကို နေးချားအဲယား လေကြောင်းလိုင်းက ပျံသန်းနေခြင်းဖြစ်ပြီး လေယာဉ်သည် နန်ဒါယူရီရှိ ပန်တာအစ္စလီတာ အပန်းဖြေစခန်းမှ ထွက်ခွာပျံသန်းလာခဲ့ကာ ဆန်ဟိုဆေးမြို့သို့ သွားရာလမ်းကြောင်းပေါ်တွင် ပျံသန်းနေစဉ် ပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ်ပျက်ကျရခြင်းအကြောင်းရင်းကို မသိရှိရသေးပေ။ **ဆင်ဟွာ**



# အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ်၌ မိသားစုတွင်း အငြင်းပွားရာမှသေနတ်ပစ်ခတ်မှုဖြစ်ပွား

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁**

နှစ်သစ်ကူးအခါသမယယမန်နေ့နံနက်ပိုင်းက အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဒန်ဗာမြို့တွင် သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ပြီး အခြားရဲတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေနတ်ဖြင့်ပစ်ခတ်တိုက်ခိုက်သူမှာ ရဲတပ်ဖွဲ့ဝင်များ၏ တန်ပြန်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ သေနတ်ပစ်ခတ်မှုသည် မိသားစုတွင်း အငြင်းပွားရာမှ စတင်ခဲ့ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားနေစဉ် ရဲတပ်ဖွဲ့က ပြည်သူလူထုအား ဘေးလွတ်ရာသို့ ထွက်ခွာရှောင်တိမ်းရန် ကြေညာခဲ့ပြီး သေနတ်ပစ်ခတ်မှုဖြစ်ပွားရာနေရာနှင့် လေးကီလိုမီတာအကွာတွင် ယာယီတိမ်းရှောင်စခန်းများ လုပ်ပေးခဲ့ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုနှင့် ပတ်သက်ပြီး ရဲတပ်ဖွဲ့က ပိုမိုတိကျသည့် အချက်အလက်များ ရရှိရန် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေကြောင်း သိရသည်။ **ဆင်ဟွာ**

# အာဖဂန်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ၁၂ ဦးသေဆုံး

**နန်ဂါဟာ ဇန်နဝါရီ ၁**

အာဖဂန်နစ္စတန်အရှေ့ပိုင်းနန်ဂါဟာပြည်နယ်တွင် ယမန်နေ့က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ ၁၂ ဦးသေဆုံးခဲ့ပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ် အစိုးရက အတည်ပြုပြောကြားခဲ့သည်။

တိုက်ခိုက်မှုသည် ယမန်နေ့ကဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသတွင်းအရာရှိဟောင်းတစ်ဦး၏ ဈာပနကျင်းပနေချိန်တွင် အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ ဒေသတွင်းအရာရှိတစ်ဦးက ပြောခဲ့သည်။

တိုက်ခိုက်မှုသည် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများ၏ တိုက်ခိုက်မှုပုံစံနှင့် တူကြောင်း အစိုးရက သုံးသပ်ခဲ့သည်။

အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများသည် ဒီဇင်ဘာ ၂၈ ရက်က အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုလုပ်ဆောင်ခဲ့ရာ အဆိုပါတိုက်ခိုက်မှုအတွင်းလူ ၂၈ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အာဖဂန်နစ္စတန်၌ အိုင်အက်စ်အစွန်းရောက် အကြမ်းဖက်သမားပေါင်း ၁၀၀၀၀ ကျော်ရှိပြီး ၎င်းတို့အနက် အချို့မှာ အီရတ်နှင့်ဆီးရီးယားနိုင်ငံတို့မှဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### ဆော်ဒီဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုအတွင်း ယီမင်အရပ်သား ၂၀ ကျော်သေဆုံး

**ဆာနား ဇန်နဝါရီ ၁**

ဆော်ဒီဦးဆောင်သည့် မဟာမိတ်များ၏ တိုက်ခိုက်ရေးဂျက်လေယာဉ်များဖြင့် လေကြောင်းတိုက်ခိုက်ခဲ့မှုကြောင့် စနေနေ့က ဟိုဒီဒက်ရှိ ပင်လယ်နီဆိပ်ကမ်းမြို့ကို ထိမှန်ခဲ့ပြီး ယီမင်အရပ်သား ၂၀ ကျော်တို့ အသက်ဆုံးရှုံးခဲ့ရကြောင်း မျက်မြင်သက်သေများနှင့် ဆေးဘက်ဆိုင်ရာသတင်းရင်းမြစ်များက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

တိုက်လေယာဉ်များသည် မြို့တွင်းရှိ လူစည်ကားသည့် စားသောက်ဆိုင်အနီးတွင် ခရီးသည်များအပြည့်တင်ဆောင်ထားသည့် တက္ကစီယာဉ်သုံးစီးကို ပစ်ခတ်ခဲ့ရာ လူအများအပြားသေဆုံးသွားခဲ့သည်။ သေဆုံးသွားသူများတွင် အမျိုးသမီးများနှင့် ကလေးငယ်များလည်း ပါဝင်ကြောင်း သိရသည်။

စားသောက်ဆိုင်အတွင်း လာရောက်အားပေးကြသူ အများအပြားသေဆုံး၊ ဒဏ်ရာရရှိမှုများ ရှိခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။ ဟိုဒီဒက်ဆေးရုံအတွင်းရှိ ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက လေကြောင်း တိုက်ခိုက်မှုများအတွင်း သေဆုံး သူ ၂၀ ထက်မနည်းရှိကြောင်းနှင့် ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသို့ ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။

တိုက်ခိုက်မှုသည် အယ်ဂျာရာဟီဒေသ၌ ညနေခင်းအချိန်အတွင်းဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အမေရိကန် ကျောထောက်နောက်ခံပေးထားသည့် ဆော်ဒီဦးဆောင်သော မဟာမိတ်များက လုပ်ဆောင်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများအနက် နောက်ဆုံးသိရသည့် တိုက်ခိုက်မှုဖြစ်သည်။

ဆင်ဟွာ

### သမ္မတပူတင်က ဂျပန်ဝန်ကြီးချုပ်ထံသို့ နှစ်သစ်ကူးဆုမွန်ပေးပို့

**မော်စကို ဇန်နဝါရီ ၁**

ရုရှားသမ္မတဗလာဒီမာပူတင်သည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အခြားသော ကမ္ဘာ့ခေါင်းဆောင်များထံသို့ စနေနေ့တွင် နှစ်သစ်ကူးဆုမွန်များ ပေးပို့ခဲ့ကြောင်း သိရသည်။

မက်ဆေ့ပေးပို့ခဲ့ရာတွင် ပူတင်က ရုရှားနှင့် ဂျပန် နှစ်နိုင်ငံဆက်ဆံရေးသည် မကြာသေးမီကပင် နိုင်ငံရေးဆွေးနွေးပွဲများအပါအဝင် များစွာသောအကျိုးရလဒ်များကို ဖြစ်ထွန်းစေခဲ့ပြီဖြစ်ကြောင်း ဖော်ပြထားသည်။

ရုရှားနှင့် ဂျပန်နှစ်နိုင်ငံပြည်သူများအတွင်း အရေးကြီးသည့် ဖြစ်ရပ်များကို ဖလှယ်မှုမှတစ်ဆင့် လာမည့်နှစ်တွင် ပိုမိုကောင်းမွန်သည့် အပြန်အလှန်နားလည်သဘောပေါက်မှုရရှိရန် မျှော်လင့်ကြောင်း သမ္မတပူတင်က အလေးအနက်ဖော်ပြခဲ့သည်။

အင်န်အိတ်ချ်ကေ

# စစ်ပွဲမှ လွတ်မြောက်သွားပြီဖြစ်သော်လည်း ဒဏ်ရာများဖြင့် နာကျင်နေဆဲမြို့ဟောင်း

*ကလျာမိုးမြင့်*



ပြိုလဲပျက်စီးနေပြီဖြစ်တဲ့ အဆောက်အအုံပျက်တွေရဲ့ မဆုံးနိုင်တဲ့အပျက်အစီးပုံတွေပေါ်ကို တွယ်တက်ဖြတ်ကျော်နင်းလျှောက်လာခဲ့ပြီး နောက်ဆုံးမှာတော့ Euthman ဟာ အနောက်ဘက် မိုဆူးလ်မြို့ဟောင်းအတွင်းက အယ်နူရီဘာသာရေးအဆောက်အအုံအနီးမှာရှိတဲ့ ၎င်းရဲ့ အိမ်ကလေးဆီကို ခက်ခက်ခဲခဲရောက်ရှိလာခဲ့ပါတယ်။ ဒါပေမယ့် ၎င်းရဲ့ နေအိမ်ကိုရောက်သွားတဲ့ အချိန်မှာ စိတ်မချမ်းမသာဖြစ်သွားစေခဲ့တာကတော့ အိုဟောင်းနေတဲ့အိမ်ကလေးဟာ လက်နက်ကြီးတွေနဲ့ပစ်ခတ်ထားခဲ့တာတွေကြောင့် ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးသွားခဲ့ပြီဖြစ်ပါတယ်။

အိမ်ကလေးကိုပြန်ပြီး ရှင်းလင်းဖို့နဲ့ ပြုပြင်ဖို့ တော်တော်လေးကိုကြာမြင့်ဦးတော့မှာပဲ၊ ရှင်းလင်းပြုပြင်ပြီးသွားရင်တော့ ကျွန်တော့်မိသားစုတွေ အိမ်ကိုပြန်လာလို့ရပြီလို့ Euthman က ပြောပါတယ်။ "ပြိုလဲပျက်စီးနေတဲ့ အဆောက်အအုံပျက်တွေရဲ့အောက်မှာ လူသေတွေရဲ့အနံ့တွေကို ကျွန်တော်ရနေတယ်။ ဒီအနံ့တွေက ကျွန်တော့်ကို အစွန်းရောက်အကြမ်းဖက်ဝါဒီသမားတွေရဲ့ စိုးမိုးအုပ်ချုပ်မှုအောက်ကိုကျရောက်ခဲ့ရတဲ့၊ ကြောက်စရာကောင်းတဲ့ နေ့ရက်တွေဆီကို ပြန်ပြီးအမှတ်ရအောင် ပြန်ပြီးခေါ်သွားနေတယ်လို့ Euthman က ဆိုပါတယ်။

အီရတ်ဝန်ကြီးချုပ် ဟီဒါအယ်လ်အဘာဒီက ဇူလိုင် ၁၀ရက်မှာ မိုဆူးလ်မြို့အပြည့်အဝလွတ်လပ်မှုရရှိသွားပြီဖြစ်ကြောင်း ကြေညာလိုက်တဲ့အချိန်ကစပြီး ဒီနယ်နိမိတ်မှာ အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွတွေရဲ့ဗိုလ်ကျစိုးမိုးမှုတွေဟာ နိဂုံးချုပ်ခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွတွေ ရှုံးနိမ့်ဆုတ်ခွာသွားတဲ့အချိန်ကစပြီး မိုဆူးလ်မြို့ဟောင်းအတွင်းမှာ မျှော်လင့်ချက်အနည်းငယ်ပြန်လည်ပွင့်လန်းလာပါတယ်။

မိုဆူးလ်မြို့ဟောင်းဟာ အီရတ်နိုင်ငံမြောက်ပိုင်း စီးပွားရေးအချက်အချာနယ်မြေမှာရှိတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခဲ့တဲ့ဇုန်တစ်ခုအဖြစ် တည်ရှိခဲ့ဖူးပါတယ်။ မြို့ဟောင်းရဲ့ အလယ်ကောင်မှာတော့ အယ်နူရီ ဘာသာရေးအဆောက်အအုံတည်ရှိနေပြီး အဆောက်အအုံရဲ့ မျှော်စင်ဟာဆိုရင် အခုချိန်အထိ အပျက်အစီးပုံတွေထဲမှာ နစ်မြုပ်နေဆဲပါပဲ။ ဒီနေရာကို အီရတ်တပ်ဖွဲ့ဝင်တွေက လွတ်မြောက်မှုရရှိစေခဲ့တဲ့ လွန်ခဲ့သော ခြောက်လအကြာကတည်းက ခုလိုဖြစ်နေခဲ့တဲ့ပုံစံပါပဲ။

ဒီဘာသာရေးအဆောက်အအုံဟာ မိုဆူးလ်ရဲ့ထင်ရှားတဲ့အမှတ်အသားတစ်ခုလို့ မှတ်ယူရမယ့် သင်္ကေတအဆောက်အအုံတစ်ခုပါ။ ပြီးတော့ အစ္စလာမ့်စ်အစွန်းရောက်ဝါဒီခေါင်းဆောင် အဘူဘာ့က် အယ်လ် ဘဂ္ဂဒီဟာ ၂၀၁၄ခုနှစ်ဇူလိုင်မှာ အစ္စလာမ့်စ်စော်ဘွား အစိုးရတစ်ရပ်ကို ထူထောင်ကြောင်း ဒီဘာသာရေးအဆောက်အအုံအတွင်းမှာပဲ ကြေညာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၁၇ ခုနှစ် ဇွန်လ ကုန်လောက်မှာ စစ်သွေးကြွတွေဟာ မလွဲမသွေ ရှုံးနိမ့်ရတော့မယ်ဆိုတာကို သိရှိလိုက်ရတဲ့အချိန်ကစပြီး စော်ဘွားအစိုးရတစ်ရပ်ဟာလည်း ပျက်သုဉ်းသွားခဲ့ရပါတယ်။

ဘာသာရေးအဆောက်အအုံအပြင်ဘက်က မိန်းလမ်းကြီးကတော့ ရှင်းလင်းသွားပြီ။ ဒါပေမယ့် အဓိကအဆောက်အအုံကြီးနဲ့ ပြိုလဲသွားတဲ့မျှော်စင်ရဲ့ အပျက်အစီးအပိုင်းအစတွေကတော့ ပြန်ပြီးဆက်စပ်လို့မရတော့ပါဘူး။ အဆောက်အအုံရဲ့ အစိမ်းရောင်အမိုးခုံးကသာလာရောက်လည်ပတ်သူတွေကို ဘယ်နေရာလဲဆိုတာကို သိရှိအောင်ကူညီပေးမယ့် တစ်ခုတည်းသောကျန်ရှိတဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ ရှိနေပါတော့တယ်။

စစ်ပွဲကြောင့်ကျန်ရစ်ခဲ့တဲ့ ထိခိုက်ဒဏ်ရာအမာရွတ်တွေဟာ ပြိုလဲနေတဲ့ အဆောက်အအုံတွေနဲ့ ဘာသာရေးအဆောက်အအုံတွေမှာသာ ရှိနေတာမဟုတ်ဘဲ ပြည်သူတွေရဲ့ စိတ်ထဲမှာပါ ဒဏ်ရာအမာရွတ်တွေအဖြစ်နဲ့ ကျန်ရှိနေပါတယ်။

လတ်တလော အခြေအနေတွေမှာ လူတွေအတွက်ပြန်ပြီး အသက်မွေးနေထိုင်ဖို့ ကောင်းမွန်လုံလောက်တဲ့အနေအထားမရှိသေးတာကြောင့် ဒေသခံလူနည်းစုလောက်ပဲ မြို့ဟောင်းက ၎င်းတို့ရဲ့နေအိမ်တွေဆီကို ပြန်လာနိုင်ကြသေးတယ်လို့ ဒေသခံစေတနာရှင်လူငယ်တစ်ဦးက ပြောပြခဲ့ပါတယ်။

အယ်လ်အာဘီရာ ဈေးထဲက ဈေးဆိုင်တစ်ဆိုင်ရဲ့ပိုင်ရှင်ဖြစ်တဲ့ မိုဟာမက်ဘက်ဒရာနီဟာ ပြီးခဲ့တဲ့ရက်သတ္တပတ်အနည်းငယ်အကြာက မိုဆူးလ်အရှေ့ပိုင်းကနေ ပြန်ရောက်လာခဲ့ပြီးနောက် ၎င်းရဲ့ ဈေးဆိုင်ကလေးကို ရှင်းလင်းပြုပြင်ရေး အလုပ်ရှုပ်နေပါတယ်။ ခြောက်လတာကို ဖြတ်ကျော်လာခဲ့ပြီး နှစ်သစ်ကို ကူးပြောင်းနေပြီ။ ဒါပေမယ့် ခုချိန်ထိ ဗဟိုအစိုးရဆီကရော၊ ဒေသအစိုးရအဖွဲ့တွေဆီကပါ ဘာအကူအညီမှမရသေးဘူးလို့ မျက်နှာတစ်ခုလုံးဖုန်တွေပေကျံနေတဲ့ဘက်ဒရာနီက၎င်းရဲ့ဈေးဆိုင်ထဲမှာပြောပြခဲ့ပါတယ်။ သူတို့ရဲ့ ဈေးပြန်လည် တည်ဆောက်ရေးမှာ ဘာတိုးတက်ဖြစ်ထွန်းမှုကိုမှ မတွေ့မြင်ရသေးဘူးလို့ ၎င်းက ပြောပါတယ်။

ဈေးဆိုင်ပေါင်း ၅၀ လောက်ကို ရှင်းလင်းရေးလုပ်ဖို့ ဘက်ဒရာနီနဲ့ အတူတကွ အလုပ်လုပ်ခဲ့တဲ့ ၎င်းရဲ့အိမ်နီးချင်းမိတ်ဆွေ အဘူဆာလေကလည်း ဘက်ဒရာနီပြောတဲ့စကားလုံးတွေနဲ့ တစ်ထပ်တည်းပဲ ပြောသွားခဲ့ပါတယ်။

"အပျက်အစီး အစိတ်အပိုင်း ၁၀ တန်ကျော် လောက်ကို ကျွန်တော်တို့ ရှင်းလင်းရေး လုပ်ခဲ့ပြီးပြီ။ ဒါပေမယ့် ဒီဈေးထဲမှာ ဆိုင်ခန်းပေါင်း ၅၀၀ လောက်ရှိတယ်။ ဒါတွေအားလုံးကို ရှင်းလင်းပြီး လုပ်ငန်းတွေပြန်စဖို့ဆိုရင် ဒါကိုအစိုးရရဲ့ အကူအညီအထောက်အပံ့တွေ မပါဘဲ ကျွန်တော်တို့ ဘယ်လိုမှလုပ်နိုင်မှာ မဟုတ်ဘူး"လို့ ဆာလေက ညည်းတွားခဲ့ပါတယ်။

အနည်းဆုံးတော့ အစိုးရက ကျွန်တော်တို့က သန့်ရှင်းတဲ့ရေနဲ့ လျှပ်စစ်မီးလောက်တော့ ထောက်ပံ့ပေးသင့်တယ်။ မိုဆူးလ်မှာ ဘဝတွေအားလုံးအဆုံးသတ်မသွားသင့်ဘူးလို့၊ ဗဟိုအစိုးရအနေနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်အတွက် ဘီလီယံနဲ့ချီတဲ့ငွေကြေး ကူညီထောက်ပံ့ပေးမယ်လို့ ကတိပေးခဲ့တယ်ဆိုတာကို ကျွန်တော်တို့ကြားခဲ့ပြီးပါပြီ။ ဒါပေမယ့် အဲဒီငွေတွေ ဘယ်တုန်းကမှ ကျွန်တော်တို့ဆီကိုရောက် မလာခဲ့ဘူး လို့ ဆာလေက ဖွင့်ဟခဲ့ပါတယ်။

အိုင်အက်စ်တွေကို တိုက်ခိုက်နှိမ်နင်းတဲ့စစ်ပွဲ အပြီးသတ်အောင်ပွဲရခဲ့ပြီဆိုတဲ့ အကြောင်းကြေညာခဲ့တဲ့ ဝန်ကြီးချုပ် အဘာဒီရဲ့ ကြေညာချက်ထဲမှာ အီရတ်နိုင်ငံအတွင်းမှာ အိုင်အက်စ်စစ်သွေးကြွတွေအတွက် နေရာမရှိစေရသလိုဘဲ အကျင့်ပျက်ခြစားမှုတွေအတွက်လည်း နေရာမရှိစေရဘူးလို့ အဘာဒီက ပြောခဲ့ပါတယ်။

အကြမ်းဖက် ဝါဒီတွေ စုပ်ယူဝါးမျိုနေတဲ့ အရင်းအမြစ်တွေ ခန်းခြောက်သွားဖို့နဲ့ အကြမ်းဖက်ဝါဒ ပြန်လည်မပေါက်ပွားစေဖို့အတွက် အီရတ်အစိုးရဟာ အကျင့်ပျက်ခြစားမှုတွေကို တိုက်ထုတ်ဖယ်ရှားပစ်ပြီး အစိုးရအဖွဲ့အစည်းတွေ အားလုံးရဲ့ အုပ်ချုပ်မှုပိုင်းဆိုင်ရာ စွမ်းရည်ကို တိုးတက်အောင် မဖြစ်မနေအားထုတ်သင့်တယ်လို့ နိုင်ငံရေးကျွမ်းကျင်သူတွေက ပြောခဲ့ပါတယ်။

ဈေးဆိုင်တွေကို ရှင်းလင်းရေးလုပ်နေတဲ့ဆာလေရဲ့ အသက် ၁၀ နှစ်အရွယ်ရှိတဲ့သားဖြစ်သူ ဇာကာရီယာဟာ လွန်ခဲ့တဲ့ ၁၀ရက်အကြာက ၎င်းရဲ့မိသားစုနဲ့အတူ နေအိမ်ဆီကို ပြန်လာခဲ့ပါတယ်။ ၎င်းရဲ့ဖခင်ဖြစ်သူ ဆာလေနဲ့ အစ်ကိုကြီးတွေက ဈေးထဲမှာရှိတဲ့ ၎င်းတို့ရဲ့ဆိုင်ခန်းကို ပြုပြင်ရှင်းလင်းရေးလုပ်ကြတဲ့ အချိန်တိုင်းမှာအတူလိုက်ပါလာပြီး ကူညီရှင်းလင်းပေးပါတယ်။

"ပြီးခဲ့တဲ့နှစ်တွေ အတွင်းမှာ ကျွန်တော်တို့ဘဝတွေဟာအလွန်ကို ခက်ခဲကြမ်းတမ်းပြီး နာကျင်ကြေကွဲမှုတွေနဲ့ ပြည့်နှက်နေခဲ့ရတယ်။ လာမယ့်နှစ်သစ်မှာတော့ ကျွန်တော့်ရဲ့ မိသားစုဟာ ငြိမ်းချမ်းတဲ့ဘဝကို ပိုင်ဆိုင်ရမယ်လို့ ကျွန်တော်မျှော်လင့်နေတယ်။ အဲဒီအချိန်မှာ တိုက်ခိုက်တာတွေလည်းရှိတော့မှာ မဟုတ်ဘူး"လို့ ဇာကာရီယာက ပြောခဲ့ပါတယ်။ ။

**ကိုးကား-ဆင်ဟွာ**

**"ခြောက်လတာကို ဖြတ်ကျော်လာခဲ့ပြီး နှစ်သစ်ကို ကူးပြောင်းနေပြီ၊ ဒါပေမယ့် ခုချိန်ထိ ဗဟိုအစိုးရဆီကရော၊ ဒေသအစိုးရအဖွဲ့တွေဆီကပါ ဘာအကူအညီမှမရသေးဘူးလို့ မျက်နှာတစ်ခုလုံးဖုန်တွေပေကျံနေတဲ့ဘက်ဒရာနီက ၎င်းရဲ့ဈေးဆိုင်ထဲမှာ ပြောပြခဲ့ပါတယ်၊ ကျွန်တော်တို့ရဲ့ ဈေးပြန်လည်တည်ဆောက်ရေးမှာ ဘာတိုးတက်ဖြစ်ထွန်းမှုကိုမှ မတွေ့မြင်ရသေးဘူး"**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(ခ) ဤပုဒ်မတွင်ဖော်ပြပါရှိသော "အိမ်" ဟူသော စကားရပ်တွင် စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုနေသော ရုံးခန်းပါဝင်ခြင်း မရှိစေရ။

၂၂၇။ မည်သူမဆို ပုဒ်မ ၂၂၆ ပါ ပြဋ္ဌာန်းချက်များကိုဆန့်ကျင်လျက် ဆောင်ရွက်ခဲ့လျှင် ဒဏ်ကြေးငွေကျပ်သိန်း ၁၀၀ ကို ပေးဆောင်ရမည်။

**အခန်း (၂၂)**

**ကုမ္ပဏီတစ်ခုက ပြုလုပ်နိုင်သော ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်း (Charges)**

**ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်း (Charges) ပြုလုပ်နိုင်သည့် အခွင့်အာဏာ**

၂၂၈။ (က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အခြားသက်ဆိုင်ရာဥပဒေများကို လိုက်နာဆောင်ရွက်ပြီး ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်အရ ပေးအပ်ထားသည့် အခြားသောအခွင့်အာဏာများကို ကန့်သတ်ခြင်းမရှိစေဘဲ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ တွင်ဖော်ပြထားသည့် ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ခွင့်ရှိစေရမည်။ မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီ သို့မဟုတ် အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား လက်ခံသူ သို့မဟုတ် ၎င်းတို့ ကိုယ်စားဆောင်ရွက်သူက ပုဒ်မ ၂၃၄ နှင့်အညီ တင်ပြလာသည့် အဆိုပါ ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို မှတ်ပုံတင်ပေးရမည်။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအပေါ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ သို့မဟုတ် အလားတူအကျိုးသက်ရောက်မှုရှိသော အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များသည် ကန့်သတ်ထားခြင်းမရှိစေဘဲ ယင်းကိစ္စရပ်များသည် အဆိုပါပြဋ္ဌာန်းချက်များအား ချိုးဖောက်သည်ဟုလည်း မှတ်ယူခြင်းမပြုရ-

(၁) ပုဒ်မ ၂၂၉ တွင် ဖော်ပြထားသည့် ပေါင်နှံခြင်းသို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား ဆောင်ရွက်ခြင်း သို့မဟုတ်

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအတွက် ပေးထားသော ပစ္စည်းတစ်စုံတစ်ရာ၏ တန်ဖိုးရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆိုပါပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အရ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းကို ရရှိသူကဖြစ်စေ၊ ၎င်း၏ကိုယ်စားဆောင်ရွက်သူကဖြစ်စေကျင့်သုံးနိုင်သည့် အခွင့်အရေးအား ဆောင်ရွက်ခြင်း။

**ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) စသည်တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ မှတ်ပုံတင်ခြင်းမပြုလျှင် ပျက်ပြယ်သော ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges)**

၂၂၉။ (က) ဤဥပဒေစတင်အကျိုးသက်ရောက်ပြီးနောက် ကုမ္ပဏီတစ်ခုက ပြုလုပ်ခဲ့သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအားလုံးသည် အောက်ပါ အမျိုးအစားတစ်ရပ်ရပ်ဖြစ်ခဲ့လျှင်-

(၁) ဒီဘင်ချာများ ထုတ်ဝေခြင်းအတွက် အာမခံချက်ရှိစေရန်ရည်ရွယ်၍ ပြုလုပ်သည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၂) ကုမ္ပဏီ၏ တောင်းခေါ်ခြင်းမပြုသေးသော အစုရှယ်ယာမတည်ငွေရင်းနှင့် စပ်လျဉ်းသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၃) မည်သည့်နေရာတွင်မဆို တည်ရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း တစ်ရပ်ရပ် သို့မဟုတ် ထိုပစ္စည်းများတွင်ပါဝင်သည့် အကျိုးခံစားခွင့် တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့်ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၄) ကုမ္ပဏီတွင် သာမန်လုပ်ငန်းများအတွက် တင်ရှိသည့်ကြွေးမြီ (book debts) နှင့် စပ်လျဉ်း၍ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၅) စီးပွားရေးလုပ်ငန်းတွင် အသုံးပြုဆောင်ရွက်နေသည့်ပစ္စည်းများမှအပ ကုမ္ပဏီ၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သော ချေးငွေနှင့်စပ်လျဉ်း၍ပေးသည့်အာမခံချက် (pledge) မဟုတ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊ သို့မဟုတ်

(၆) ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှုများ သို့မဟုတ် ပစ္စည်းများအပေါ် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge)၊

ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့၏ ဖော်ပြချက်များကို သတ်မှတ်ဖော်ပြထားသည့်ပုံစံနှင့်အတူ ယင်းတို့ကိုပြုလုပ်သည့် သို့မဟုတ် သက်သေထင်ရှားစေသည့် စာရွက်စာတမ်းများအား အတည်ပြုထားသော မိတ္တူတစ်စောင်ကို ထိုသို့ပြုလုပ်သည့်နေ့မှ ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့ခြင်းမရှိလျှင် ပုဒ်မခွဲ (ခ) နှင့်အညီကုမ္ပဏီ၏ပစ္စည်း သို့မဟုတ် တာဝန်ယူမှုနှင့်စပ်လျဉ်းသည့် အာမခံချက်တစ်ရပ်ရပ်ကို ပေးအပ်ထားသည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့် ကုမ္ပဏီ၏ မြီရှင်တို့အပေါ် ပျက်ပြယ်စေရမည်။ သို့သော်ထိုကိစ္စရပ်များတွင် အာမခံထားသည့် ငွေကြေးများကို ပြန်လည်ပေးဆပ်ရန်အတွက် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ် သို့မဟုတ် တာဝန်တစ်ရပ်ရပ်အား ထိခိုက်စေခြင်းမရှိစေဘဲ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းတို့သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ပျက်ပြယ်သည့်အခါ ထိုကိစ္စရပ်များတွင် အာမခံထားသည့် ငွေကြေးများကို ချက်ချင်းပေးချေရမည်။

(ခ) ပုဒ်မခွဲ (က) ပါကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များသည်လည်း အကျိုးသက်ရောက်စေရမည်-

(၁) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို နိုင်ငံတော်၏ ပြင်ပတွင် ပြုလုပ်ခဲ့ပြီး နိုင်ငံတော်၏ ပြင်ပတွင်တည်ရှိသော ပစ္စည်းသာလျှင် ပါဝင်သည့်ကိစ္စရပ်တွင် သက်ဆိုင်ရာစာရွက်စာတမ်း သို့မဟုတ် မိတ္တူကို စာတိုက်မှ ထိုက်သင့်သည့်စရိတ်ဖြင့်ပေးပို့ခဲ့ပြီး နိုင်ငံတော်အတွင်း လက်ခံရရှိနိုင်သည့်နေ့မှ ၂၈ ရက်ကိုပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို ပြုလုပ်သည့် နေ့ရက်နောက်ပိုင်း ၂၈ ရက်ဖြင့် အစားထိုးရမည်ဖြစ်ပြီး ထို ၂၈ ရက် ကာလအတွင်း အချက်အလက်များ၊ စာရွက်စာတမ်းများ သို့မဟုတ် မိတ္တူများကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို နိုင်ငံတော်အတွင်း ပြုလုပ်ခဲ့သော်လည်း နိုင်ငံတော်၏ ပြင်ပတွင်တည်ရှိသော ပစ္စည်းများပါဝင်သည့် ကိစ္စရပ်တွင်ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို ပြုလုပ်ခဲ့သည့် သို့မဟုတ် ပြုလုပ်ရန်ရည်ရွယ်ခဲ့သည့် စာရွက်စာတမ်း သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့်နည်းလမ်းဖြင့် အတည်ပြုထားသော ယင်း၏မိတ္တူတစ်စောင်ကို မှတ်ပုံတင်ရန်အတွက် တင်ပြနိုင်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် ပစ္စည်းတည်ရှိရာနိုင်ငံ၏ ဥပဒေအရ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို တရားဝင်စေရန် သို့မဟုတ် အကျိုးသက်ရောက်စေရန်အတွက် အခြားသော ဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ခြင်းရှိစေကာမူ သက်ဆိုင်မှု မရှိစေရ။

(၃) ကုမ္ပဏီ၏ သာမန်လုပ်ငန်းများအတွက် တင်ရှိသည့်ကြွေးမြီ (book debts) အပေါ် ငွေပေးချေမှုများနှင့်စပ်လျဉ်းသည့် အာမခံမှုကိုလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းတစ်ရပ်ဖြင့် ပြုလုပ်ပေးခဲ့လျှင် ကုမ္ပဏီသို့ ကြိုတင်ပေးချေမှုကို အာမခံနိုင်ရန်အတွက် စာချုပ်စာတမ်း၏အာမခံငွေကို ဤပုဒ်မတွင်ပါရှိသော ကိစ္စရပ်များအလို့ငှာ ဖော်ပြပါကုမ္ပဏီ၏ သာမန်လုပ်ငန်းများအတွက် တင်ရှိသည့်ကြွေးမြီ (book debts) နှင့်စပ်လျဉ်းသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်အဖြစ် သတ်မှတ်ခြင်း မပြုရ။

(၄) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍ ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်နှင့် သက်ဆိုင်သော ဒီဘင်ချာများအား ပိုင်ဆိုင်ထားခြင်းသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင် အကျိုးခံစားခွင့်တစ်ရပ်ရပ်ရှိသည်ဟု မှတ်ယူခြင်းမရှိစေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန်လိုအပ်သော ကုမ္ပဏီတစ်ခု၏ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို မှတ်ပုံတင်ပြီးဖြစ်လျှင် အဆိုပါပစ္စည်း သို့မဟုတ် ယင်း၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစုရှယ်ယာ သို့မဟုတ် ယင်း၏ အကျိုးခံစားခွင့် တစ်ရပ်ရပ်ကိုဖြစ်စေ ရရှိသူတစ်ဦးဦးသည် ထိုသို့မှတ်ပုံတင်သည့်နေ့ရက်မှစတင်၍ အဆိုပါပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့၏ အကြောင်းကြားစာကို ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**ကြွေးမြီတာဝန်တင်ရှိခြင်းအရ လက်ခံရရှိသော ပစ္စည်းနှင့်သက်ဆိုင်သည့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို မှတ်ပုံတင်ရခြင်း**

၂၃၀။ ကုမ္ပဏီတစ်ခုသည် ပစ္စည်းတစ်ရပ်ရပ်ကိုပိုင်ဆိုင်ရရှိပြီး ထိုပစ္စည်းသည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းနှင့် သက်ဆိုင်သည့်အခါ အဆိုပါပစ္စည်းကို ရရှိပြီးနောက် ကုမ္ပဏီက ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းကို ပြုလုပ်သကဲ့သို့ ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန်လိုအပ်ခဲ့လျှင် ကုမ္ပဏီသည် ကြွေးမြီတာဝန်တင်ရှိခြင်း၏ အချက်အလက်များကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့်အတူ ကြွေးမြီတာဝန်တင်ရှိခြင်းအား ပြုလုပ်ခဲ့သည့် သို့မဟုတ် သက်သေထင်ရှားဖြစ်စေသည့် စာရွက်စာတမ်းကို မှန်ကန်သည့် မိတ္တူဖြစ်စေရန်အတွက် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းဖြင့် အတည်ပြုထားသည့် အဆိုပါစာရွက်စာတမ်း၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်နိုင်ရန်အတွက် အဆိုပါပစ္စည်းအားရရှိသည့်နေ့မှ ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။ သို့ရာတွင် နိုင်ငံတော်၏ပြင်ပတွင် ပစ္စည်းတည်ရှိပြီး ကြွေးမြီတာဝန်တင်ရှိခြင်းကိုလည်း ပြင်ပ၌ ပြုလုပ်ခဲ့လျှင် သက်ဆိုင်ရာစာရွက်စာတမ်း၏ မိတ္တူကို စာတိုက်မှထိုက်သင့်သည့် စရိတ်ဖြင့် ပေးပို့ခဲ့ပြီး နိုင်ငံတော်အတွင်း လက်ခံရရှိနိုင်သည့်နေ့မှ ၂၈ ရက်ကို ပစ္စည်းရရှိသည့် နေ့ရက် နောက်ပိုင်း ၂၈ ရက်ဖြင့် အစားထိုးရမည်ဖြစ်ပြီး ထို ၂၈ ရက်ကာလအတွင်း အချက်အလက်များ၊ စာရွက် စာတမ်းများ၏ မိတ္တူများကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အခြေခံပညာရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**အခြေခံပညာရေးဥပဒေကြမ်း**

**(၂၀၁၇ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    )**

**၁၃၇၉ ခုနှစ်၊    လ၊    ရက်**

**(၂၀၁၇ ခုနှစ်၊    လ၊    ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို အခြေခံပညာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အမျိုးသားပညာရေးဥပဒေတွင် ပါရှိသည့် စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အခြေခံပညာရေးကောင်စီကို ဆိုသည်။

(ခ) **ဦးစီးဌာန** ဆိုသည်မှာ အခြေခံပညာဦးစီးဌာနကိုဆိုသည်။

(ဂ) **သက်ဆိုင်ရာဦးစီးဌာန** ဆိုသည်မှာ အခြေခံပညာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(ဃ) **ရုံး** ဆိုသည်မှာ မြို့နယ်ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးကို ဆိုသည်။

(င) **ပညာရေး** ဆိုသည်မှာ လူတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်တို့ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်ပေးသည့် ဖြစ်စဉ်ကို ဆိုသည်။

(စ) **ကျောင်းသား** ဆိုသည်မှာ အခြေခံပညာရေးအဆင့်တွင် သတ်မှတ်ထားသော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထား အယူအဆအမြင်များကို ပညာသင်ကြားသင်ယူမှု နည်းစနစ်များနှင့်အညီ လေ့လာဆည်းပူးသင်ယူသူအားလုံးကို ဆိုသည်။

(ဆ) **ဆရာ** ဆိုသည်မှာ အခြေခံပညာရေးအဆင့်တစ်ခုခုတွင် သင်ယူသူများ၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်များ ဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်ပံ့ပိုးပေးခြင်း၊ သင်ကြားပို့ချပေးခြင်း တာဝန်များကို ထမ်းဆောင်သည့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူကို ဆိုသည်။

(ဇ) **ကျောင်းပညာရေး** ဆိုသည်မှာ အခြေခံပညာရေးအဆင့်တွင် သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့်အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးသော မူကြိုပညာရေး၊ သူငယ်တန်း ပညာရေး၊ မူလတန်းအဆင့်ပညာရေး၊ အလယ်တန်းအဆင့်ပညာရေး၊ အထက်တန်းအဆင့် ပညာရေး၊ နည်းပညာနှင့် သက်မွေး ဆိုင်ရာ ပညာရေးနှင့်လေ့ကျင့်ရေးနှင့် အဆင့်မြင့်ပညာရေးဆိုင်ရာ အခြေခံတို့ အကျုံးဝင်သည့် ပညာရေးကို ဆိုသည်။

(ဈ) **ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး** ဆိုသည်မှာ ကျောင်းပညာရေးတွင် ဆက်လက် ပါဝင်သင်ယူနိုင်ခြင်းမရှိသည့် ကျောင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ကျောင်းပြင်ပ ပညာရေးအပါအဝင် အမျိုးမျိုးသော သင်ကြားသင်ယူမှု အစီအစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ပညာရေးကိုဆိုသည်။

(ည) **တန်းညှိပညာရေးအစီအစဉ်** ဆိုသည်မှာ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးအစီအစဉ်အရ သင်ယူရရှိသည့် ပညာအဆင့်အတန်းကို ကျောင်းပညာရေးအဆင့်အတန်းများနှင့် အရည်အချင်း ညှိနှိုင်းသတ်မှတ်ပေးသော အစီအစဉ်ကို ဆိုသည်။

(ဋ) **လူတိုင်းအကျုံးဝင်ပညာရေး** ဆိုသည်မှာ မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး တစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့်ရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကို ဆိုသည်။

(ဌ) **အတွင်းအရည်အသွေးအာမခံမှု** ဆိုသည်မှာ အရည်အသွေးအာမခံခြင်းလုပ်ငန်းကို ဌာနတွင်း ကျွမ်းကျင်ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာတွင် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။

(ဍ) **ပြင်ပအရည်အသွေးအာမခံမှု** ဆိုသည်မှာ အရည်အသွေးအာမခံခြင်းလုပ်ငန်းကို ဌာနပြင်ပ ကျွမ်းကျင်သူများဖြင့် ဆောင်ရွက်ရာတွင် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။

(ဎ) **သင်ရိုးညွှန်းတမ်းအညွှန်းဘောင်** ဆိုသည်မှာ သင်ရိုးညွှန်းတမ်းဆိုင်ရာ သင်ယူမှုနယ်ပယ်များ၊ ရွေးချယ်ရသည့် နောက်ခံအကြောင်းရင်းများ၊ ရည်မှန်းချက်နှင့် ရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့်တတ်မြောက်မှုစစ်ဆေးနည်းများကို ပြည့်စုံစွာရေးသားထားသော မူဘောင်ကို ဆိုသည်။

(ဏ) **သင်ယူသူဗဟိုပြုချဉ်းကပ်နည်း** ဆိုသည်မှာ ဆရာများက ထိရောက်သော နည်းလမ်းများကို အသုံးပြု၍ သင်ယူသူများ ကိုယ်တိုင်သင်ယူမှုဖြစ်ထွန်းစေရန်အတွက် အပြုသဘောဆောင်သော ဆရာ ကျောင်းသားဆက်ဆံရေးဖြင့် ပံ့ပိုးဖော်ဆောင်ပေးသည့် သင်ကြားသင်ယူမှုဖြစ်စဉ်ကို ဆိုသည်။

(တ) **အခြေခံပညာကျောင်း** ဆိုသည်မှာ အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းစံများနှင့်အညီ ပညာသင်ကြားပေးသော ကျောင်းကိုဆိုသည်။

(ထ) **အစိုးရကျောင်း** ဆိုသည်မှာ အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံများနှင့်အညီ လူတိုင်းအကျုံးဝင်၍ သာတူညီမျှအခွင့်အလမ်းဖွင့်ပေးထားသော အခြေခံပညာရေးကို သင်ကြားပေးရန် အစိုးရက တည်ထောင်ဖွင့်လှစ်ထားသည့်ကျောင်းကို ဆိုသည်။

(ဒ) **ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း** ဆိုသည်မှာ သက်ဆိုင်ရာဥပဒေနှင့်အညီ တရားဝင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်းကို ဆိုသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် အလုပ်အကိုင်များ ဖန်တီးပေးမည်

**ဘားအံ ဇန်နဝါရီ ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဝက်ကြီးကျေးရွာအနီးတွင် တည်ဆောက်မည့် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပါက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်က ပြောသည်။

ဘားအံမြို့သုမေဓရာမကြားတောရကျောင်းတိုက်၌ ဒီဇင်ဘာ ၃၀ ရက်နေ့က ပြုလုပ်ကျင်းပသော UCS Coal Fire Power နည်းပညာကျောက်မီးသွေးစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခြင်းဖြစ်သည်။

ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်ရာတွင် UCS နည်းပညာဖြစ် ပြုလုပ်သွားမည်ဖြစ်ပြီး စက်ရုံတည်ဆောက်ရာတွင်လည်း ဂျပန်နိုင်ငံတွင် လက်ရှိအသုံးပြုလျက်ရှိသော စက်ပစ္စည်းများအတိုင်း ပစ္စည်းအသစ်များဖြစ်သာ အသုံးပြုတည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို TT-CL PublicCompany Limited မှ တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ပြီး ယင်းစက်ရုံကို အမေရိကန်ဒေါ်လာ ၃ ဘီလီယံအကုန်အကျခံကာ ဆောက်လုပ်ရေးကာလ လေးနှစ်ဖြစ် မဂ္ဂါဝပ် ၁၂၈၀ ထွက်ရှိမည့်စက်ရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်အရင်ကဆို ကျောက်မီးသွေးစက်ရုံလာပြီးတော့ တည်ဆောက်မယ်ကြားရတော့ ဆိုးကျိုးတွေပဲ ခံစားရမယ်ဆိုပြီး စိတ်ပူပန်မှုတွေရှိခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ ရွာက သံလွင်မြစ်နံဘေးမှာပဲရှိတယ်၊ လေးရွာသားတွေက သံလွင်မြစ်ရေကိုပဲ သောက်သုံးနေရတယ်၊ ဆိုးကျိုးတွေ ခံစားရမှာကြောက်လို့ပါ၊ ဂျပန်နိုင်ငံကို ကျောက်မီးသွေးစွမ်းအင်သုံးလျှပ်စစ်ထုတ်လုပ်တဲ့ စက်ရုံတွေကို သွားရောက်လေ့လာကြည့်တော့ စိုးရိမ်ပူပန်မှုတွေနဲ့ တခြားစီဖြစ်နေတယ်၊ နည်းပညာမြင့်မားတဲ့အတွက် ဘာမှဘေးထွက်ဆိုးကျိုးမတွေ့ခဲ့ဘူး၊ အခု ဘားအံမှာ တည်ဆောက်မယ့် ကျောက်မီးသွေးစက်ရုံနဲ့ ပတ်သက်ပြီး သဘောတူပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ယင်း သတင်းစာရှင်းလင်းပွဲတွင် ဂျပန်နိုင်ငံ ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို သွားရောက်လေ့လာခဲ့သော ကြားတောရကျောင်းတိုက်ဆရာတော်ဦးဓမ္မဝရ တိုင်တောကျောင်းထိုင်ဆရာတော် ဦးကုသလဗုဒ္ဓိ၊ ဦးစောမြထွန်း၊ ဦးစောမိုးမြင့်၊ ဦးမြသောင်းနှင့် ဦးအောင်အောင်လှိုင်တို့က သွားရောက်လေ့လာခဲ့မှုနှင့် ပတ်သက်၍တွေ့ရှိချက်များကို ရှင်းလင်းပြောကြားပေးပြီး ယခုဘားအံမြို့နယ်၌ စက်ရုံတည်ဆောက်မှုများကို သဘော တူညီကြောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။



အဆိုပါ ရင်းနှီးမြှုပ်နှံမှုသည် ကုမ္ပဏီမှ ၉၅ ရာခိုင်နှုန်းလုပ်မှဖြစ်ကာ ပြည်နယ်အစိုးရအနေဖြင့် ငါးရာခိုင်နှုန်းရရှိမည်ဖြစ်ပြီး ၃ ဘီလီယံတွင် သန်း ၁၅၀ ဒသမ ရင်းနှီးမြှုပ်နှံထားပြီးသာ ဖြစ်သည့်အတွက် ပြည်နယ်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ ထွက်ရှိသော လျှပ်စစ်ဓာတ်အားကိုလည်း မဟာဓာတ်အားလိုင်းပေါ်တင်ပြီး အသုံးပြုမည့်အတွက် မြန်မာနိုင်ငံရှိ အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်အတွက်လည်း အကျိုးရရှိမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ**

# ပိုမိုလူသိများပြီး စည်ကားလှသည့် ပြင်ဦးလွင်မြို့က ရေပုံ့တောင်ရေတံခွန်

**ပြင်ဦးလွင် ဇန်နဝါရီ ၁**

ပြင်ဦးလွင်မြို့၌ နာမည်ကျော်ကြားထင်ရှားသော ရေတံခွန်များစွာရှိသည့်အနက် ရေပုံ့တောင်ရေတံခွန်သည် သဘာဝရေတံခွန်ကြီးတစ်ခုဖြစ်ပြီး တောတောင်အထပ်ထပ်ကို အဆင့်ဖြတ်ကျော် စီးဆင်းလာကာ အလွန်လှပသော ရေတံခွန်ကြီးတစ်ခုဖြစ်သည်။

ရေပုံ့တောင်ရေတံခွန်သည် ပြင်ဦးလွင်မြို့၏ အရှေ့မြောက်ဘက်တွင်တည်ရှိနေပြီး အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ငါးမိုင်သာ ဝေးကွာလျက် အနီးပတ်ဝန်းကျင်ရွာများဖြစ်သော ရွှေသင်း၊ ရွှေမြင်သာ၊ ဆင်ခေါင်းလေး၊ ညောင်နီ၊ ပိန္နဲကုန်း(မြောက်) စသည့်ကျေးရွာတို့မှတစ်ဆင့် သွားလာရကြောင်း သိရသည်။

မော်တော်ကား၊မော်တော်ဆိုင်ကယ်တို့နှင့် သွားလာရာတွင် ရွှေမြင်သာ၊ ပိန္နဲကုန်း(မြောက်)၊ ဆင်ခေါင်းလေးရွာတို့မှသွားပါက ရေတံခွန်တောင်ထိပ်အထိလည်းကောင်း၊ ရွှေသင်းရွာမှသွားပါက မော်တော်ဆိုင်ကယ်လမ်းအတိုင်း ရေတံခွန်အစပြုရာ ပထမအဆင့်အနီးသို့လည်းကောင်း တိုက်ရိုက်သွားနိုင်နေပြီး ရေပုံ့တောင်ရေတံခွန်ကြီးသည် သဘာဝ တောတောင်ကြီးများအတွင်း ပထမဆင့်မှ သတ္တမဆင့်အထိ အဆင့်ဆင့်ဖျာကျစီးဆင်းကာ ရေတံခွန်များဖြစ်ပေါ်လျက် ရေတံခွန်တစ်ခုနှင့်တစ်ခုသည် ပေ ၃၀၀ ကျော် ၁၀၀၀ မျှဝေးကွာကြကာ ရေတံခွန်၏အရှည်သည် တစ်မိုင်ကျော်ရှည်လျားကြောင်း သိရသည်။



ရေတံခွန်တွင်အဆင့် ခုနစ်ဆင့်ရှိနေပြီး တတိယအဆင့်ရေတံခွန်နှင့် သတ္တမအဆင့်ရေတံခွန်တို့မှာတခြားသော အဆင့်တို့ထက် ပိုမိုလှပသည်။ လာရောက်လည်ပတ်သူအများစုတို့မှာ ခရီးလမ်းကြမ်းတမ်းခြင်း၊ အတက်အဆင်းမတ်စောက်ခြင်း၊ တောနက်၍လူသူပြတ်တောက်ခြင်းတို့ တစ်ခါတစ်ရံဖြစ်ပေါ်တတ်သောကြောင့် တတိယအဆင့်ရေတံခွန်အထိသာ ကြည့်ရှုလည်ပတ်ကြကာ သတ္တမအဆင့်ရေတံခွန်သို့ အရောက်နည်းကြကြောင်း သိရသည်။

"တခြားဒေသက ဧည့်သည်တွေက ရေတံခွန်ရဲ့အတိမ်အနက်၊ ရေအနေအထား၊ ကျောက်ဆောင်ကျောက်တုံးတွေနဲ့ တချို့နေရာတွေမှာ ချိုင့်ကြီးတွေရှိနေတာကို မသိရှိကြသေးပါဘူး၊ အန္တရာယ်ရှိနိုင်လို့ လာရောက်လည်ပတ်ကြသူတွေအနေနဲ့ သတိထားပြီး ဆင်ခြင်သင့်တယ်"ဟု ပိန္နဲကုန်း မြောက်ရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# မြောက်နဝင်းဆည်ရေပေးဝေမှု ရေရယူမှုများအား ပြည်သူနှင့်အတူ ဆောင်ရွက်



**ပြည် ဇန်နဝါရီ ၁**

မြောက်နဝင်းဆည်ရေသောက်စနစ်အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စတင်၍ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို (JICA ODALOAN) ချေးငွေအထောက်အပံ့ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနလက်အောက်ရှိ လက်ထောက်ညွှန်ကြားရေးမှူးတစ်ရုံး၊ တည်ဆောက်ရေး(၂)ပြည်မြို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ခရိုင် ပြည်မြို့နယ်အတွင်းရှိ မြောက်နဝင်းရေလှောင်တမံမှ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နွေစပါးဧက ၁၈၀၀၀ ကျော်ကို ရေပေးဝေရန် လျာထားသတ်မှတ်ထားပြီး ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ရေပေးဝေခဲ့သည်။ စီမံကိန်းများ ဆောင်ရွက်စဉ်ကာလတစ်လျှောက် တောင်သူများ၊ ပြည်သူ့ကိုယ်စားလှယ်တော်များနှင့် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့သည်။

ဒီဇင်ဘာ ၂၉ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ရေပေးမြောင်းများမှ နွေစပါးရေပေးဝေရာတွင် တောင်သူများ၏ လိုအပ်ချက်များ အခက်အခဲများအား ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်နှင့် ဦးဝင်းဦး (ဦးစီးအရာရှိ)ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့သည် နွေစပါးရေပေးဝေနေသည့် လက်ဝဲလက်တံ (၆) ဆည်ရေသောက်ကန်သာယာ၊ တဲကြီးကုန်း တလုပ်ပင်၊ ဇီးကုန်းလေးနှင့် သစ်ချိုပင်ကျေးရွာများရှိ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တောင်သူများက မြောင်းအတွက် ထပ်မံလိုအပ်ချက်များ တင်ပြခြင်း၊ တောင်သူများက လယ်ကြားမြောင်းများ တူးဖော်မည့် အစီအမံများ ဆွေးနွေးခြင်း၊ ရေအလှည့်ကျရယူရာတွင် စနစ်တကျရရှိရေးအတွက် ရေယူအဖွဲ့အစည်းများ အောင်မြင်စွာ ဖွဲ့စည်းနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# နေပြည်တော်၌ ဘဝနှင့်စပ်သိမှတ်ဖွယ်ရာ အဘိဓမ္မာ ဓမ္မဒါန ဟောပြောပို့ချမည်

**နေပြည်တော် ဇန်နဝါရီ ၁**

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ (နေပြည်တော်) လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်း ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ သင်တန်းမှူးဆရာမကြီး ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကတဇ)က ဘဝနှင့်စပ်သိမှတ်ဖွယ်ရာ အဘိဓမ္မာ ဓမ္မဒါန ဟောပြောခြင်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၆ရက် စနေနေ့ နံနက် ၉နာရီအချိန်တွင် နေပြည်တော် မြို့မဈေးဓမ္မာရုံကြီးတွင် ဟောပြောပို့ချ မည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲအခမ်းအနားသို့ တက်ရောက်လိုသူများအနေဖြင့် ဇန်နဝါရီ ၂ ရက်နောက်ဆုံးထားကာ ကြိုတင်စာရင်း ပေးရမည်ဖြစ်သည်။ ဓမ္မဒါန ဟောပြောပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဒေါက်တာဝင်းသန့်၊ ဖုန်း-၀၉ ၇၇၉ ၈၂၀ ၀၉၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် ဓမ္မဗျူဟာ သာသနမာမကအဖွဲ့၊ နေပြည်တော် လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း နဝမအကြိမ်မြောက် ဝိသုဒ္ဓိမဂ်၊ အဘိဓမ္မာစာအောင် ပုဂ္ဂိုလ်များ ဆုနှင်းသဘင်အခမ်းအနားကို ဇန်နဝါရီလ ၇ ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီအချိန်တွင် မြို့မဈေးအနီးရှိ အ.ထ.က ၅ နေပြည်တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ပရိယတ္တိသဒ္ဓမ္မပါလ စာမေး၊ စာပြန်ပွဲ ကျင်းပ

**သီပေါ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်အား အမှူးထား၍ (၁၅)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ရှမ်းဘာသာဖြင့် ပရိယတ္တိသဒ္ဓမ္မပါလစာမေး၊ စာပြန်ပွဲတော်ကို ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ စာပြန်ပွဲတော်သို့ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၆၇ ကျောင်းတို့မှ ရဟန်းသံဃာတော်နှင့် ရှင်သာမဏေပေါင်း ၃၉၄ ပါး ဝင်ရောက်ဖြေဆိုတော်မူကြရာ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စများအတွက် စေတနာရှင်များက လှူဒါန်းပူဇော်ကြပြီး ဇန်နဝါရီ ၁ ရက်(ပြာသိုလပြည့်)တွင် အောင်လက်မှတ်များ ဆက်ကပ်ခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲ အခမ်းအနားကို ဒီဇင်ဘာလနောက်ဆုံးပတ်က အဆိုပါတက္ကသိုလ် သီရိရတနာခန်းမ၌ ကျင်းပရာ မန္တလေးအဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ မန္တလေးအဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်အေးအေး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ မိမိကြီးနှင့် ပါမောက္ခ၊ ဌာနမှူးများ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ဘာသာစကားဌာနအသီးသီးက ကာယအလှမယ် ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲကျင်းပရာ တတိယဆုရရှိသော ပြင်သစ်ဘာသာဌာနမှ မမေနီထွန်းကို မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ မိမိကြီးက လည်းကောင်း၊ ဒုတိယဆုရရှိသော ဂျာမန်ဘာသာဌာနမှ မသက်ထားဆွေဇင်ကို မန္တလေးအဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်အေးအေးကလည်းကောင်း၊ ပထမဆုရရှိသော အင်္ဂလိပ်ဘာသာဌာနမှ မမေသက်ထွန်းကို ပါမောက္ခချုပ် ဒေါက်တာတင့်တင့်က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မန်း (ကိုယ်ပွား)**

# မြန်မာ့အကြီးဆုံး ရေချိုအိုင်များ

**မောင်သာ(ရှေးဟောင်းသုတေသန)**



မြန်မာနိုင်ငံအတွင်း၌ တည်ရှိနေကြသည့် အင်းအိုင်ကြီးများအနက် သဘာဝအလျောက်ဖြစ်တည်ခဲ့သည့် ရေချိုအိုင်ကြီးနှစ်ခုမှာ တောင်ပေါ်ရေကန်ကြီးအဖြစ် ထင်ရှားသည့် အင်းလေးကန်နှင့် အင်းတော်ကြီးတို့ ဖြစ်ကြသည်။ အင်းလေးကန်သည် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်အတွင်း ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၀၀ တွင် တည်ရှိကာ အင်းတော်ကြီးသည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း ပင်လယ်ရေမျက်နှာပြင်အထက် ၅၄၆ ပေအမြင့်တွင် တည်ရှိသည်။ မြန်မာနိုင်ငံ၏ သဘာဝရေချိုအိုင်များအနက် အင်းတော်ကြီးက အကြီးဆုံးနှင့် အင်းလေးကန်က ဒုတိယအကြီးဆုံးဖြစ်သည်။

**တောင်ပေါ် အင်းလေးကန်**

အင်းလေးဟူသည့်အမည်သည် ကန်အနီးတွင်တည်ရှိခဲ့သည့် နောင်တော၊ နန်းပန်၊ ရွာကြီးနှင့် ရွာမဟူသည့် ရွာလေးရွာကိုပေါင်း၍ ခေါ်ဆိုသည့်အမည်ဖြစ်သည်။ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း ပထမတွဲတွင် ရေးသားထားချက်များအရ လွန်ခဲ့သည့် နှစ် ၁၀၀၀၀ က မိုးကောင်း၊ ညောင်ရွှေ၊ ဟဲဟိုး၊ လားရှိုး၊ မိုးကုတ်၊ ကျိုင်းတုံ စသောဒေသများတွင် အလွန်ကြီးမားသော အင်းအိုင်ကြီးများရှိခဲ့သည်။ ယင်းတို့အနက် ရှမ်းကုန်းပြင်မြင့်ရှိ ညောင်ရွှေချိုင့်ဝှမ်းရေအိုင်မကြီးသည် နှစ် ၁၀၀၀၀ မှနှစ် ၇၀၀၀ အကြား ကျောက်ခေတ်လယ်(Mesolithic Age)ကာလတွင် ဆုတ်ယုတ်လျော့ပါးလာပြီးနောက် အင်းလေးကန်နှင့် အင်းတော်ကြီးအပါအဝင် အိုင်များ ကျန်ရှိခဲ့သည်။ မူလရေအိုင်ကြီးသည် စတုရန်းမိုင် ၁၉၀ အထိ ကျယ်ဝန်းခဲ့ကြောင်း ခန့်မှန်းခဲ့သည်။

အင်းလေးကန်သည် တောင်မြောက်အလျား ကိုးမိုင်နှင့် အရှေ့အနောက် အကျယ်ဆုံးနေရာတွင် သုံးမိုင်ခွဲ ကျယ်ဝန်းသည်။ အင်းလေးကန်၏ ရေပြင်ဧရိယာသည် ၂၅ ဒသမ ၈ စတုရန်းမိုင်ရှိပြီး ကန်ရေအနက်သည် ခြောက်သွေ့ရာသီတွင် ပျမ်းမျှ ခုနစ်ပေနှင့် မုတ်သုံရာသီတွင် ၁၂ ပေ ဖြစ်ကာ မိုးရာသီတွင် ပေ ၂၀ ဖြစ်သည်။ ရေတိမ်အင်းဖြစ်သည့် အင်းလေးကို အင်းတိမ်ဟု ခေါ်ဆိုခဲ့ကြသော်လည်း အင်းလေးဟုသာ ထင်ရှားခဲ့သည်။

အရှေ့၊ အနောက်နှင့် မြောက်ဘက်မှ မြစ်ချောင်းများ စီးဝင်လျက်ရှိသည့် အင်းလေးသည် ဘီလူးချောင်းအတွင်း ဝင်သွားကာ လွိုင်ကော်မြို့နယ်တွင် နမ့်ပေါင်မြစ်နှင့်ပေါင်းဆုံပြီး သံလွင်မြစ်အတွင်းသို့ စီးဆင်းသွားသည်။

**ဇီဝဝန်းကျင်နယ်မြေ**

အင်းလေးသည် ၄၅ ဒီဂရီ ဖာရင်ဟိုက်နှင့် ၉၀ ဒီဂရီ ဖာရင်ဟိုက်အကြား မျှတသော အပူချိန်ရှိကာ မိုးရေချိန် လက်မ ၆၀ ရှိ သည်။ အင်းလေးကန်တွင် ငှက်မျိုးစိတ် ၂၇၀၊ ငါးမျိုးစိတ် ၄၃ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၃၄ မျိုး၊ လိပ်သုံးမျိုး၊ လိပ်ပြာ ၃၄ မျိုးနှင့် ကမ္ဘာပေါ်၌ အခြားနေရာများတွင်မရှိသည့် ခရုမျိုးစိတ် ၂၀ နှင့် ငါးမျိုးစိတ်ကိုးမျိုး ကျက်စားနေထိုင်ကြသည်။ နိုဝင်ဘာလမှ ဇန်နဝါရီလအတွင်း ဆောင်းရာသီတွင် ဆောင်းခိုငှက်များသည် အင်းလေးကန်ဝန်းကျင်သို့ ရောက်လာလေ့ရှိကြပြီး ဒေသနေ အညိုရောင် ဦးခေါင်းမည်းစင်ရော် ကောင်ရေ ၂၀၀၀၀ ကျော်ကို အင်းလေးကန်အတွင်း မြင်တွေ့နိုင်ကြသည်။ ငါးဖိန်း(Cyprinus intha)ငါးမျိုးစိတ်သည် အင်းလေးကန်အတွင်း အများဆုံးရှိနေပြီး ဒေသနေသူများသည် ငါးဖိန်းကို အများဆုံး စားသုံးကြသည်။

အင်းလေးကန်သည် လူဦးရေ တိုးပွားလာမှု၊ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်း တိုးတက်လာမှုတို့ကြောင့် သဘာဝဝန်းကျင်အပေါ် သက်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။ အင်းလေးကန်အနောက်ပိုင်းတွင် ကျွန်းမျောစိုက်ခင်းများ တိုးပွားလာခြင်းကြောင့် ၁၉၃၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ၆၅ နှစ်အတွင်း ကန်ရေမျက်နှာပြင်ဧရိယာသည် ၆၉ ဒသမ ၁ စတုရန်းကီလိုမီတာမှ ၄၆ ဒသမ ၆ စတုရန်း ကီလိုမီတာသို့ လျော့ကျခဲ့ကာ ကန်ဧရိယာ ၃၂ ရာခိုင်နှုန်း သေးငယ်သွားခဲ့သည်။

အင်းလေးကန်၏ ကြွယ်ဝသည့် ငါးသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲ၊ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းနိုင်ရေးအတွက် မြန်မာနိုင်ငံက ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)သို့ အင်းလေးကန်ဒေသအား လူသားနှင့်ဇီဝအဝန်းနယ်မြေ (Man and Biosphere-MAB) အဖြစ်သတ်မှတ်နိုင်ရန် ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်တွင် အဆိုပြုခဲ့သည်။ ယူနက်စ်ကိုအဖွဲ့သည် လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ်ကို ၁၉၇၁ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ နယ်မြေ ၆၅၁ ခုကို လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်နိုင်ခဲ့ရာ အင်းလေးကန်ဒေသကိုလည်း မြန်မာနိုင်ငံ၏ ပထမဆုံးသော လူသားနှင့်ဇီဝအဝန်းနယ်မြေအဖြစ် ၂၀၁၅ ခုနှစ် ဇွန်လ ၉ ရက်တွင် အတည်ပြုခဲ့သည်။

ဇီဝအဝန်းနယ်မြေ အစီအစဉ်၏ အဓိကရည်ရွယ်ချက်သည် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးမြှင့်တင်ခြင်း၊ ဒေသတွင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း၊ လူသားနှင့် သဘာဝပတ်ဝန်းကျင်အကြား ဆက်နွှယ်မှု ညီညွတ်မျှတစွာ တိုးတက်လာစေရန် ထိန်းညှိစီမံမည့် စနစ်တစ်ရပ် ချမှတ်ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

အင်းလေးကန်ဝန်းကျင်နှင့် အင်းလေးကန်အတွင်း အင်းသားလူမျိုး ၇၀၀၀၀ နှင့် ရှမ်း၊ တောင်ရိုး၊ ဓနု၊ ပအိုဝ်း၊ ကယားနှင့် ဗမာလူမျိုးများ နေထိုင်ကြသည်။ အင်းလေးဒေသနေသူများသည် အဓိကအားဖြင့် လယ်ယာလုပ်ငန်း၊ ပန်းထိမ်၊ ပန်းပဲ၊ ပန်းတဉ်း၊ ရက်ကန်း၊ ငါးဖမ်းလုပ်ငန်းနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး လုပ်ငန်းများဖြင့် အသက်မွေးမြူကြသည်။

အင်းသားတို့သည် အင်းလေးကန်အတွင်း ငါးဖမ်းကြသည့်အပြင် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို ကန်ရေပြင်ရှိ ကျွန်းမျောများပေါ်တွင် စိုက်ပျိုးကြသည်။ အင်းလေးကန်အတွင်း၌ သဘာဝအတိုင်းဖြစ်ပေါ်လာသည့် ကျွန်းမျောများရှိသကဲ့သို့ လူလုပ်ကျွန်းမျောများလည်းရှိသည်။ လူလုပ်ရေမျောစိုက်ခင်းများကို ပြုလုပ်ရာတွင် အင်းလေးကန် ရေနက်ပိုင်းအောက်ခြေမှ ရေမှော်ပင်များကို ရေပြင်ပေါ်သို့ ဆွဲတင်၍ မိမိတို့စိုက်ပျိုးလိုသည့်နေရာများတွင် ဝါးတိုင်များဖြင့်ဖွဲ့နှောင်ကာ ပြုလုပ်ကြသည်။ ထိုစိုက်ခင်းများသည် ရေပြင်အနိမ့်အမြင့်အတိုင်း ရေပေါ်တွင် အတက်အကျဖြစ်နေသဖြင့် ရေလျှံမှုမရှိဘဲ စိုက်ခင်းများပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြပေသည်။

အင်းလေးကန်အတွင်း လှေများဖြင့် အဓိကသွားလာကြကာ အနည်းငယ်ကြီးမားသောလှေများကို အင်ဂျင်စက်များတပ်ဆင်ပြီး မောင်းနှင်ကြသည်။ အင်းလေးကန်အတွင်း လှေလှော်သူများက လှေများကို ခြေထောက်ဖြင့် လှော်ခတ်သွားလာကြခြင်းသည် ကမ္ဘာကျော်ဓလေ့တစ်ခုဖြစ်ပေသည်။ လှေပေါ်တွင် မတ်တတ်ရပ်လျက် လှော်တက်ရှည်ကို ခြေထောက်တစ်ဖက်ဖြင့်ညှပ်ကာ လှော်တက်အဖျားကို လက်ဖြင့်ထိန်းလျက် ခြေထောက်ကိုအားပြု၍ လှော်ခတ်ကြပုံကို အင်းလေးဒေသတွင် ထူးခြားစွာ မြင်တွေ့ကြရသည်။

ရှေးယခင်က အင်းလေးကန်အတွင်း လှေများကို ထိုင်၍လှော်ခတ်ခဲ့ကြရာတွင် လှေလှော်သူသည် လှေရှေ့ရှိရေပြင်တွင် မျောပါနေသည့်မှော်ပင်များကို မမြင်ရသဖြင့် မတ်တတ်ရပ်ကာ လှော်ခတ်ကြရာမှ ခြေဖြင့်လှေလှော်သည့်ဓလေ့ ဖြစ်လာခဲ့သည်ဟု ဆိုကြသည်။ အများအားဖြင့် အမျိုးသားများကသာ မတ်တတ်လှေလှော်လေ့ရှိကြပြီး အမျိုးသမီးများကမူ လှေအတွင်း ထိုင်လျက်ပင် လှော်ခတ်ကြသည်။ သို့သော် လှေလှော်ပြိုင်ပွဲများတွင် အမျိုးသမီးများသည်လည်း အမျိုးသားများကဲ့သို့ မတ်တတ်ရပ်လျက် လှော်ခတ် ပြိုင်ပွဲဝင်လေ့ရှိကြသည်။

အင်းလေးဒေသတွင် တောင်ကြီးဈေး၊ ရွာမရေပေါ်ဈေး၊ အောင်ပန်းဈေး၊ မိုင်းပျိုးဈေး၊ ဆတ်သေဈေး၊ နမ့်ခုတ်ဈေး၊ ပင်ခွန်ဈေး စသည်ဖြင့် ငါးရက်ဈေးများရှိသည်။ ထိုဈေးရက်များတွင် ဒေသမှ အင်းသားများ ဆုံစည်းလေ့ရှိကြသည်။ ငါးရက်ဈေးများသည် တောင်ကြီးတွင် ၁၀ နေရာ၊ ညောင်ရွှေတွင် ၁၃ နေရာ၊ မိုင်းသောက်တွင် ၁၀ နေရာ၊ ဟဲဟိုးတွင် ၁၁ နေရာနှင့် ရွှေညောင်တွင် ၁၁ နေရာရှိကာ ဒေသထွက်ကုန်များနှင့် ခေတ်မီအသုံးအဆောင်များကို ရောင်းချလေ့ရှိကြပေသည်။

အင်းလေးဒေသထွက် လက်မှုပစ္စည်းများသည် အထူးထင်ရှားပြီး ဆေးပေါ့လိပ်များမှသည် အင်းလေးတွင်ရက်လုပ်သော အဝတ်အထည်များ၊ လွယ်အိတ်များ၊ ပိုးခြည်ဖြင့်ရက်လုပ်သည့် အင်းလေးလုံခြည်များ၊ ငွေထည်ပစ္စည်းများ၊ လက်ဝတ်တန်ဆာများကို အင်းလေးကန်အတွင်း၌ပင် ဝယ်ယူနိုင်ကြသည်။ အင်းလေးကန်အတွင်း လှေငယ်များဖြင့် လှည့်လည်ရောင်းချကြသည့် လှေပေါ်ဈေးများကိုလည်း ခရီးသွားများ စိတ်ဝင်စားကြသည်။ ထို့အတူပင် အင်းလေးဒေသတွင်သာ ထုတ်လုပ်သည့် ကြာသင်္ကန်းသည် နာမည်ကြီးသကဲ့သို့ တန်ဖိုးလည်း ကြီးမားလှပေသည်။ ကြာရိုးကြာနွယ်များကို အဆစ်များဆစ်ကာ ဖြတ်တောက်ဆွဲငင်၍ ထွက်ရှိလာသည့် ကြာမျှင်များကို ချည်ဖြစ်အောင်ကျစ်ပြီးမှ ရက်လုပ်ရသော သင်္ကန်းဖြစ်သဖြင့် လူအင်အားများများ အချိန်များများ အသုံးပြုကြရသည်။

**အင်းတော်ကြီး**

ဘူမိဖွဲ့စည်းမှုများအရဖြစ်ပေါ်လာသည့် အရှေ့တောင်အာရှဒေသ ကုန်းတွင်းရေချိုအိုင်များတွင် အင်းတော်ကြီးသည် အကြီးဆုံးဖြစ်သည်။ အင်းတော်ကြီးအိုင်ရေပြင်သည် အရှေ့မှအနောက်သို့ ၈ ဒသမ ၁ မိုင်၊ တောင်မှမြောက်သို့ ၁၅ မိုင် ကျယ်ဝန်းကာ ဧရိယာစတုရန်းမိုင် ၁၀၀ ရှိသည်။ အင်းတော်ကြီးရေပြင်သည် အင်းလေးကန်ထက် ပိုမိုနက်ရှိုင်းကာ အနောက်ဘက်ဆုံးနေရာများသည် ရေအနက်ဆုံးဖြစ်သည်။ အင်းတော်ကြီးအိုင် ဝန်းကျင်၌ ကျေးရွာပေါင်း ၂၀ ရှိသည့်အနက် အိုင်ပတ်လည်တွင် ကျေးရွာ ၁၃ ရွာရှိကာ ရှမ်းနှင့် ကချင်လူမျိုးများ အများဆုံးနေထိုင်ကြသည်။ အင်းတော်ကြီးအိုင်သည် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်သည်။

အင်းတော်ကြီးဒေသကို အရှေ့ဘက်တွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အထိ၊ အရှေ့တောင်ဘက်တွင် ဟိုပင်နှင့် မိုးညှင်းအကြားရှိ ကကျော်တောင်ကြားအထိ၊ တောင်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အထိ၊ အနောက်ဘက်နှင့် မြောက်ဘက်တွင် ကချင်ပြည်နယ် ကာမိုင်းမြို့နယ်အထိ အကျယ်အဝန်း စတုရန်း ၃၁၄ ဒသမ ၆၇ မိုင်ဟု သတ်မှတ်ထားသည်။

အင်းတော်ကြီးဒေသကို ပေ ၁၀၀၀ မှ ၄၀၀၀ ကျော်အထိမြင့်သော ကျောက်တောင်များက ဝန်းရံနေကာ တောင်တန်းများတွင်မြစ်ဖျားခံသော ချောင်းငယ်ပေါင်း ၁၂ ခုက အင်းတော်ကြီးကန်သို့ အရပ်လေးမျက်နှာမှ စီးဝင်လျက်ရှိပြီး မိုးကောင်းတွင်မြစ်ဖျားခံခဲ့သော အင်းတော်ကြီးချောင်းမှ ရေများ ပြန်လည်စီးထွက်သည်။

**အင်းတော်ကြီးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး**

အင်းတော်ကြီးကန်အတွင်း ငါးမျိုးပွားမှု မထိခိုက်စေရန်အတွက် ရွှေမဥ္ဇူရေလယ်ဘုရား တစ်မိုင်ပတ်လည်ဧရိယာကို ငါးမဖမ်းရနယ်မြေအဖြစ် သတ်မှတ်ထားသည်။ အင်းတော်ကြီးပတ်ဝန်းကျင်တွင် နေထိုင်ကြသူများသည် ငါးဖမ်းလုပ်ငန်းဖြင့် အဓိက အသက်မွေးကြသဖြင့် ကန့်သတ်နယ်မြေပြင်ပတွင် သာမန်ငါးဖမ်းမှုကို ခွင့်ပြုထားသည်။

အင်းတော်ကြီးဒေသကို တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ထားသည်။ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ အင်းလေး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဝက်သည်းကန် ငှက်ဘေးမဲ့တော၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လှော်ကား သဘာဝဥယျာဉ်၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ သမီးလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မော့စကော့ကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တို့သည် မြန်မာနိုင်ငံ၏ ထင်ရှားသော ရေတိမ်ဒေသများ ဖြစ်ကြသည်။

၁၉၇၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် အီရန်နိုင်ငံ ကက်စပီယန်ပင်လယ်အနီးရှိ ရမ်ဆာမြို့၌ ရေတိမ်ဒေသများဆိုင်ရာ ကွန်ဗင်းရှင်းကို ပထမဆုံးကျင်းပခဲ့ပြီး ယင်းနေ့ကို ကမ္ဘာ့ရေတိမ်ဒေသများနေ့အဖြစ် သတ်မှတ်၍ နိုင်ငံတကာတွင် နှစ်စဉ်ကျင်းပခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ် မတ်လ ၁၇ ရက်တွင် အဖွဲ့ဝင် ၁၆၉ နိုင်ငံရှိသည့် ရမ်ဆာရေတိမ်ဒေသထိန်းသိမ်းရေး ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့သည်။

၂၀၀၄ ခုနှစ်တွင် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းလေ့လာချက်များအရ မြန်မာနိုင်ငံတွင် အရေးပါသည့် ရေတိမ်ဒေသ ၉၉ ခုကို မှတ်တမ်းတင်နိုင်ခဲ့ရာ ဧရာဝတီနှင့် ချင်းတွင်းမြစ်ဝှမ်းဒေသတွင် ၈၅ ခု၊ သံလွင်မြစ်ဝှမ်းဒေသတွင် ခြောက်ခု၊ စစ်တောင်းမြစ်ဝှမ်းဒေသတွင် ငါးခုနှင့် ရခိုင် ကမ်းရိုးတန်းဒေသတွင် သုံးခုဖြစ်သည်။ ယင်းတို့ကို ပင်လယ်ကမ်းခြေဒေသများဆိုင်ရာ ရေတိမ်ဒေသ၊ အင်းအိုင်နှင့် ရေကန်များဆိုင်ရာ ရေတိမ်ဒေသ၊ နွံနစ် သစ်ဆွေးဒေသများဆိုင်ရာ ရေတိမ်ဒေသ၊ စိမ့်တော စိမ့်မြေများဆိုင်ရာ ရေတိမ်ဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသဆိုင်ရာ ရေတိမ်ဒေသဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

ရမ်ဆာရေတိမ်ဒေသ စံနှုန်းသတ်မှတ်ချက် ကိုးချက်တွင် အင်းတော်ကြီးသည် ဇီဝဘူမိထူးခြားသည့် ဒေသအတွင်း၌ သဘာဝအတိုင်း (သို့မဟုတ်) သဘာဝနီးပါး အတိုင်း ရှိနေခြင်း၊ ထိခိုက်ပျက်စီးလွယ်သော မျိုးသုဉ်းရန်အန္တရာယ်ရှိသော (သို့မဟုတ်) မျိုးသုဉ်းလုနီးပါးဖြစ်နေသော မျိုးစိတ်များနှင့် ခြိမ်းခြောက်ခြင်းခံနေရသော ဂေဟအဖွဲ့အစည်းများ ရှိနေခြင်း၊ ရေပျော်ငှက်ပေါင်း ၂၀၀၀၀ နှင့်အထက် ပုံမှန်ကျက်စားနေနိုင်ခြင်း၊ ရေပျော်ငှက်မျိုးစိတ် (သို့မဟုတ်) တစ်ဆင့်ခံမျိုးစိတ်တစ်ခုချင်းစီ၏ အကောင်ရေပေါင်း တစ်ရာခိုင်နှုန်း ပုံမှန်ထောက်ပံ့နိုင်ခြင်းဟူသော အချက်များတွင် အကျုံးဝင်သဖြင့် ရမ်ဆာရေတိမ်ဒေသအဖြစ် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။

ရမ်ဆာရေတိမ်ဒေသ ဖြစ်လာသဖြင့် အင်းတော်ကြီးဒေသရှိ အပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ပိုမိုထိန်းသိမ်းလာနိုင်သည့်အပြင် အင်းတော်ကြီးဒေသ သဘာဝအခြေခံခရီးသွားလုပ်ငန်းလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အင်းတော်ကြီးဒေသရှိ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် အမြဲစိမ်းတော ရေတိမ်ဂေဟစနစ်တစ်ခုဖြစ်ပြီး ဆင်၊ သမင်၊ စိုင်၊ ဆတ်၊ တောဆိတ်၊ တောင်ဆိတ်၊ ရေပျော်ငှက်များ လာရောက်ကျက်စားသော ဒေသတစ်ခုဖြစ်သည်။

ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်ခံရသော ဒေသများသည် နိုင်ငံတကာ အလေးထားမှုများ တိုးမြင့်ရရှိလေ့ရှိပြီး ရေတိမ်ဒေသထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း ထိရောက်စွာ လုပ်ဆောင်လာနိုင်ကြသည်။ ယနေ့ ကမ္ဘာ့နေရာအနှံ့တွင် ကြုံတွေ့နေကြရသည့် ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းများကို လျှော့ချနိုင်မည့် နည်းလမ်းများတွင် ရေတိမ်ဒေသများအား စနစ်တကျ ထိန်းသိမ်းကာကွယ်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထို့အတူ ရေတိမ်ဒေသများတွင် ဇီဝမျိုးစုံ၊ မျိုးကွဲများ၊ ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ လာရောက်ကျက်စားလေ့ရှိသဖြင့် ဂေဟစနစ်မပျက်စီးရန် လိုအပ်သည်။

အင်းတော်ကြီးသည် နို့တိုက်သတ္တဝါနှင့် ငှက်များအပါအဝင် သတ္တဝါမျိုးစိတ်များ မှီခိုရှင်သန်နေကြသည့် နေရာတစ်ခုဖြစ်ပြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ၁၉၉၉ ခုနှစ်တွင် ထူထောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် မျိုးတုံးလုနီးပါးဖြစ်နေသည့် ငှက်မျိုးစိတ် ၁၀ မျိုးကို အင်းတော်ကြီးတွင် တွေ့ရှိရသည်။ အင်းတော်ကြီးအတွင်း မော်တော်ဖြင့် လှည့်လည်ကြည့်ရှုပါက ရေတိမ်ဒေသနေ သတ္တဝါများကို မြင်တွေ့နိုင်ကြသည်။ နှစ်စဉ် ဆောင်းခိုငှက်များ လာရောက်နားခိုလေ့ရှိသည့် အင်းတော်ကြီးရေပြင်သည် မိုးရာသီကုန်ဆုံးပြီးတိုင်း ကြည်လင်သန့်ရှင်းနေပေသည်။

အင်းလေးနှင့် အင်းတော်ကြီးတို့သည် လှပသာယာသော သဘာဝပတ်ဝန်းကျင်ရှုခင်းနှင့် ဇီဝတိရစ္ဆာန်မျိုးကွဲများကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများ နှစ်စဉ်လာရောက်လည်ပတ်လျက်ရှိသည်။ အင်းလေးကန်အတွင်းရှိ ဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်များနှင့် အင်းတော်ကြီးရှိ ရွှေမဥ္ဇူဘုရားတို့သည် မြန်မာလူမျိုးများ သွားရောက်ဖူးမြော်မှုများပြားသော ဘုရားများဖြစ်ကြသည်။ သဘာဝ ရေချိုအိုင်ကြီးများသို့ ပြည်တွင်းပြည်ပမှ လည်ပတ်သူများ များပြားလာသည်နှင့်အမျှ ရေကန်ကြီးများ ရေရှည်တည်တံ့စေရန်ကိုလည်း အားလုံးက စည်းကမ်းတကျ ဝိုင်းဝန်းစောင့်ရှောက်ကြရမည်ဖြစ်ပေသည်။ ။

**ကိုးကား**

**(၁) အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း (ပထမတွဲ)**
**(၂) မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၅)**
(၃) Ramsar Convention (Wikipedia)

# မန္တလေးတိုင်းဒေသကြီးတွင် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးမည်

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ဆင်ခြေထောက်ရောဂါကင်းဝေးရေး စီမံချက်အရ ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ဒသမအကြိမ်မြောက်အဖြစ် ဇန်နဝါရီ ၂၂ ရက်မှ ၃၁ နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး လူဦးရေ ၄ ဒသမ ၆ သန်းခန့်ကို ဆေးတိုက် ကျွေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ရောဂါပိုးမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာတင့်ဝေထံမှ သိရသည်။

အဆိုပါဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ၂၀၀၄ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ပြင်ဦးလွင်ခရိုင်အတွင်း ဆင်ခြေထောက်ရောဂါကင်းဝေးရေး စီမံချက်အနေဖြင့် ဆေးကျွေးခြင်းလုပ်ငန်းကို ငါးကြိမ်တိုင် တိုက်ကျွေးခဲ့ကာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ရောဂါရှိမရှိ ပြန်လည်ဆန်းစစ်ခြင်း လုပ်ဆောင်ရာတွင် အောင်မြင်ခဲ့ကြောင်း၊ ထိုနည်းတူစွာ ညောင်ဦးမြို့နယ်တွင်လည်း ၂၀၁၆ မတ်လတွင် ပြန်လည်ဆန်းစစ်ခြင်း အောင်မြင်ခဲ့သဖြင့် ၎င်းမြို့နယ်များကို ဆင်ခြေထောက်ရောဂါကင်းစင်ရေးဇုန်အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆင်ခြေထောက်ရောဂါကာကွယ်ဆေးကို အသက် နှစ်နှစ်အောက် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် နာတာရှည်ရောဂါသည်(ရေရှည်ဆေးစွဲသုံးသူ)များ သောက်သုံးခွင့်မရှိကြောင်း၊ ဆင်ခြေထောက်ရောဂါပိုးမှာ ခြင်များက သယ်ဆောင်လာခြင်းဖြစ်ပြီး ပိုးသယ်ဆောင်သောခြင်မှာ ရေပုပ်ရေသိုး၊ ရေမြောင်းများအတွင်း ပို၍ရှင်သန်ပေါက်ပွားကြသဖြင့် ရေမြောင်းများပေါများရာ နေရာများတွင် ဆင်ခြေထောက်ရောဂါ ပိုမိုဖြစ်ပွားနိုင်ကြောင်း အဆိုပါဌာနမှ သိရသည်။

"ဒီရောဂါက အဆင့် Zero က ဘာလက္ခဏာမှ မပြဘူး၊ ရောဂါတော့ ကူးစက်ခံနေရတယ်၊ အဆင့်(၁)မှာ လက္ခဏာ စပြတယ်၊ နေ့ခင်းမှာ ခန္ဓာကိုယ်အစိတ်ပိုင်းတစ်ခုခု ရောင်မယ်၊ ညကျတော့ ပုံမှန်အတိုင်း ပြန်ဖြစ်သွားတယ်၊ အဆင့်(၂) ကတော့ နေ့ခင်းလည်း ရောင်မယ်၊ ညပိုင်းလည်း ရောင်မယ်၊ ပုံမှန်အတိုင်း ပြန်မဖြစ်တော့ဘူး၊ လုံးဝ အမြစ်ပြတ်ကုလို့ရတာက အဆင့်(၁) အထိပဲရတယ်၊ အဆင့်(၂) ရောက်မှ ဆေးခန်းလာပြရင် တစ်သက်လုံး ဒီရောဂါ ခံစားရတော့မယ်၊ တခြားလူတွေမကူးစက်အောင် သူ့ကိုဆေးကျွေးမယ်၊ ရောဂါကို ဒီထက်ပိုမဆိုးအောင် ထိန်းထားလို့ပဲရနိုင်မယ်"ဟု အဖွဲ့ခေါင်းဆောင်က ဆက်လက်ပြောကြားသည်။

ဆင်ခြေထောက်ရောဂါသည် အဆင့် Zero မှစတင်ကာ အဆင့်(၇)အထိ စုစုပေါင်း အဆင့် ရှစ်ဆင့်ရှိပြီး အဆင့်(၁) အထိ ကုသ၍ ရနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ သတ်မှတ်ထားပြီး မန္တလေးတိုင်းဒေသကြီးအတွင်း၌ အမရပူရ၊ ပုသိမ်ကြီး၊ တံတားဦး၊ ဝမ်းတွင်းနှင့် ကျောက်ပန်းတောင်းမြို့နယ်တို့တွင် အများဆုံး ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လွတ်လပ်ရေးနေ့ဂုဏ်ပြု အားကစားပြိုင်ပွဲနှင့် စာပေပြိုင်ပွဲများကျင်းပ

**ဘိုကလေး ဇန်နဝါရီ ၁**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက်မှ စတင်၍ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိကြောင်း သိရသည်။



ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည်ဖြစ်သော လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် အဆိုပါ အားကစားပြိုင်ပွဲများကို လွန်ဆွဲပြိုင်ပွဲဖြင့် ဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲများအနေဖြင့် ကျောင်းသားကျောင်းသူများအတွက် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းဆင့် ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများ၊ လူငယ်များအတွက် ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်းနှင့် ရိုးရာခြင်းခတ်ပြိုင်ပွဲများ ကျင်းပနေသည့်အပြင် ကလေးငယ်များအတွက် မုန့်စားပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ အိတ်စွပ်အပြေးပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲစသည့် ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# ပန်းတောင်းမြို့နယ်စာရေးဆရာအသင်း သက်ကြီးစာပေပညာရှင်များအား ကန်တော့ပွဲကျင်းပ



**ပန်းတောင်း ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းမှ အသက်(၇၅)နှစ်အထက် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ဥသျှစ်ပင်မြို့ မြို့နယ်စာရေးဆရာအသင်းရုံး အလင်္ကာခန်းမ၌ ဒီဇင်ဘာ ၂၉ ရက် နေ့လယ်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် အသက်(၇၅)နှစ်အထက် သက်ကြီးစာပေပညာရှင်များဖြစ်ကြသော သံလယ်ကြီးကျောင်းဆရာတော် ဦးကေလာနန္ဒ(မင်းယုခိုင်-မင်းတုန်း)၊ ပန်းတောင်းအသင်းနာယက ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)(ဗိုလ်တင်လှိုင်-ပန်းတောင်း)၊ ဦးတင်ထွဋ်(ဆရာကြီး-ပန်းတောင်း)၊ ဦးအေးဖေ(အေးဖေ-ပန်းတောင်း)၊ ဦးသိန်းဟန်(ရဲဟန်-ပန်းတောင်း)တို့အား မြို့နယ်စာရေးဆရာများ၊ သတင်းမီဒီယာသတင်းထောက်များ၊ ကျေးရွာစာကြည့်တိုက်အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများနှင့်အတူ ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ မင်းယုခိုင်(မင်းတုန်း)နှင့် သက်ကြီးစာပေပညာရှင်များမှ အသီးသီး ဆုပေးဩဝါဒစကား ပြောကြားပြီး ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)နာယက ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)က ဆောက်လုပ်ဆဲ မြို့နယ်စာရေးဆရာအသင်း နှစ်ထပ်ရုံးကြီး ပြီးစီးရေးအတွက် အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းခဲ့ရာ အတွင်းရေးမှူး ဦးအောင်မြင့် (အောင်မြင့်ကျော်-ပန်းတောင်း)က လက်ခံကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**



**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ဒီဇင်ဘာ လူထုအားကစားလ နောက်ဆုံးပတ် စက်ဘီးစီးပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက်က ကျင်းပရာ စက်ဘီးချစ်ပြည်သူများ ပါဝင်ဆင်နွှဲစဉ်။ (စက်ဘီးစီးပွဲတွင် ကလေးမြို့လမ်းဆုံ မီးပွိုင့်မှ ခရိုင်ပြည်သူ့အားကစားကွင်းအထိ ဗိုလ်ချုပ်လမ်းမအတိုင်း တပျော်တပါး စုပေါင်းစက်ဘီးစီးကြပြီး ပြည်သူ့အားကစားကွင်း၌ ဘောလုံးကွင်းကို တစ်ပတ်ပတ်၍ ပန်းဝင်ကြကြောင်း သိရသည်။)**

ဂျူနိုင်း

## သတင်းတိုများ

### လွတ်လပ်ရေးနေ့ စာပေဟောပြောပွဲ ကျင်းပမည်

နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ညောင်တုန်းမြို့မှ စာပေမြတ်နိုးသူများက ဦးစီးကာ စာပေဟောပြောပွဲတစ်ရပ်ကို ညောင်တုန်းမြို့ ဗိုလ်ချုပ်ကြေးရုပ်အနီး မြို့ဦးထိပ် မိုးဟုတ်စေတီအနီး၌ ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက် ညများတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဇန်နဝါရီ ၃ ရက်တွင် ဆရာမင်းကိုနိုင်နှင့် ဆရာဦးဘုန်း(ဓာတု)တို့ကလည်းကောင်း၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဆရာအကြည်တော်နှင့် ဆရာညီမင်းညိုတို့ကလည်းကောင်း စာပေရေးရာများ ဟောပြောကြမည်ဖြစ်သည်။

**နေလင်း(ညောင်တုန်း)**

### မိုင်းပန်မြို့နယ်၌ ၂၅ ခုတင်ဆံ့ တပ်မတော်ဆေးရုံဖွင့်

မိုင်းပန်မြို့နယ် အမှတ်(၁၇) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၌ ၂၅ ခုတင်ဆံ့ တပ်မတော်ဆေးရုံဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။ တပ်မတော် ဆေးရုံဖွင့်ပွဲသို့ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းဝေလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးလွင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသားများ တက်ရောက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်အတွင်း ပညာရေးကဏ္ဍဆိုင်ရာ ထူးချွန်သူများအား ထူးချွန်ဆုများချီးမြှင့်

**ဘားအံ ဇန်နဝါရီ ၁**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများ၊ ထူးချွန်အောင်သင်ကြားပေးသော ဆရာ ဆရာမများ၊ အောင်ချက်ကောင်းသော ကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က ပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်ရာခိုင်နှုန်းမှာ ၂၉ ဒသမ ၄၇ ရာခိုင်နှုန်းရှိကာ နောင်နှစ်များတွင် ယခုထက် အောင်ချက်ရာခိုင်နှုန်း တိုးတက်ရန်နှင့် တစ်နိုင်ငံလုံးအဆင့်တွင်လည်း မြင့်မားလာအောင် ပညာရေးဌာနမှတာဝန်ရှိသူများ၊ ကျောင်းသားမိဘများ၊ ဒေသအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ အဖွဲ့အစည်းများ စုပေါင်းကြိုးစားကြစေလိုကြောင်း အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူးဦးစိုးမြင့်က ပြည်နယ်၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်အခြေအနေနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် အောင်ချက်အကောင်းဆုံး ပထမဆုရ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဒုတိယဆုရ ဘားအံမြို့နယ်နှင့် တတိယဆုရ လှိုင်းဘွဲ့မြို့နယ်တို့အား ဆုများချီးမြှင့်ပြီး ဆက်လက်၍ အောင်ချက်အကောင်းဆုံးကျောင်းများ၊ ထူးချွန်အောင်သင်ကြားပေးသော ဆရာ ဆရာမများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ပြည်နယ်အတွင်း၌ ၂၀၁၆-၂၀၁၇ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၂၂ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၄၉ ဦးရှိကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**သာစည် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို မြို့နယ်စည်ပင်သာယာနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၉ ရက်က ဆောင်ရွက်ခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးက ပွင့်လင်းရာသီသို့ ရောက်ရှိလာတော့မည်ဖြစ်ရာ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျ ကြိုတင်ဆောင်ရွက်ထားရှိရန်တို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မီးသတ်ဆေးဘူး စနစ်တကျအသုံးပြု၍ မီးငြိမ်းသတ်ပုံနှင့် မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ပုံများကို အရန်မီးသတ်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ စည်ပင်သာယာဝန်ထမ်းများ၊ ဈေးသူဈေးသားများ ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

**ထွန်းထွန်း(သာစည်)**



# ဘားအံမြို့တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော် စည်ကားစွာကျင်းပနိုင်ရေး ဆွေးနွေး

**ဘားအံ ဇန်နဝါရီ ၁**

တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရေး၊ စာပေယဉ်ကျေးမှုများ ဖလှယ်နိုင်ရေး၊ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်းများ၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုများ မပျောက်ပျက်စေရေးနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ရည်ရွယ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပထမဦးဆုံးအကြိမ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်ကို ကရင်ပြည်နယ် ဘားအံမြို့၌ ဖေဖော်ဝါရီလအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စတုတ္ထအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၀ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Centre ခန်းမ၌ ပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲတွင် ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်တို့က အကြံပြုဆွေးနွေးကာ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်စောလင်းက ယခင် ဆွေးနွေးပွဲသုံးကြိမ်မှ ဆွေးနွေးဆုံးဖြတ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကရင်၊ မွန်၊ ပအိုဝ်းနှင့် ရှမ်းတိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စားလှယ်များက တိုင်းရင်းသားအလိုက် ယဉ်ကျေးမှုများကို ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်ကို ပြည်ထောင်စုနေ့မတိုင်မီ ဖေဖော်ဝါရီ ၉ ရက်မှစ၍ ပြည်ထောင်စုနေ့အထိ ဘားအံမြို့ရှိ သီရိကွင်း၌ ပြုလုပ်နိုင်ရေး၊ တိုင်းရင်းသားတို့၏ သမိုင်းဝင်ပစ္စည်းများ၊ ရိုးရာအသုံးအဆောင်များနှင့် တူရိယာပစ္စည်းများ၊ ရှေးဟောင်းစာပေ၊ ခေတ်သစ်စာပေများ၊ သမိုင်းမှတ်တမ်းစာအုပ်များ၊ ရိုးရာဝတ်စားဆင်ယင်မှုများ၊ ရိုးရာ အကပဒေသာများ၊ ရိုးရာအစားအစာများ စသည်တို့ကို ပြသနိုင်ရေးအတွက် ဆောင်ရွက်ရမည့် အစီအစဉ်များကို ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ကိုယ်စားလှယ်များ၊ ကရင်တိုင်းသား လူမျိုးစုအလိုက် ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## ကျိုက်ထီးရိုးဘုရားဖူးများ ယာဉ်အန္တရာယ်ကင်းစေရန် အသိပညာပေး

**ကျိုက်ထို ဇန်နဝါရီ ၁**

ဒီဇင်ဘာကျောင်းပိတ်ရက်များအတွင်း မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်မှ ကျိုက်ထီးရိုးစေတီတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ အများအပြားလာရောက်လျက်ရှိရာ ဘုရားဖူးလာသော ပြည်သူများ ယာဉ်အန္တရာယ် ကင်းဝေးစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးမှုများကို ရဲတပ်ဖွဲ့နှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ကျိုက်ထိုမြို့အဝင်နှင့် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားတတ်သော နေရာများ၌ ဒီဇင်ဘာ ၂၈ ရက်က ဆောင်ရွက်ခဲ့သည်။

ဘုရားဖူးယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရန်အတွက် ယာဉ်မောင်းများအား အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ "ဒီရက်က ဘုရားဖူးရာသီနဲ့ ကျောင်းပိတ်ရာသီတိုက်ဆိုင်တော့ ကျိုက်ထီးရိုးကို ဧည့်သည်အဝင်များတယ်၊ အထူးသဖြင့် ဘုရားဖူးပြည်သူတွေရဲ့ အသက်က ယာဉ်မောင်းလက်ထဲမှာရှိတာ၊ ဒါကြောင့် ယာဉ်မောင်းတွေကို ဘယ်နေရာတွေမှာ သတိထားပြီး မောင်းရမယ်၊ ဘယ်လိုမောင်းရမယ်ဆိုတာ အသိပညာပေးဆောင်ရွက်တာပါ"ဟု ကျိုက်ထိုမြို့မစခန်းမှူး ဒုရဲမှူးမြင့်ဌေးက ပြောသည်။

ကျိုက်ထိုမြို့၌ မြို့အဝင် လက်ပြကျေးရွာအနီးရှိ မြို့ဝင်ဘီးခွန်ဂိတ်၊ ရတနာတည်းခိုခန်းရှေ့၊ မီးသတ်ရုံးရှေ့နှင့် ကော့စံနိုင်ရပ်ကွက်တို့သည် ယာဉ်မောင်းတို့အတွက် မျက်ကွယ်နေရာများဖြစ်သည့်အပြင် လူဖြတ်သန်းမှုများသည့်အတွက် ထိုနေရာများ၌ မကြာခဏ ယာဉ်တိုက်မှုများဖြစ်ပွားလေ့ရှိရာ အထူးသတိထား မောင်းနှင်ကြရန် ကျိုက်ထိုမြို့မရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့က အသိပညာပေးခြင်းဖြစ်သည်။

ကျိုက်ထိုမြို့နယ်အတွင်း ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်တွင် ယခုနှစ်ဆန်းပိုင်းမှစ၍ ယနေ့အထိ ဘုရားဖူးယာဉ်အပါအဝင် ယာဉ်မတော်တဆဖြစ်ပွားမှု ၁၂၈ မှုရှိခဲ့ရာ ယခုလို ယာဉ်အသွားအလာများသော ဘုရားဖူးရာသီတွင် အများပြည်သူ စိတ်အေးချမ်းသာစွာ ကုသိုလ်ယူနိုင်ရန်အတွက် ယာဉ်မောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## ယာဉ်စည်းကမ်း ပညာပေးဟောပြောပြီး ဆိုင်ကယ်စီးဦးထုပ်များပေးအပ်

**အောင်လံ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး အမှတ်(၄) ယာဉ်ထိန်းရဲတပ်ဖွဲ့က ကြီးမှူး၍ အောင်လံမြို့မှ ပြည်သူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၃၀ ရက်က အောင်လံမြို့စမ်းချောင်းရပ်ကွက် ပြည်လမ်းရှိ မော်တော်ယာဉ်ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲသို့ တိုင်းဒေသကြီး အမှတ်(၄)ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးသာဌေး၊ အောင်လံမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် ပုဂ္ဂလိကပိုင် လုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ကော်မတီဝင်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရန် ပျက်ကွက်ခဲ့ကြသော ဆိုင်ကယ်စီးနင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီးအမှတ်(၄) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးသာဌေးက တိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆဖြစ်ပွားမှု အခြေအနေများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဆောင်ရန်ရှောင်ရန်အချက်များကို ပညာပေးဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးကာ စည်းကမ်းလိုက်နာရန် ပျက်ကွက်ခဲ့ကြသော ဆိုင်ကယ်စီးနင်းသူ ၅၅ ဦးအား ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**



**စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် လုံခြုံရေးအတွက် မြို့တွင်းသွားလာနေသည့် ယာဉ်များအား ပိတ်ဆို့ရှာဖွေမှုများကို ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်မောင်ရည်၏ ကြီးကြပ်မှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းမောင် ဦးစီးသော ပူးပေါင်းအဖွဲ့က ကောလင်း-ဝန်းသို-ပင်လည်ဘူး ကားလမ်း ၅ မိုင်လမ်းဆုံ၌ ဒီဇင်ဘာ ၂၉ ရက်က ဆောင်ရွက်စဉ်။** မြို့နယ် (ပြန်/ဆက်)

# အောင်မြင်မှုများဆီ ဆက်လက်ချီတက်နေသည့် ရှမ်းယူနိုက်တက်

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ဒုတိယပတ်တွင် စတင်ကျင်းပတော့မည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများ အားလုံး အပြီးသတ်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ ပြိုင်ပွဲဝင် အသင်းများတွင် စိတ်ဝင်စားစရာ အကောင်းဆုံးအသင်းမှာ ပြီးခဲ့သည့်ရာသီတွင် အမှတ်ပေးနှင့် ရှုံး၊ထွက်ပြိုင်ပွဲ နှစ်ခုစလုံးတွင် ချန်ပီယံဆုရခဲ့ပြီး ပြည်ပပြိုင်ပွဲများ ယှဉ်ပြိုင်ရမည့် ရှမ်းယူနိုက်တက်အသင်းဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် လက်ရွေးစင်အဆင့် ပြည်တွင်းအမာခံကစားသမားကောင်းများ ပိုင်ဆိုင်ထား၍ လာမည့်ရာသီအတွက် ပြည်ပကစားသမားများကိုသာ အဓိကခေါ်ယူအားဖြည့်ခဲ့သည်။ ရာသီကြို အပြောင်းအရွှေ့ကာလတွင် အသင်းအတွက် အရေးပါသည့် ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး စာချုပ်သက်တမ်း ကုန်ဆုံးခဲ့သည့် ပြည်တွင်း အမာခံကစားသမားများဖြစ်သော အသင်းခေါင်းဆောင် သီဟစည်သူ၊ နောက်ခံလူ ဝင်းမင်းထွဋ်၊ ကွင်းလယ်လူ တင်ဝင်းအောင်၊ တိုက်စစ်မှူး ဇင်မင်းထွန်း၊ ဂိုးသမား မျိုးမင်းလတ်နှင့် ဝါရင့်တိုက်စစ်မှူး စိုးမင်းဦးတို့ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဖလားနှစ်လုံး ရခဲ့သည့်အသင်းတွင် အဓိကနေရာမှ ခြေစွမ်းပြကစားခဲ့သည့် နိုင်ဂျီးရီးယားတိုက်စစ်မှူး ခရစ္စတိုဖာကို သက်တမ်းတိုးခဲ့ပြီး ရတနာပုံ ကစားသမားဟောင်းများဖြစ်သော နောက်ခံလူ ဝီလျံနှင့် တိုက်စစ်မှူး ပက်ထရစ်၊ တောင်ကိုရီးယား ကွင်းလယ်ကစားသမား လီဟန်ကွတ်တို့ကို ခေါ်ယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရာသီ ပြည်တွင်းပြိုင်ပွဲနှစ်ခုတွင် ချန်ပီယံဆုကာကွယ်ရမည့်အပြင် အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရထားပြီး အကြိုခြေစစ်ပွဲ ပထမအဆင့်မှ ကစားရမည်ဖြစ်သည်။ အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြေစစ်ပွဲမအောင်ပါက AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် ပြည်ပပြိုင်ပွဲများတွင် အောင်မြင်မှုရရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

အသင်းပြင်ဆင်မှုနှင့် ပတ်သက်၍ ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက "အသင်းမှာ ပြည်တွင်းကစားသမားအင်အားက လုံလောက်မှုရှိတဲ့အတွက် ပြည်ပကစားသမားတွေကိုပဲ အဓိက ခေါ်ယူနေပါတယ်။ ကစားသမားဟောင်းတွေထဲက ခရစ္စတိုဖာကို သက်တမ်းတိုးထားပြီး အသစ်သုံးဦး ခေါ်ထားပါတယ်။ ကစားသမားခေါ်ယူမှုအပိုင်းကို နည်းပြတွေကို စိတ်ကြိုက် ဆောင်ရွက်ခွင့်ပြုထားပါတယ်။ ပြည်တွင်းကစားသမားတွေထဲမှာ လူငယ်အသင်းက စီနီယာအသင်းကို တင်ထားတဲ့သူတွေ ရှိသလို ပြီးခဲ့တဲ့ရာသီက နေရာမရခဲ့တဲ့ နေလင်းထွန်းဆိုရင် အခုခြေစွမ်းတော်တော် တိုးတက်လာတယ်လို့ သိရပါတယ်။ ပြည်တွင်းကစားသမားတွေထဲမှာ အမာခံကစားသမားတွေကို သက်တမ်းတိုးနိုင်ခဲ့တဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်တော်တို့အသင်းမှာ ကာလရှည်ကစားခဲ့ဖူးတဲ့သူတွေ ဖြစ်တာကြောင့် ဆက်လက် လက်တွဲခွင့်ရတာ ဝမ်းသာစရာပါ။ အသင်းနဲ့ သက်တမ်းမတိုးတဲ့ ကစားသမားတချို့ကိုလည်း ကျွန်တော်တို့က သူတို့ရဲ့ ဘဝနောင်ရေးအတွက် တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ကစားသမားဘဝက အနားယူတော့မယ့် နေဇော်ထက်ကို ကျွန်တော်တို့အသင်း ဒါရိုက်တာအဖွဲ့ဝင်ရဲ့ ကုမ္ပဏီမှာ အလုပ်ရအောင် ဆောင်ရွက်ပေးခဲ့သလို ဘောလုံးဆက်ကစားမယ့် နေဝင်းအောင်ကိုလည်း ရောဝတီအသင်းနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်တော်တို့အသင်းမှာ ကစားခဲ့တဲ့သူတွေကို အတတ်နိုင်ဆုံး သူတို့ရဲ့ ဘဝနောင်ရေးအတွက် ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လာမယ့်ရာသီကစပြီး ကစားသမားတွေကို စာချုပ်ချုပ်တဲ့နေရာမှာ သူတို့ရဲ့ ဘဝအာမခံချက် ဘယ်လိုရှိမလဲဆိုတာ ထည့်သွင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ အရင်က ကစားသမားတွေကို အပိုဆုကြေးတွေ ပေးခဲ့ပေမယ့် လာမယ့်ရာသီက စပြီး စာချုပ်ချုပ်တဲ့နေရာမှာ နိုင်ငံခြားသား ကစားသမားတွေလို အောင်မြင်မှုကို ကြည့်ပြီး ဆုကြေးပေးတဲ့ ပုံစံမျိုး လုပ်ဆောင်မှာပါ။ ဒါက နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ပုံစံအတိုင်း ဆောင်ရွက်တာဖြစ်ပြီး သူတို့အတွက် ပိုပြီးကောင်းမွန်မှာပါ။ ကျွန်တော်တို့က လာမယ့်ရာသီမှာ ပြည်တွင်းပြိုင်ပွဲတွေအပြင် အာရှအဆင့်ကလပ်ပြိုင်ပွဲတွေ ယှဉ်ပြိုင်ရမှာ ဖြစ်တာကြောင့် အသင်းကို စနစ်တကျ ပြင်ဆင်ထားပါတယ်။ အသင်းအသုံးစရိတ်ကိုလည်း ပုံမှန်အတိုင်း သုံးစွဲမှာ ဖြစ်ပေမယ့် စိစစ်ပြီး သုံးစွဲမှာဖြစ်ပါတယ်။ လာမယ့်ရာသီမှာ စီနီယာအသင်းအပြင် လူငယ်အသင်းတွေကိုလည်း အောင်မြင်မှုရအောင် လုပ်ဆောင်နေပြီး နည်းပြအဖွဲ့တွေကို တာဝန်ပေးပြီး သွားပါပြီ။ စီနီယာအသင်းမှာ နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်း၊ နည်းစနစ်အကြံပေးအဖြစ် ဦးဆန်းဝင်းကို ဆက်လက်တာဝန်ပေးထားပါတယ်။ သူတို့ကို ကာလရှည်ခန့်အပ်ထားပြီး သူတို့ကလည်း ရာထူးတွေ ခံစားခွင့်တွေထက် အသင်းအောင်မြင်မှုရဖို့ကို ဦးစားပေးတဲ့သူတွေဖြစ်တာကြောင့် အသင်းအတွက် လုပ်ဆောင်ရတာ အရမ်းကို ကောင်းမွန်ပါတယ်။ ပြည်တွင်းပြိုင်ပွဲတွေမှာ ချန်ပီယံဆု ကာကွယ်နိုင်ဖို့အပြင် ပြည်ပပြိုင်ပွဲတွေမှာ အောင်မြင်မှုရဖို့ ကြိုးစားမှာပါ"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ ၎င်းက "မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ အောင်မြင်မှုရဖို့နဲ့ တခြားအာဆီယံနိုင်ငံတွေက လိဂ်တွေလို ဖြစ်လာဖို့ဆိုရင် အချိန်ယူရပါမယ်။ လက်ရှိအနေအထားအရတော့ အောင်မြင်ဖို့ ကြိုးစားနေရတဲ့ အခြေအနေမျိုး ဖြစ်ပါတယ်။ လိဂ်ပြိုင်ပွဲအောင်မြင်မှ ကလပ်အသင်းတွေလည်း ဝင်ငွေကောင်းလာပြီး ငွေကြေးများများ သုံးစွဲနိုင်မှာပါ။ ဒါမှ ကစားသမားတွေကိုလည်း လစာကောင်းကောင်းပေးနိုင်မှာပါ။ အောင်သူတို့၊ ကျော်ကိုကိုတို့ ပြည်ပကလပ်အသင်းတွေမှာ သွားရောက်ကစားခွင့်ရတာကိုလည်း ဂုဏ်ယူဝမ်းသာပါတယ်။ အာဆီယံမှာ အောင်မြင်နေတဲ့ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နဲ့ အင်ဒိုနီးရှားလိဂ်တွေလိုဖြစ်လာဖို့ အများကြီးကြိုးစားရဦးမှာပါ။ ဒါပေမဲ့ မြန်မာ့ဘောလုံးတိုးတက်ဖို့ ရည်ရွယ်ချက်နဲ့ အားလုံးပေါင်းပြီး လုပ်ဆောင်နေတာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

**သတင်း-ညီမြတ်သော်တာ**



**ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ**



ဓာတ်ပုံ-စိုးညွန့်

**ရှမ်းယူနိုက်တက်အသင်း ဂိုးသမား သီဟစည်သူ လေ့ကျင့်နေစဉ်။**

# ပြည်တွင်းအခွန်များဦးစီးဌာန၏
# အခွန်နှုန်းထားလျှော့ချပြောင်းလဲခဲ့မှုအခြေအနေများကို
# အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံပြုချက်များ၊ ပြည်တွင်းရှိ စီးပွားရေးအသင်းအဖွဲ့များ၏ အကြံပြု တင်ပြချက်များအရ အခွန်နှုန်းနည်းနည်းဖြင့် အခွန်အခြေကို ချဲ့ထွင်ပြီး ရသင့်ရထိုက်သောအခွန်အကောက် များ ပြည့်ဝစွာကောက်ခံရရှိမည့်နည်းလမ်းအား ပြောင်းလဲကျင့်သုံးရန် အခွန်မူဝါဒကို ချမှတ်ခဲ့ပါသည်။

၂။ ထိုမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ၂၀၁၂ ခုနှစ်မှစ၍ မဟာဗျူဟာအစီအစဉ် ချမှတ်ဆောင်ရွက်ခဲ့ပြီး အဆိုပါမဟာဗျူဟာအစီအစဉ်အရ အခွန်အခြေကို ချဲ့ထွင်နိုင်ရန်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အထူးကုန်စည်ခွန်နှုန်းထားတို့ကို နှစ်စဉ် တဖြည်းဖြည်း လျှော့ချကောက်ခံခဲ့သည်ကို သိရှိလေ့လာနိုင်ရန် အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**အခွန်နှုန်းထားနှိုင်းယှဉ်ချက်ဇယား**

| စဉ် | အခွန်အမျိုးအစား | အခွန်နှုန်း | |
|---|---|---|---|
| | | ယခင် | ယခု |
| (က) | ကုမ္ပဏီဝင်ငွေခွန် | ၃၀% | ၂၅% |
| (ခ) | တစ်ဦးချင်းဝင်ငွေခွန် | ၂% မှ ၃၀% | ၀%၂၅% |
| (ဂ) | ကုန်သွယ်လုပ်ငန်းခွန် | ၀% မှ ၂၅% | ၀% မှ ၅% |
| (ဃ) | ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန် (WT) | | |
| | - **နိုင်ငံသား** | | |
| | (က) အတိုးပေးငွေ | - | - |
| | (ခ) ခိုင်ကြေး | ၁၅% | ၁၀% |
| | (ဂ) ငွေပေးချေမှု | ၃% | ၂% |
| | - **နိုင်ငံခြားသား** | | |
| | (က) အတိုးပေးငွေ | ၁၅% | ၁၀% |
| | (ခ) ခိုင်ကြေး | ၂၀% | ၁၅% |
| | (ဂ) ငွေပေးချေမှု | ၃.၅% | ၂.၅% |
| (င) | တံဆိပ်ခေါင်းခွန် | | |
| | (က) ပစ္စည်းလွှဲပြောင်းခြင်းစာချုပ် | ၃% | ၂% |
| | (ခ) အစုရှယ်ယာလွှဲပြောင်းခြင်းစာချုပ် | ၀.၃% | ၀.၁% |
| | (ဂ) ခံဝန်ချုပ် | ၁.၅% | ၀.၅% |
| (စ) | အထူးကုန်စည်ခွန် | ၈% မှ ၁၀၀% | ၅% မှ ၈၀% |
| (ဆ) | ပို့ကုန် | ၈% | ၀%(အထူးကုန်စည် ၅ မျိုးမှအပ) |

၃။ အာဆီယံနိုင်ငံများတွင် ကောက်ခံလျက်ရှိသော သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှုန်းထားများကိုလည်း အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**သွယ်ဝိုက်ခွန် အခွန်နှုန်းထားများကိုအခြားနိုင်ငံများနှင့် နှိုင်းယှဉ်ချက်ဇယား**

| စဉ် | နိုင်ငံအမည် | သွယ်ဝိုက်ခွန် |
|---|---|---|
| (က) | ကမ္ဘောဒီးယား | ၁၀ |
| (ခ) | အင်ဒိုနီးရှား | ၁၀ |
| (ဂ) | မလေးရှား | ၆ |
| (ဃ) | မြန်မာ | ၅ |
| (င) | ဖိလစ်ပိုင် | ၁၂ |
| (စ) | စင်ကာပူ | ၇ |
| (ဆ) | ထိုင်း | ၇ |
| (ဇ) | ဗီယက်နမ် | ၁၀ |

**ပြည်တွင်းအခွန်များဦးစီးဌာန**



## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(ဘားအံ)
## (၁၄)ကြိမ်မြောက် B.Tech ဘွဲ့အတွက်
## ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(ဘားအံ)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ်(ဘားအံ)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း** - ၃-၂-၂၀၁၈ (စနေနေ့) နံနက် ၉နာရီ

**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၄-၂-၂၀၁၈(တနင်္ဂနွေနေ့)နံနက် ၉နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲ အောင်မြင်သူများတက်ရောက်ယူနိုင်သည်။ ၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်။

(က) **တက်ရောက်ဘွဲ့** - B.Tech ဘွဲ့အတွက် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

(ခ) **အဝေးရောက်ဘွဲ့** - B.Tech ဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော(တစ်လက်မခွဲ×နှစ်လက်မ) အရွယ်ဓာတ်ပုံ ငါးပုံ(ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်း ရိုက်ကူးခြင်း မပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်ပါသည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို နည်းပညာတက္ကသိုလ်(ဘားအံ)ရှိ ကျောင်းသားရေးရာဌာနတွင် ၂၉-၁၂-၂၀၁၇ ရက်မှ စတင်ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၉-၁-၂၀၁၈ရက် (သောကြာနေ့) နောက်ဆုံးထား လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်) အဝေးရောက်ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်ထားတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်။** ။ အသေးစိတ်အချက်အလက်ကို စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(ဘားအံ) ကျောင်းသားရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၉-၃၁၈၇၇၃၁၉ နည်းပညာတက္ကသိုလ်(ဘားအံ)



## သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## (၂၄)ကြိမ်မြောက်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် ဒုတိယနှစ်သူနာပြုမဟာသိပ္ပံ (ဘွဲ့လွန်) ၁/၂၀၁၇ သင်တန်းအောင်မြင်ပြီးသူများ၊ ၂၀၁၇ခုနှစ် မတ်လအတွင်း ကျင်းပစစ်ဆေးသည့် အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ (၁/၂၀၁၆)ဘွဲ့လွန်သင်တန်းအောင်မြင်ပြီး သူများ၊ ၂၀၁၇ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် အထူးပြု သူနာပြုဒီပလိုမာ (၉)လ သင်တန်းအောင်မြင်ပြီးသူများ၊ ၂၀၁၇ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် အထူးပြု သူနာပြုဒီပလိုမာ (၉)လ သင်တန်း(နောက်ဆက်တွဲ)အောင်မြင်ပြီးသူများ၊ ၂၀၁၇ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် ဒုတိယနှစ် သူနာပြုသိပ္ပံ(ပေါင်းကူး) ၁/၂၀၁၇ သင်တန်းအောင်မြင်ပြီးသူများ၊ ၂၀၁၇ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် ဒုတိယနှစ် သူနာပြုသိပ္ပံ(ပေါင်းကူး) ၁/၂၀၁၇ သင်တန်း (နောက်ဆက်တွဲ)အောင်မြင်ပြီးသူများ၊ ၂၀၁၇ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် စတုတ္ထနှစ်သူနာပြုသိပ္ပံ(ပုံမှန်) ၁/၂၀၁၇ သင်တန်းအောင်မြင်ပြီး သူများ၊ ၂၀၁၈ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပစစ်ဆေးသည့် စတုတ္ထနှစ်သူနာပြု သိပ္ပံ(ပုံမှန်) ၁/၂၀၁၇ သင်တန်း (နောက်ဆက်တွဲ)အောင်မြင်ပြီးသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ **ကျင်းပမည့်ရက်** - ၁၆-၂-၂၀၁၈ ရက် (သောကြာနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီ
**ကျင်းပမည့်နေရာ** - ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ
**အစမ်းလေ့ကျင့်မည့်ရက်** - ၁၅-၂-၂၀၁၈ ရက် (ကြာသပတေးနေ့)
**အစမ်းလေ့ကျင့်မည့်အချိန်** - နံနက် ၉း၀၀ နာရီ
**လျှောက်လွှာပိတ်မည့်ရက်** - ၃၀-၁-၂၀၁၈ ရက် (အင်္ဂါနေ့)

၃။ ဘွဲ့လျှောက်လွှာပုံစံများကို (၂"×၁ ၁/၂")အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံနှင့်အတူ ဤတက္ကသိုလ်၊ စာမေးပွဲရေးရာဌာနစိတ်တွင် ဖြည့်စွက်လျှောက်ထားနိုင်ပါသည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင် ကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ပေးသွင်းရမည်။

၅။ ဘွဲ့တက်ရောက်ယူမည့် အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ(သို့)အနောက်တိုင်းဝတ်စုံအပြည့် (ဘောင်းဘီရှည်၊ ကုတ်အင်္ကျီ၊ နက်ကတိုင်) နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာထဘီ၊ အင်္ကျီနှင့် တိုင်းရင်းသားဝတ်စုံကိုသာ ဝတ်ဆင်ရပါမည်။

၆။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်လျှောက်လွှာများကို ၈-၂-၂၀၁၈ရက်မှစ၍ ထုတ်ပေးမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဤတက္ကသိုလ် စာမေးပွဲရေးရာဌာနစိတ် ဖုန်း-၀၁-၂၂၂၈၈၃၊ ၂၂၂၈၈၄၊ ၂၂၂၈၈၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမိန့်အရ-**

**(ခင်မြတ်မွန်)**
**မော်ကွန်းထိန်း**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**



SAMSUNG
DAY
January 2018
ဇန်နဝါရီလ (၁) ရက်နေ့မှ (၅) ရက်နေ့အထိ
Samsung Smart Phones နှင့် Tablets
တွေ့ဝယ်ယူပြီး နှစ်သစ်ကို ကြိုဆိုကြရအောင်....
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်
Premium Backpack
Travel Mug
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ဝယ်ယူသူတိုင်းအတွက်
Premium Backpack
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်
Power Bank 10,400 mAh
Ring Stent
samsung myanmar
samsungmyanmar
samsung.com/mm
samsungmembers
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
7AM to 11PM




To our Customers, Distributors and Suppliers
HAPPY
2018
NEW YEAR
GREETINGS FROM SWAN ARR ELECTRONICS FAMILY




WHERE YOU GOING
TWENTY 18
VICTORIA
UNIVERSITY COLLEGE
အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူများ အတွက်(၃)နှစ်အတွင်း
အင်္ဂလန်အစိုးရပိုင် တက္ကသိုလ် University of Wolvehampton မှ
BA (Hons) / BSc (Hons)/ BEng(Hons) ဒီဂရီဘွဲ့ရရှိမည့်
အခွင့်အရေး
ရန်ကုန် နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်မည့် ဇန်နဝါရီ
တန်းခွဲသစ်အတွက် သင်တန်းသားများ စတင်လက်ခံပြီ။
BTEC
WOLVERHAMPTON
www.vucedu.com
Yangon: 01 383132, 383133, 09 259271094
Mandalay: 02 31154, 09 5060720, 09 972282855

# ဇလွန်မြို့နယ် နန်းတော်ဦးစေတီတော်မြတ်ကြီးအား ရွှေထီးတော်၊ စိန်ဖူးတော် အထွတ်တင်လှူဒါန်းပူဇော်ပွဲ ကျင်းပ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား စေတီအထွတ်တွင် တင်လှူပူဇော်စဉ်။ သတင်းစဉ်

**ရန်ကုန် ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာ နန်းတော်ဦး ဘိုးဘွားရိပ်သာ၌ တည်ထားကိုးကွယ်သည့် နန်းတော်ဦး စေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် အထွတ်တင်လှူပူဇော်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ စေတီတော် ပရိဝုဏ်အတွင်း၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်ပူဇော်သည်။

အဆိုပါပူဇော်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### လှည့်လည်ပူဇော်

ရှေးဦးစွာ တက်ရောက်လာသူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ပင့်ဆောင်၍ စေတီတော်မြတ်အား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား စေတီအထွတ်တွင် တင်လှူပူဇော်ကာ အမွှေးနံ့သာရည် ပက်ဖျန်းပူဇော်သည်။

### လက်မှတ်ရေးထိုး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ယမန်နေ့ ညနေပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကာ စေတီတော်ကြီး၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

*စာမျက်နှာ ၅ ကော်လံ ၄* ✻

## KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၂) ယနေ့ ဆက်လက်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ KBZ Bank ၏ အဓိက ပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၂) ကို ဇန်နဝါရီ ၂ ရက် (ယနေ့) စတင်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပွဲစဉ် (၂)အဖြစ် ဇန်နဝါရီ ၂ ရက် (ယနေ့) တွင် အားကစားနှင့် ကာယပညာ ဦးစီးဌာနအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ဇန်နဝါရီ ၃ ရက်တွင် မြဝတီအသင်းနှင့် YREO အသင်း၊

*စာမျက်နှာ ၁၃ ကော်လံ ၁ သို့* ❏

**မြန်မာ ကျောင်းသား ကျောင်းသူများ၏ မလျှော့သော ဇွဲလုံ့လနှင့် စုပေါင်းညီညွတ်မှုစွမ်းပကားကြောင့် အမေရိကန်နိုင်ငံ၌ ကျင်းပသော စက်ရုပ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၆)၊ အာရှအဆင့်(၁) ရပ်တည်နိုင်ခဲ့**

စာ-(၈-၉)

## ယနေ့ပို့ မနက်ဖြန်ရောက် ပြည်တွင်းအမြန်ချောပို့ ဝန်ဆောင်မှုသစ် တိုင်းဒေသကြီး သုံးခုစတင်

**ရန်ကုန် ဇန်နဝါရီ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ယနေ့ပို့ မနက်ဖြန်ရောက် ပြည်တွင်းအမြန်ချောပို့ ဝန်ဆောင်မှုသစ်အား ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဝန်ဆောင်မှုသစ်ဖြင့် စတင်ဝန်ဆောင်မှုပေးပြီဖြစ်ကြောင်း သိရသည်။ (**ယာပုံ**)





ဓာတ်ပုံ - သန်းစိုး

နေပြည်တော်တွင် အစိုးရဌာနအားလုံးနှင့် မြို့မဈေး၊ သပြေကုန်းဈေး၊ မန္တလေးတွင် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊

*စာမျက်နှာ ၅ ကော်လံ ၅* ✻

ဆရာကောင်း (ဆေး - ၂) အဂ်လိပ်စာ (၁) ဒေါက်တာထွန်းထွန်းနိုင်မှ တည်ထောင်သော

**ကောင်းထက်ကျော်**

**တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း**

**စခန်းသွင်းဘော်ဒါ** (၉၊၁၀တန်း) **အဆင့်မြင့်စာသင်ဝိုင်းများ** (၈၊၉၊၁၀တန်း)

စာသင်နှစ်သစ်အတွက် အခိုအစဉ်များအားလုံး အပ်နှံနိုင်ပါပြီ။

တက္ကသိုလ်ဝင်တန်းများအတွက် လူနည်းစုတန်းခွဲများ စီစဉ်ထားသည်။

ကိုယ်ပိုင်ကျောင်း - အမှတ် - ၃၂ (ဘီ)၊ ဗိုလ်ချုပ်ပြတိုက်လမ်း (ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အနီး)၊ ဗိုလ်ရွာ(၁)ရပ်ကွက်၊ ဗဟန်း။
ဖုန်း - ၀၁ ၈၆၀၃၇၀၁၊ ၀၁ ၈၆၀၃၇၀၂၊ ၀၉၄၂၀၇၀၀၀၀၈
စာသင်ဝိုင်း - အမှတ် - ၂၆(အေ)၊ ဒဂုံသီရိလမ်း (သီတာလမ်းနှင့် အောင်မင်္ဂလာလမ်းအနီး) ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၅၂၃၄၈၊
ဘော်ဒါ - အမှတ် - ၁၂၃၀-၃၁၊ နေမျိုးသူရလမ်း၊ (မဟာသန္တိသုခဘုန်းကြီးကျောင်းအနီး)၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၇၈၃၂၅





၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို Novotel Hotel,Yangon တွင်ကျင်းပခဲ့ရာ

- တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင် (၇) ဦး၊ ၅ ဘာသာဂုဏ်ထူးရှင် (၁၄) ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် (၃၇) ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် (၃၃) ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် (၃၅) ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် (၃၉) ဦး စုစုပေါင်းဂုဏ်ထူးရှင် (၁၆၅) ဦး **အတန်းတွင်း ဆုရှင် (၈၁) ဦး၊ ဗီယက်နမ် ဖိတ်ခေါ်ရွက်လှေပြိုင်ပွဲ ဆုရှင် (၁) ဦး**
  ဆုအရေအတွက် စုစုပေါင်း (၂၄၇) ဆု ကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။
  ဘာသာစုံဂုဏ်ထူးရှင်များအား နောက်ဆုံးပေါ် i phone handset များချီးမြှင့်ခဲ့ပါသည်။
- ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်၏ သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် တက္ကသိုလ်ဝင်တန်း အောင်ချက်တွင် ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်း များ အားလုံးအနက် အောင်ချက်၉၀.၉၅% ဖြင့် အောင်ချက် ဒုတိယအကောင်းဆုံး ရရှိခဲ့ပါသည်။
  ဖြေဆိုသူဦးရေ ရာကျော်ရှိသည့်ကျောင်းများအနက် ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်းသည် အောင်ချက်အကောင်းဆုံး

KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by EUROMONEY 2017